# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၁၃)ရက် ၊ စနေနေ့ ၊ (24-5-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၂၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

## တပ်မတော်အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အမာခံအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော်　မေ　၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

### နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို

စာမျက်နှာ ၁၆ ကော်လံ ၁




ရတနာပုံ
၂၀၂၅ ခုနှစ် မေ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# အနာဂတ်ကိုပုံဖော်ထုဆစ်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များ

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးမှာ လူငယ်ကဏ္ဍပင်ဖြစ်သည်။ လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်များကို လွှဲပြောင်းတာဝန်ယူကြရမည့်သူများဖြစ်ပြီး အနာဂတ်ကမ္ဘာကို ပုံဖော်ထုဆစ်ကြမည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ ထိုသို့ လူငယ်များသည် ငယ်စဉ်ကတည်းက အသိမှန်များ၊ အတွေးမှန်များ ရှိကြရန်လိုအပ်သည်။ လူငယ်များအနေဖြင့် အသိမှန်၊ အတွေးမှန်များရရှိစေရန် လူ့စိတ်ကိုနူးညံ့စေသည့် ရသစာပေများ၊ အတွေးအခေါ် ဗဟုသုတမြင့်မားစေသည့် သုတစာပေများကို ဖတ်ရှုလေ့လာပြီး မိမိတို့၏ဘဝအစဉ်တိုးတက်နေစေရေး ကြိုးပမ်းသွားကြရန်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် အနာဂတ်သားကောင်းရတနာများဖြစ်အောင် ကြိုးပမ်းသွားကြရန် လိုအပ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉) ရပ်တွင် လူမှုရေးကဏ္ဍ၌ လူငယ်များနှင့် ပတ်သက်ပြီး **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**ဟူ၍ ပြဋ္ဌာန်းထားကာ လူငယ်များအပေါ် အလေးထားမှုကို ဦးတည်ချက်တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာပြည့်ဝ နှလုံးလှသည့် လူငယ်များ၏ဘဝသည် နိုင်ငံ့အတွက် အင်အားတစ်ရပ်ဖြစ်သည့်အတွက် တပ်မတော်အနေဖြင့် အနာဂတ်လူငယ်မောင်မယ်များ နိုင်ငံချစ်စိတ်၊ နိုင်ငံကို ကာကွယ်လိုစိတ်၊ ဇာတိသွေး ဇာတိမာန် မျိုးချစ်စိတ်တို့ ထက်သန်စေရန် နွေရာသီကျောင်းပိတ်ရက်ရှည်ကာလတွင် ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်သင်တန်းများကို အကျိုးရှိစွာဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေ ၂၂ရက် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း (၁/၂၀၂၅) မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများကို တွေ့ဆုံအမှာစကားပြောကြားစဉ်တွင် **"နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များ မွေးမြူနေချိန်တွင် သင်ယူခဲ့သည့်ပညာရပ်များ၏ အခြေခံသဘောတရားများမှ စူးစမ်းလေ့လာမှုများပြုလုပ်ပြီး တိုးတက်အောင်မြင်အောင် ထပ်မံကြိုးစားသွားကြရန်၊ မှန်ကန်သည့် အသိအမြင်များရရှိစေရန် စာကောင်းပေမွန်များကို ဖတ်ရှုပြီး မိဘဆရာသမားများ၏ အဆုံးအမများအတိုင်း လိုက်နာနေထိုင်သွားကြရန် "ပညာရွှေအိုး လူမခိုး"ဆိုသည့်အတိုင်း ပြောင်းလဲတိုးတက်နေသည့် ပညာခေတ်တွင် ပညာကို တစိုက်မတ်မတ် ရှာဖွေရင်း တစ်ဖက်တွင်လည်း မိမိတို့၏ ကျန်းမာရေးအတွက် ဂရုပြုဆင်ခြင်နေထိုင်သွားကြရန်၊ အမိတိုင်းပြည်အပေါ် သစ္စာစောင့်သိရိုသေပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် မျိုးဆက်သစ်မောင်မယ်များဖြစ်အောင် ကြိုးပမ်းသွားကြရန်"**တို့ကို ထည့်သွင်းပြောကြားခဲ့သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းမှုရှိပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အစိုးရသည် လူငယ်များကို အထူးအလေးထားကာ လူငယ်များ၏ အနာဂတ်ကောင်းများကို ဖန်တီးတည်ဆောက်ပေးလျက်ရှိသကဲ့သို့ လူငယ်များအနေဖြင့်လည်း ပညာသင်ယူခြင်းနှင့်အတူ ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရန်၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်စေရန်နှင့် နိုင်ငံတော်က အားကိုးအားထားပြုရသည့် အနာဂတ်သားကောင်းရတနာများဖြစ်လာစေရန် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော အဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်းနှင့် ငလျင်ဒဏ်ခံအဆောက်အအုံများဆောက်လုပ်ခြင်း နည်းပညာပိုင်းဆိုင်ရာဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



**မန္တလေး မေ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော အဆောက်အအုံများ၊ ပြုပြင်တည်ဆောက်ခြင်းနှင့် ငလျင်ဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ခြင်း နည်းပညာပိုင်းဆိုင်ရာဆွေးနွေးပွဲကို မေ ၂၂ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (မန္တလေး)တို့မှ အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မန္တလေးငလျင်ကြီးကြောင့် တိုင်းဒေသကြီးအတွင်း ထိခိုက်ပျက်စီးသေဆုံးမှုများရှိပြီး ယခုအခါ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးအတွက် လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ဆောက်လုပ်ရေးအပိုင်းတွင် အင်ဂျင်နီယာဆိုင်ရာ စံချိန်စံညွှန်းများအတိုင်းလိုက်နာဆောင်ရွက်ရန် အထူးအရေးကြီးကြောင်း၊ ယခုလို နည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် ငလျင်ဒဏ်ခံ အဆောက်အအုံများ ဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၌ များစွာအထောက်အကူပြုမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် New Starlight Group Co.ltd မှ ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက နည်းပညာဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ငလျင်ဒဏ်ခံ အဆောက်အအုံများ ဆောက်လုပ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းကျင်ပညာရှင် Mr. Prof. DAI Junwu က ကူမင်းမြို့ရှိ Quake Safe နည်းပညာကုမ္ပဏီမှ ထုတ်လုပ်သော ငလျင်ပြင်းအားလျှော့ချရေး ကြားခံပစ္စည်းနှင့် ပတ် သက်၍လည်းကောင်း၊ Powerpoint ဖြင့် ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပညာရှင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများမှ အင်ဂျင်နီယာများက အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကဏန်းပျော့ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ကဏန်းပျော့ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက် ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး မတ်လအတွင်းက ကဏန်းပျော့ ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ကဏန်းပျော့ ပိဿာချိန် ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်ကထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်မှာကိုအရောင်းအဝယ်ကောင်းလာတာပါ။ ကဏန်းပျော့တွေ တင်ပို့မှုများလာတော့ ကဏန်းပျော့လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေပါတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ကဏန်းပျော့တွေ ပြည်ပနိုင်ငံတွေကို ပြန်လည် တင်ပို့လာတာကြောင့် အဝယ်လိုက်လာတာပါ။ ဒီဘက်ဒေသမှာ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို အခုလိုရာသီမှာ အများဆုံး မွေးမြူကြပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုခိုင်က ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့နေသည့် ကဏန်းပျော့တစ်ပိဿာလျှင် အရွယ်အစားအလိုက် ငွေကျပ် ၁၇၅၀၀ မှ ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲကေ ၃၀၀၀ ကျော် စိုက်ပျိုးမည်

**မြောင် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲကေ ၃၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် မတ်ပဲ ၃၀၅၇ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မတ်ပဲကေ၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ မတ်ပဲ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ မတ်ပဲစိုက်ပျိုးချိန်မှာလဲလိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှား ရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်သွားမှာပါ"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ခတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးသင်တန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်၍ မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ဝါးခွကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**မလှိုင် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ဝါးခွကျေးရွာအုပ်စု ဝါးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၁ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝါးခွကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၅ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ငွေကျပ် ၃၁ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့ စစ်ကိုင်းစုရပ်နေ ဦးညွန့်မောင်-ဒေါ်မြင့်မြင့်အေး မိသားစုက ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၅၃၁၁၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၅၃၁၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၅၃၁၁၀ စိုက်ပျိုးရန်လျာထားပြီး ဇွန်လ ပထမပတ်တွင် စတင်စိုက်ပျိုး သွားမည်ဖြစ်ကြောင်း၊ ယခုလက်ရှိ နှမ်းစိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက် လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ဘုတလင်မြို့နယ်မှာ နှမ်းဧက ၅၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက် ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် မိုးနှမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ် ပတ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျိုက်လတ် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်းတာကျေးရွာအုပ်စု ပတ်တန်းကျေးရွာတွင် (၁၁)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မေ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ စီမံကိန်းကော်မတီဥက္ကဋ္ဌနေအိမ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပတ်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုလှိုင်**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဒေသထွက်ဖူးစားပြောင်း အဖူးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ဖူးစားပြောင်း အဖူးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ဒေသထွက် ဖူးစားပြောင်း အဖူးရေ ၁၂၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ဖူးစားပြောင်းအဖူးရေ ၁၉၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဧပြီလအတွင်းက ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်းအဖူးရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ကျုံပျော်မြို့နယ်ကနေ ဒေသထွက် ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ် ကောင်းခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေများများ တင်ပို့ရောင်းချနေရတော့ ပြောင်းစိုက်ပျိုးသူတွေ၊ ပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အခွင့်အလမ်းတွေ ကောင်းလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေကလဲ အရည်အသွေး ကောင်းပါတယ်''ဟု ကျုံပျော်မြို့နယ် မြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ် ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများအား ဝယ်ယူပြီး ကုန်တင်ကားများဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းကြောင်း၊ အဆိုပါ ဖူးစားပြောင်း အဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀ မှ ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျုံပျော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်ကြည်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



ဒေါက်တာလပြည့်ခင်

# အာဒါလွတ်ဥတွင်ပါဝင်သည့် အာဟာရနှင့် ဆေးဖက်ဝင်အာနိသင်များ



အာဒါလွတ်ဥသည် အပူပိုင်းဒေသတွင် စိုက်ပျိုးပေါက်ရောက်သည့် အာဒါလွတ်ပင်များမှထွက်သော သစ်ဥသစ်ဖုဖြစ်သည်။ အာဒါလွတ်ပင်သည် နှစ်ရှည်ခံ ပင်ပျော့မျိုးဖြစ်သည်။ အာဒါလွတ်ဥတွင် အစာကြေလွယ်သော ကစီဓာတ်ပါဝင်သဖြင့် ၎င်းကို ကလေးနှင့် နာမကျန်းဖြစ်နေသူများအတွက် အစားအစာအဖြစ် အသုံးပြုလေ့ရှိကြသည်။

**အာတာလွတ်ဥတွင်ပါဝင်သော အာဟာရဓာတ်များ**

အာဒါလွတ်ဥတွင် အမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ သံဓာတ်နှင့် ဖောလစ်အက်စစ်တို့ပါဝင်သည့်အပြင် ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင်ဘီအုပ်စုကဲ့သို့ အာဟာရဓာတ်များ အများအပြားပါဝင်ပြီး ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ ဖော့စဖရတ်ကဲ့သို့ သတ္တုဓာတ်များကြွယ်ဝစွာပါဝင်သည်။ အာဒါလွတ်ဥတွင် အာဟာရဓာတ်များနှင့် သတ္တုဓာတ်များလည်းပါဝင်သည့်အတွက် အစာခြေစနစ်ကိုကောင်းမွန်စေခြင်း၊ အရိုးကိုသန်မာစေခြင်း၊ သွေးလည်ပတ်မှုနှင့် နှလုံးကျန်းမာရေးကိုကောင်းမွန်စေခြင်း စသည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ကြောင်း သိရသည်။ အာဒါလွတ်ဥ ၁၀၀ ဂရမ်တွင် ကာဗိုဟိုက်ဒရိတ် ၁၃ ဂရမ်၊ ပရိုတင်း ၄ ဒသမ ၂ ဂရမ်၊ အဆီ သုည ဒသမ ၂ ဂရမ်၊ ဆိုဒီယမ် ၂၆ ဂရမ်၊ ပိုတက်စီယမ် ၄၅၄ ဂရမ် ပါဝင်သည်။

**နှစ်ခြိုက်စွာအိပ်ပျော်စေခြင်း**

အာဒါလွတ်ဥသည် မဂ္ဂနီဆီယမ်ပါဝင်မှုမြင့်မားသောကြောင့် နှစ်ခြိုက်စွာအိပ်မပျော်သူများအနေဖြင့် အာဒါလွတ်ဥကိုစားသုံးပေးခြင်းဖြင့် အိပ်မပျော်မှုပြဿနာကို ဖြေရှင်းပေးနိုင်သည်။

**အစာခြေစနစ်ကို ကောင်းမွန်စေခြင်း**

ခန္ဓာကိုယ်၏အစာခြေစနစ်တွင် အမျှင်ဓာတ်က အရေးပါဆုံးထဲတွင်ပါဝင်သည်။ အမျှင်ဓာတ်က အူလမ်းကြောင်းအတွင်း၌ အစားအစာရွေ့လျားမှုကို ကောင်းမွန်စေပြီး အာဟာရဓာတ်များစုပ်ယူနိုင်အောင် နှိုးဆွပေးကာ ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်းတို့ကိုပျောက်ကင်းစေပြီး သွေးတွင်းသကြားဓာတ်ကိုလည်း ထိန်းညှိပေးသည်။ အဆိုပါအမျှင်ဓာတ်ကြောင့် ပိုလျှံနေသော ကိုလက်စထရောများကို ရှင်းလင်းပေးပြီး နှလုံးသွေးကြောကျန်းမာရေးကို ကောင်းမွန်စေသည်။ အာဒါလွတ်ဥတွင် အမျှင်ဓာတ်များကြွယ်ဝစွာပါဝင်သောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေသည့်အပြင် ဝမ်းချုပ်ခြင်းနှင့် ဝမ်းလျှောခြင်းများကိုလည်း ကာကွယ်ပေးပြီး သွေးတွင်းသကြားဓာတ်ကိုလည်း ထိန်းထားပေးနိုင်သည်။

**အစာအိမ်ရောဂါကိုကာကွယ်ပေးခြင်း**

အာဒါလွတ်ဥတွင် Gluten ဓာတ် မပါဝင်သောကြောင့်အစာအိမ်နာခြင်း၊ အစာအိမ်နှင့်အူလမ်းကြောင်း မအီမသာဖြစ်ခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။

**နှလုံးကျန်းမာရေးကို ကောင်းမွန်စေခြင်း**

အာဒါလွတ်ဥတွင် ပိုတက်စီယမ်ပါဝင်မှုပမာဏများသောကြောင့် နှလုံးနှင့်ပတ်သက်သည့် ရောဂါဝေဒနာများရန်မှအကာအကွယ်ဖြစ်စေသည်။ ပိုတက်စီယမ်က နှလုံးသွေးလွှတ်ကြောများနှင့် သွေးပြန်ကြောများကို ပြေလျော့စေပြီး သွေးဖိအားကိုကျစေသဖြင့် နှလုံးရောဂါနှင့် လေဖြတ်ခြင်းအန္တရာယ်ကို လျော့နည်းစေသည်။ အာဒါလွတ်ဥတွင် ပိုတက်စီယမ်နှင့် ဆိုဒီယမ်ပါဝင်မှုများသောကြောင့် သွေးအားကို ထိန်းညှိပေးနိုင်သဖြင့် သွေးတိုးရောဂါရှိသူများ မဖြစ်မနေစားသုံးပေးသင့်သည့် အစားအစာဖြစ်သည်။ အာဒါလွတ်ဥထဲတွင်ပါဝင်သည့် ဖောလိတ်ဓာတ်သည် နှလုံးရောဂါဖြစ်စေသည့် Homocysteine ဓာတ်ကို လျှော့ချပေးသည်။ မဂ္ဂနီဆီယမ်ပါဝင်မှုမြင့်မားပြီး သတ္တုဓာတ်ကြွယ်ဝသောကြောင့် သွေးလည်ပတ်မှုအားကောင်းစေသည်။ အာဒါလွတ်ဥတွင် ဗီတာမင်ဘီအုပ်စုကြွယ်ဝစွာပါဝင်ပြီး ကောင်းမွန်သည့် ကိုလက်စထရောများပါဝင်သောကြောင့် နှလုံးသွေးကြောနှင့်ပတ်သက်သည့်ရောဂါများကို ကာကွယ်ပေးသည်။ သွေးအားနည်းရောဂါအပြင် မူးမော်ခြင်းမဖြစ်ပွားအောင်လည်း ကာကွယ်ပေးသည်။

**ဉာဏ်ရည်ထက်မြက်စေခြင်း**

အာဒါလွတ်ဥထဲတွင်ပါဝင်သည့် သံဓာတ်သည် သွေးလည်ပတ်မှုအားကောင်းစေသဖြင့် ဦးနှောက်အတွင်းသို့ အောက်ဆီဂျင်လုံလောက်စွာရောက်ရှိစေသည့်အတွက် ဉာဏ်ရည်ကောင်းမွန်စေသည့်အပြင် သတိမေ့ရောဂါမဖြစ်ပွားအောင်လည်း ကာကွယ်ပေးနိုင်စွမ်းရှိသည်။

**အရိုးကိုသန်မာစေခြင်း**

အာဒါလွတ်ဥတွင် ပရိုတင်းဓာတ်နှင့်သံဓာတ်များ ကြွယ်ဝစွာပါဝင်သောကြောင့် အရိုးများကိုလည်း သန်မာစေနိုင်သည်။

**သွေးလည်ပတ်မှုကို ကောင်းမွန်စေခြင်း**

အာဒါလွတ်ဥတွင် ကြေးနီဓာတ်နှင့် သံဓာတ်ပါဝင်သောကြောင့် သွေးနီဆဲလ်များကို တိုးပွားစေပြီး ပင်ပန်းနွမ်းနယ်ခြင်း၊ အားနည်းခြင်းတို့မှ ကာကွယ်ပေးနိုင်သည်။ အဆိုပါဓာတ်များပါဝင်မှုကြောင့် အာဒါလွတ်ဥကို စားသုံးပေးခြင်းဖြင့် သွေးလည်ပတ်မှုကို ကောင်းမွန်စေကာ ခန္ဓာကိုယ်ကျန်းမာရေးအတွက် အထူးကောင်းမွန်သည်။

**သန္ဓေသားအတွက်အကျိုးပြုခြင်း**

အာဒါလွတ်ဥတွင် ဖောလိတ်ဓာတ်ပါဝင်မှုများသဖြင့် ကိုယ်ဝန်ဆောင်မိခင်များ စားသုံးပေးပါက မွေးဖွားလာမည့်ကလေးတွင် ချို့ယွင်းချက်ပါလာနိုင်ခြေနည်းပါးစေနိုင်သည်။ ဖောလိတ်ဓာတ်က ဒီအင်န်အေဖြစ်တည်မှုနှင့် ဆဲလ်ကျန်းမာရေးများအတွက် အရေးပါသောဓာတ်ဖြစ်ပြီး သန္ဓေသားဖွံ့ဖြိုးမှုကိုလည်း မြှင့်တင်ပေးနိုင်သည်။

**ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုကို အားပေးခြင်း**

အသားမှရသော ပရိုတင်းများထက် အသီးအနှံနှင့် သစ်ဥသစ်ဖုမှရသော ပရိုတင်းကို ခန္ဓာကိုယ်က စုပ်ယူချက်လုပ်ရာတွင် ပိုမိုလွယ်ကူသောကြောင့် ပရိုတင်းအသင့်အတင့်ပါဝင်သော အာဒါလွတ်ဥကို စားသုံးပေးခြင်းဖြင့် ကျန်းမာသည့်ခန္ဓာကိုယ်ဖွံ့ဖြိုးမှုကို ရရှိနိုင်မည်ဖြစ်သည်။

**ကိုယ်အလေးချိန်ကျစေခြင်း**

အာလူး၊ ပီလောပီနံတို့ကဲ့သို့ အခြားဥများထက် ကယ်လိုရီပါဝင်မှု ပိုမိုနည်းပါးသည့် အာဒါလွတ်ဥက diet လုပ်သည့်နေရာတွင် ပိုမိုသင့်တော်သည်။ အာဟာရဓာတ်များနှင့် အမျှင်ဓာတ်ပါသည့် အာဒါလွတ်ဥကိုတွဲဖက်စားသုံးလျှင် ဝိတ်ချအစားလျှော့သည့် အစီအစဉ်မှာ ပိုမိုအကျိုးထူးနိုင်သည်။ အာဒါလွတ်ဥကို အဆာပြေအနေနှင့်လည်း စားသုံးနိုင်သည်။

**❖အာဒါလွတ်ဥတွင် အမျှင်ဓာတ်၊ ပရိုတင်းဓာတ်၊ သံဓာတ်နှင့် ဖောလစ်အက်စစ်တို့ပါဝင်သည့်အပြင် ကာဗိုဟိုက်ဒရိတ်၊ ဗီတာမင်ဘီအုပ်စုကဲ့သို့ အာဟာရဓာတ်များ အများအပြားပါဝင်ပြီး ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနီဆီယမ်၊ ဆိုဒီယမ်၊ ဖော့စဖရတ်ကဲ့သို့ သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ အာဒါလွတ်ဥတွင် အာဟာရဓာတ်များနှင့် သတ္တုဓာတ်များလည်းပါဝင်သည့်အတွက် အစာခြေစနစ်ကိုကောင်းမွန်စေခြင်း၊ အရိုးကိုသန်မာစေခြင်း၊ သွေးလည်ပတ်မှုနှင့် နှလုံးကျန်းမာရေးကိုကောင်းမွန်စေခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ကြောင်း သိရသည်။ ❖**

**ဆီးလမ်းကြောင်းပိုးဝင်မှုကို ကာကွယ်ခြင်း**

အာဒါလွတ်ဥ၏ ဆေးဖက်ဝင်အာနိသင်ကြောင့် ဆီးအိမ်ပိုးဝင်ခြင်းနှင့် ဆီးလမ်းကြောင်းပိုးဝင်ခြင်းတို့ကိုလည်း ကုသပေးနိုင်သည်။ ဆီးလမ်းကြောင်းပိုးဝင်ခြင်း မကြာခဏဖြစ်တတ်သည့် အမျိုးသမီးများအနေဖြင့် အာဒါလွတ်ဥကို ပုံမှန်စားသုံးပေးသင့်သည်။

**ကိုယ်ခံအားမြင့်မားစေခြင်း**

အာဒါလွတ်ဥတွင်ပါဝင်သည့် သတ္တုဓာတ်များက အားနည်းခြင်း၊ နွမ်းနယ်ခြင်းနှင့် ဦးနှောက်ဉာဏ်ရည်ဆိုင်ရာပြဿနာများကို တွန်းလှန်ရာတွင် အများဆုံး အကျိုးပြုသည်။ ကိုယ်တွင်းအင်္ဂါစနစ်များအတွင်း အောက်ဆီဂျင်ပေးပို့မှု ပိုမိုကောင်းမွန်စေပြီး ခွန်အားလည်း မြင့်တက်စေသည်။

**ဇီဝကမ္မဖြစ်စဉ်ကို ပိုကောင်းစေခြင်း**

အာဒါလွတ်ဥတွင် ဗီတာမင်ဘီပါဝင်မှုမြင့်မားသည့်အတွက် အင်ဇိုင်းနှင့် ဇီဝကမ္မဖြစ်စဉ်အတွက် အရေးပါသည်။ ဗီတာမင်ဘီအုပ်စုသည် ဟော်မုန်းများမှအစ နှလုံးခုန်နှုန်းထိ ခန္ဓာကိုယ်အနှံ့ လုပ်ဆောင်ချက်ဖြစ်စဉ်များကို ထိန်းညှိရာတွင် အရေးပါသည်။ ကယ်လ်စီယမ်ကြွယ်ဝမှုကြောင့်လည်း ခန္ဓာကိုယ်ထဲမှ အယ်ကာလိုင်းအက်စစ်ထိန်းညှိမှုအတွက် အရေးပါသည်။

**ကျောက်ကပ်အားကောင်းစေခြင်း**

အာဒါလွတ်ဥတွင် ပိုတက်ဆီယမ်ဓာတ် ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ကျောက်ကပ်ကိုသန့်စင်ပေးပြီး ကျောက်ကပ်အတွင်းရှိ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။

**သတိပြုရန်အချက်များ**

အာဒါလွတ်ဥကို ချောကလက်၊ နို့အေးချောင်း (ရေခဲချောင်း)၊ ဝေ့သီးတို့နှင့် တွဲဖက်မစားသုံးသင့်ပေ။ ဂေါက်ရောဂါရှိသူများစားသုံးပါက ခြေဆစ်လက်ဆစ်များ နာတတ်သည်။

အချုပ်အားဖြင့် အာဒါလွတ်ဥတွင် ပရိုတင်းဓာတ်၊ သံဓာတ်နှင့် ဖောလစ်အက်စစ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရတ်တို့ပါဝင်သည့်အပြင် အခြားဗီတာမင်များနှင့် သတ္တုဓာတ်များလည်း ပါဝင်သည့်အတွက် အစာခြေစနစ်ကောင်းမွန်စေခြင်း၊ အစာအိမ်ရောဂါဖြစ်ပွားမှုမှ ကာကွယ်ပေးခြင်း၊ အရိုးကိုသန်မာစေခြင်း၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှုအတွက် ကူညီပေးခြင်း၊ သွေးအားနည်းခြင်းကိုကာကွယ်ပေးပြီး သွေးလှည့်ပတ်မှုကောင်းမွန်စေခြင်း၊ နှလုံးကျန်းမာရေး ကောင်းမွန်စေခြင်း၊ ဆီးချိုရောဂါအတွက် အထောက်အကူပြုခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် သန္ဓေသားဖွံ့ဖြိုးစေခြင်းတို့အပြင် ဗီတာမင်ဘီအုပ်စုကြွယ်ဝစွာပါဝင်သောကြောင့် ခန္ဓာကိုယ်တစ်ခုလုံး၏ လုပ်ငန်းလုပ်ဆောင်ချက်များကို ကောင်းမွန်အောင် ထိန်းချုပ်ပေးနိုင်ခြင်း စသည့်ကျန်းမာရေးအကျိုးအာနိသင်များကို ပေးစွမ်းနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၃၀၂၀ စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

မုံရွာ မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၃၀၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၄၃၀၂၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုလက်ရှိ နှမ်းသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာမြေများ ထွန်ယက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်းဧက ၄၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီလထဲမှာ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နှမ်းသီးနှံများကို အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ လျာထားဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေး၊ လိုအပ်သည့်သွင်းအားစုများ ရရှိစေရေး၊ သဘာဝဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများပြုလုပ်သုံးစွဲတတ်စေရေးတို့အတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## ကဝမြို့နယ် ဘိုတဲကျေးရွာ၌ မြေသားရေကန်ခြံစည်းရိုးကာရံခြင်းပြီးစီးမှု စစ်ဆေး

ကဝ မေ ၂၃

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ဘိုတဲကျေးရွာ၌ မြေသားရေကန် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မေ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘိုတဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်ထားသော မြေသားရေကန် ခြံစည်းရိုးကာရံခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများကို လုပ်ငန်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဘိုတဲကျေးရွာတွင် အရှည် ၁၁၉၄ ပေရှိ မြေသားရေကန် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၀ သန်းဖြင့် ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အေးမြတ်**



## အနာဂတ်လှပဖို့ ကျောင်းအပ်နှံကြစို့

- အနာဂတ်တွင် စာပေသင်
  ကျောင်းအပ်နှံဖို့ပင်၊
  လိမ္မာယဉ်ကျေး လူတော်လေး
  ဖြစ်ရမည်မနေး။

- မိမိရင်သွေး ကျောင်းထားမှာ
  မိဘတာဝန်ပါ၊
  အတန်းပညာ အမွေပေး
  တိုးတက်ကြီးပွားရေး။

- မြော်မြင်ကြံတွေး ဆောင်ရွက်ပါ
  ပြည့်ဝမြတ်ပညာ၊
  မိဘဆရာ ညီညာပေါင်း
  ကလေးပညာကောင်း။

- ညီညာစုပေါင်း ဆောင်ရွက်လျှင်
  တိုးတက်ရမည်ပင်၊
  အသိအမြင် လွန်ပြည့်ဝ
  မြန်မာ့သားကောင်းလှ။

- ရှင်လန်းတက်ကြွ သည်အရွယ်
  စိတ်ထားဖြူစင်ကြယ်၊
  လောကအလယ် လှဂုဏ်တင့်
  ပညာဉာဏ်ရည်မြင့်။

- ပန်းတွေဖူးပွင့် လှရောင်စုံ
  ကျောင်း၏အလှဂုဏ်၊
  ရနံ့သင်းထုံ ပညာများ
  တတ်မြောက်ပါစေသား။

- ကျောင်းနေရွယ်များ ကျောင်းအပ်ပါ
  နှစ်တိုင်းအစဉ်လာ၊
  နောင်တစ်ခေတ်မှာ လွန်အားထား
  ခေါင်းဆောင်ဖြစ်စေသား။

- ထူးထူးခြားခြား တိုးတက်မည်
  ပညာမြတ်ဂုဏ်ရည်၊
  တွေးဆကြံစည် ရှက်ဆောင်လို့
  ဖွံ့ဖြိုးတိုးတက်ဖို့
  ကျောင်းအပ်နှံကြစို့။ ။

အာကာမောင်မောင်

# SCIENCE AND TECHNOLOGY

## စတားဖစ်ရှ်စပေ့စ် အာကာသနည်းပညာကုမ္ပဏီက ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ပထမဆုံးဂြိုဟ်တုနှစ်စင်း ချိတ်ဆက်မှုကိုစမ်းသပ်ရန် စီစဉ်ထား



**ဝါရှင်တန် မေ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် စတားဖစ်ရှ်စပေ့စ်အမည်ရှိ အာကာသ နည်းပညာကုမ္ပဏီသည် ကမ္ဘာပတ်လမ်း အနိမ့်ပိုင်း၌ ပထမဆုံးဂြိုဟ်တုနှစ်စင်း ချိတ်ဆက်မှုကို စမ်းသပ်ရန် စီစဉ်ထားကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

အဆိုပါမစ်ရှင်အတွက် စတားဖစ်ရှ်စပေ့စ် အာကာသနည်းပညာကုမ္ပဏီသည် အော့တာ အမည်ရှိ ဂြိုဟ်တုကို Space-X ကုမ္ပဏီ၏ Transporter-14 မစ်ရှင်ဖြင့် ယခုနှစ် ဇွန်လအတွင်း လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

အစီအစဉ်အတိုင်း ဖြစ်မြောက်ခဲ့ပါက အော့တာဂြိုဟ်တုသည် ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ ဒုတိယမြောက် ဂြိုဟ်တုတစ်စင်းနှင့် ချိတ်ဆက်ရန် ကြိုးစားမည်ဖြစ်ကြောင်း စတားဖစ်ရှ်စပေ့စ် အာကာသနည်းပညာကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ရှေးယခင်က ပုဂ္ဂလိကဂြိုဟ်တုများသည် ကမ္ဘာကို လှည့်ပတ်ပျံသန်းရင်း ချိတ်ဆက်ခဲ့ဖူးသော်လည်း ၎င်းချိတ်ဆက်မှုများကို ကမ္ဘာပတ်လမ်း အမြင့်ပိုင်းတွင်သာ ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

စတားဖစ်ရှ်စပေ့စ် အာကာသနည်းပညာကုမ္ပဏီ၏ အော့တာဂြိုဟ်တုက ကမ္ဘာပတ်လမ်းအနိမ့်ပိုင်း၌ စမ်းသပ်ချိတ်ဆက်မည့် ဂြိုဟ်တုမှာ အီတလီအခြေစိုက် D-Orbit အမည်ရှိ ကုမ္ပဏီကလွှတ်တင်မည့် ဂြိုဟ်တုဖြစ်သည်။

D-Orbit ကုမ္ပဏီသည်လည်း ION ဟူ၍ အမည်ပေးထားသည့် ၎င်းဂြိုဟ်တုကို Space-X ကုမ္ပဏီ၏ Transporter-4 အမည်ရှိ မစ်ရှင်ဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## နေအဖွဲ့အစည်းစတင်ပေါ်ထွက်ခါစကာလက ကြာသပတေးဂြိုဟ်၏ အရွယ်အစားမှာ လက်ရှိအရွယ်အစားထက် နှစ်ဆပိုကြီးမား

**ဝါရှင်တန် မေ ၂၃**

နေအဖွဲ့အစည်း စတင်ပေါ်ထွက်ခါစကာလက ကြာသပတေးဂြိုဟ်၏အရွယ်အစားမှာ လက်ရှိအရွယ်အစားထက် နှစ်ဆပိုကြီးမားကြောင်း သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ မေ ၂၂ ရက် သတင်းများအရ သိရသည်။

နေအဖွဲ့အစည်း စတင်ပေါ်ထွက်ခဲ့ပြီး နှစ်ပေါင်း ၃ ဒသမ ၇ သန်းအရောက်တွင် ကြာသပတေးဂြိုဟ်၏အရွယ်အစားမှာ လက်ရှိအရွယ်အစားထက် နှစ်ဆပိုကြီးမားပြီး သံလိုက်စက်ကွင်းမှာလည်း လက်ရှိသံလိုက်စက်ကွင်းထက် အဆပေါင်း ၅၀ ထိ ပို၍အားကောင်းခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ကြာသပတေးဂြိုဟ်၏ဂြိုဟ်ရံလနှစ်စင်းဖြစ်သော အမ်မယ်သီရာဂြိုဟ်ရံလနှင့် သီးဘီးဂြိုဟ်ရံလတို့၏ ဂြိုဟ်ပတ်လမ်းများကို လေ့လာပြီးနောက် ကြာသပတေးဂြိုဟ်၏ မူလအရွယ်အစားကို တွက်ချက်ခဲ့ကြခြင်းဖြစ်သည်။



မိမိတို့၏ လေ့လာချက်အရ နေအဖွဲ့အစည်း ပေါ်ထွက်ခါစကာလက ကြာသပတေးဂြိုဟ်၏ အချင်းမှာ လက်ရှိအချင်းထက် နှစ်ဆနီးပါးပိုကြီးမားပြီး ဂြိုဟ်၏ ထုထည်မှာလည်း ကမ္ဘာဂြိုဟ် အစင်းပေါင်း ၂၀၀၀ ကျော်ကို ထည့်သွင်းထားနိုင်သည်ထိ ကြီးမားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကြာသပတေးဂြိုဟ်၏ ထုထည်မှာ ကမ္ဘာဂြိုဟ် ၁၃၂၁ စင်းခန့် ထည့်သွင်းထားနိုင်လောက်သည် အထိသာ ရှိတော့သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က နယ်မြေသစ်တစ်ခုအတွင်း စတင်ဝင်ရောက်ခဲ့

**ဝါရှင်တန် မေ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် နယ်မြေသစ်တစ်ခုအတွင်း စတင်ဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း မေ ၂၂ ရက်သတင်းများအရ သိရသည်။

အင်္ဂါဂြိုဟ် ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း စူးစမ်းလေ့လာရေးလုပ်ငန်းများပြုလုပ်နေသည့် ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် ကရိုကိုဒီလ်လန်း အမည်ရှိ နယ်မြေသစ်တစ်ခုအတွင်းသို့ မေ ၁၉ ရက်တွင် စတင် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကျယ်အဝန်းအားဖြင့် ၇၃ ဧက (ဟက်တာ ၃၀)ခန့်ရှိသည့် ကရိုကိုဒီလ်လန်းနယ်မြေ၌ အင်္ဂါဂြိုဟ်၏ သက်တမ်းအရင့်ဆုံး ကျောက်သားများနှင့် စိတ်ဝင်စားဖွယ်အကောင်းဆုံး ကျောက်သားလွှာများရှိနေနိုင်သည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထို့ပြင် ကလိုကိုဒီလ်လန်းနယ်မြေ၌ ရေခဲတတ်တည်ရှိမှုသာ ပေါ်ထွက်လာပါက ရွှံ့စေးတွင်းထွက်များလည်း ရှိနေနိုင်ကြောင်း သိရသည်။

ကလိုကိုဒီလ်လန်းနယ်မြေရှိ ကျောက်သားလွှာများသည်ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း မပေါ်ထွက်မီကပင် ရှိနေခဲ့သော ကျောက်သားလွှာများ ဖြစ်နိုင်သည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ပါဆီးဗရင့်စ် အင်္ဂါဂြိုဟ်မျက်နှာပြင် လေ့လာရေးအာကာသယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ဂျီဇီးရိုးဥက္ကာချိုင့်ဝှမ်း၌ စူးစမ်းလေ့လာရေးလုပ်ငန်းများ စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# H E A L T H

## ဂနိုရီးယားရောဂါဖြစ်နိုင်ခြေမြင့်သူများကို ကာကွယ်ဆေးထိုးနှံပေးရန် ဗြိတိန်စီစဉ်

**လန်ဒန် မေ ၂၃**

လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်တတ်သော ရောဂါတစ်မျိုးဖြစ်သည့် ဂနိုရီးယားရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားသူများကို လာမည့် သီတင်းပတ်များအတွင်း ကာကွယ်ဆေးများ စတင်ထိုးနှံပေးရန် ဗြိတိန်နိုင်ငံက စီစဉ်ထားကြောင်း မေ ၂၁ ရက် သတင်းများအရ သိရသည်။

လိင်မှတစ်ဆင့်ကူးစက်တတ်သော ရောဂါများဖြစ်ပွားနှုန်း မြင့်တက်လာမှုကို ကိုင်တွယ်ရေးအတွက် ရောဂါဖြစ်နိုင်ခြေမြင့်မားသူများကို ကာကွယ်ဆေးများထိုးနှံရန် စီစဉ်ထားခြင်းဖြစ်ကြောင်း၊ 4CMenB အမည်ရှိ ဂနိုရီးယားရောဂါကာကွယ်ဆေးကို လိင်တူဆက်ဆံသူများ၊ STIS ဗက်တီးရီးယား ကူးစက်ခံထားရသူများကို စတင် ထိုးနှံပေးမည်ဖြစ်ကြောင်း ဗြိတိန်အမျိုးသားကျန်းမာရေးဌာနတာဝန်ရှိသူများက ပြောကြားသည်။

4CMen B ကာကွယ်ဆေးသည် Meningococcal B ခေါ် ဦးနှောက်အမြှေးရောင် ဖြစ်စေတတ်သည့် ဗက်တီးရီးယားတစ်မျိုးကိုကာကွယ်ရန်ထုတ်လုပ်ထားသည့် ကာကွယ်ဆေး တစ်မျိုးဖြစ်သော်လည်း Meningococcal B ဗက်တီးရီးယားနှင့် ဂနိုရီးယားရောဂါဗက်တီးရီးယားတို့မှာ မျိုးဗီဇအားဖြင့် နီးစပ်သည်ဖြစ်ရာ 4 CMen B ကာကွယ်ဆေးသည် ဂနိုရီးယားရောဂါကိုလည်း ကာကွယ်ပေးနိုင်သည်။

ဗြိတိန်နိုင်ငံ၌ ဂနိုရီးယားရောဂါဖြစ်ပွားနှုန်း မြင့်တက်နေပြီး သုံးစွဲနေကျ ပဋိဇီဝဆေးများကို ယဉ်ပါးလာသည့် ဂနိုရီးယားဗက်တီးရီးယား မျိုးကွဲများ ပေါ်ထွက်မှုလည်း မြင့်တက်လာကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## The Pill သန္ဓေတားဆေးသုံးစွဲသူများ၌ ရုတ်တရက်လေဖြတ်နိုင်ခြေ မြင့်တက်လာနိုင်

**အင်ကာရာ မေ ၂၃**

Combined Contraceptive Pill (The Pill) သန္ဓေတားဆေးသုံးစွဲနေသော အမျိုးသမီးများအနေဖြင့် ရုတ်တရက်လေဖြတ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ မေ ၂၂ ရက် သတင်းများအရ သိရသည်။

တူရကီနိုင်ငံ အစ္စတန်ဘူလ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် The Pill သန္ဓေတားဆေးသုံးစွဲနေကြသော အမျိုးသမီး ၅၀၀ ကျော်တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာစိစစ်ခဲ့ကြပြီး လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ The Pill သန္ဓေတားဆေးများသုံးစွဲသူ အမျိုးသမီးများမှာ မသုံးစွဲသူအမျိုးသမီးများထက် ရုတ်တရက် လေဖြတ်နိုင်ခြေ သုံးဆပို၍မြင့်မားသည်ကို တွေ့ရကြောင်း၊ သို့ရာတွင် The Pill သန္ဓေတားဆေးများနှင့် လေဖြတ်မှုနောက်ခံ အကြောင်းတရားများဖြစ်သော သွေးတိုးရောဂါ၊ ခေါင်းကိုက်ရောဂါ၊ အဝလွန်မှုစသည့် ပြဿနာများနှင့်ဆက်စပ်မှု မတွေ့ရကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

သို့ဖြစ်ရာ The Pill သန္ဓေတားဆေးသုံးစွဲသူအမျိုးသမီးများ၌ရုတ်တရက် လေဖြတ်နိုင်ခြေ မြင့်တက်နေရခြင်းမှာ ၎င်းဆေးများကြောင့်ပင်ဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အက်စထရိုဂျင်နှင့် ပရိုဂက်စတိုဂျင်ဟော်မုန်းများ ထည့်သွင်းထားသည့် The Pill သန္ဓေတားဆေးသည် ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီး သန်းပေါင်းများစွာတို့ သုံးစွဲနေကြသည့်ဆေးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



နိုင်ငံတကာ
## အားကစားသတင်းများ

# မိုဒရစ်၏နေရာတွင် အန်ဇိုဖာနန်ဒက်စ်ဖြင့် အစားထိုးရန် ရီးရဲလ်ဆုံးဖြတ်

မက်ဒရစ် မေ ၂၃

ကွင်းလယ် ကစားသမား မိုဒရစ်သည် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် လာမည့် ဖီဖာကလပ် ကမ္ဘာ့ဖလား ပြိုင်ပွဲအပြီးတွင် အသင်းမှထွက်ခွာမည်ဖြစ်သောကြောင့် ၎င်းနေရာတွင် အစားထိုးနိုင်မည့် ချဲလ်ဆီး အသင်းကစားသမား အန်ဇိုဖာနန်ဒက်စ်ကိုခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းက ဆုံးဖြတ်ထားကြောင်း သိရသည်။

အန်ဇိုဖာနန်ဒက်စ်ကို ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်းက ကာလရှည် ကြိုးပမ်းနေသော်လည်း ချဲလ်ဆီးအသင်းက တုံ့ပြန်မှု မရှိသေးဘဲ ဘင်ဖီကာအသင်းက ခေါ်ယူခဲ့သည့် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၆ ဒသမ ၈ သန်းထက်ပိုပေးပါက ရီးရဲလ်မက်ဒရစ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံနိုင်ဖွယ်ရှိပြီး ကစားသမားကိုယ်တိုင်ကလည်း ဘာနေဗျူးတွင် သွားရောက်ကစားရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းသည် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် မသေချာသေးသည့်အပြင် ကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲတက်ရောက်ခဲ့သော်လည်း ဘက်တစ်အသင်းနှင့် တွေ့ဆုံနေသဖြင့် ရှုံးနိမ့်ခဲ့ပါက အန်ဇိုဖာနန်ဒက်စ် အနေဖြင့် အသင်းမှထွက်ခွာရန် သေချာလျက်ရှိသည်။

ချဲလ်ဆီး အသင်းသည် လာမည့် တနင်္ဂနွေနေ့ ပရီးမီးယားလိဂ် နောက်ဆုံးပွဲစဉ်တွင် နော့တင်ဟမ်အသင်းနှင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အဆုံးအဖြတ်ပွဲ ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ပြီးပါက လာမည့်ဗုဒ္ဓဟူးနေ့တွင် ဘက်တစ်အသင်းနှင့် ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML



## အားကစားသတင်းအတိုအထွာများ

- ❑ အေစီမီလန်အသင်းက နည်းပြကွန်စီကာအိုကို လာမည့်နွေရာသီတွင် ထုတ်ပယ်မည်ဖြစ်သောကြောင့် ၎င်းနေရာတွင် အစားထိုးနိုင်မည့် နည်းပြသစ်ရှာဖွေလျက်ရှိရာ ဂျူဗင်တပ်အသင်းမှ ထွက်ခွာသွားသည့် နည်းပြမော့တာကို ခန့်အပ်နိုင်ရန်ပစ်မှတ်ထားနေကြောင်း သိရသည်။
- ❑ ရီးရဲလ်မက်ဒရစ်အသင်း လူငယ်အသင်းနည်းပြရာထူးမှ နုတ်ထွက်မည့် ရာအူးလ်ကို လိဒ်ယူနိုက်အသင်းက အသင်းကို တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြဖာကီ၏နေရာတွင် အစားထိုးရန် ကမ်းလှမ်းမှုပြုလုပ်လျက်ရှိသည်။
- ❑ နော့တင်ဟမ်အသင်းနှင့် ကစားရမည့် ရာသီပိတ်ပွဲစဉ်တွင် အသင်းမှ ဒဏ်ရာရကစားသမားများဖြစ်သည့် အန်ကူကူနှင့် ဂူယူတို့ ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း ချဲလ်ဆီးအသင်းက ထုတ်ပြန်ထားသည်။

ML

# မေလအတွက် စီးရီးအေအကောင်းဆုံးဆုများကို သူရမ်နှင့် ဖာဘရီဂတ်စ်တို့ ဆွတ်ခူးရရှိ



ရောမ မေ ၂၃

စီးရီးအေပြိုင်ပွဲပြီးဆုံးရန် တစ်ပွဲကျန်ရှိနေသော်လည်း မေလအတွက် တစ်လတာအကောင်းဆုံးဆုများကို ဂျူဗင်တပ်အသင်း ကစားသမား သူရမ်နှင့် ကိုမိုအသင်းနည်းပြ ဖာဘရီဂတ်စ်တို့က ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား သူရမ်သည် ပြိုင်ဘက်များဖြစ်သည့် အေစီမီလန်အသင်းတိုက်စစ်မှူး ဂျီမီနက်ဇ်၊ ရိုးမားအသင်းကစားသမား ကိုနေး၊ အတ္တလန်တာအသင်း ကစားသမား လွတ်မန်း၊ နာပိုလီအသင်း ကစားသမား တွန်မီနေးနှင့် ဘိုလော့နာအသင်း ကစားသမား အော်ဆိုလီနီတို့ကို ကျော်ဖြတ်ပြီး ဆန္ဒမဲအသာဖြင့် အကောင်းဆုံးဆု ရရှိခဲ့ခြင်းဖြစ်သည်။

၎င်းသည် မေလအတွင်း ကစားခဲ့သည့် စီးရီးအေပြိုင်ပွဲများတွင် ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူ၍ အကောင်းဆုံး ပါဝင်စွမ်းဆောင်နိုင်ခဲ့သဖြင့် အကောင်းဆုံးကစားသမားအဖြစ် ရွေးချယ်ခံခဲ့ရသည်။

ထို့ပြင် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဖာဘရီဂတ်စ်က ကိုမိုအသင်းအား ပါမားအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိ၊ ကက်ဂလီယာရီအသင်းနှင့် ပွဲစဉ်တွင် သုံးဂိုး တစ်ဂိုး၊ ဗီရိုနာနှင့်ပွဲစဉ်တွင် တစ်ဂိုးစီ သရေဖြင့် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သောကြောင့် အတ္တလန်တာနည်းပြ ဂတ်စ်ပါရီနီနှင့် အင်တာမီလန်နည်းပြ အင်ဇာဂီတို့ကိုကျော်ဖြတ်၍ အကောင်းဆုံးနည်းပြဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုများကို လာမည့် မေ ၂၅ ရက်တွင်ကစားမည့် ရာသီပိတ်ပွဲစဉ်များမတိုင်မီ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# မန်စီးတီးကစားသမား မက်အာတီးကို စတာလင်ပေါင် ၂၅ သန်းဖြင့်ခေါ်ယူရန် ဝုဗ်အသင်းကြိုးပမ်း

လန်ဒန် မေ ၂၃

ဝုဗ်အသင်းသည် အသင်းတိုက်စစ်မှူး ကန်ဟာကို မန်ယူအသင်းသို့ စတာလင်ပေါင် ၆၂ ဒသမ ၅ သန်းဖြင့် ရောင်းချရန် သဘောတူညီခဲ့ပြီးနောက် ကွင်းလယ် တိုက်စစ်ပိုင်းအတွက် မန်စီးတီးအသင်းမှ လူငယ်ကစားသမား မက်အာတီးကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် ပစ်မှတ်ထား ကြိုးပမ်းနေကြောင်း သိရသည်။

ထို့ပြင် ကွင်းလယ်တိုက်စစ်ပိုင်းမှ ဆာရာဘီးယားသည်လည်း အသင်းနှင့် စာချုပ်သက်တမ်းတိုးရန် ငြင်းပယ်ခဲ့သဖြင့် ဝုဗ်အသင်း တာဝန်ရှိသူများက တိုက်စစ်ပိုင်း ပြန်လည်ဖြည့်တင်းရန်အတွက် လူငယ်ကစားသမား မက်အာတီးကို အမြန်ဆုံးခေါ်ယူနိုင်ရေး စီစဉ်ခဲ့ပြီး လက်ရှိတွင် လာလီဂါကလပ် လေဗာကူဆင်အသင်းနှင့် အပြိုင်ခေါ်ယူရမည်ဖြစ်သည်။

လက်ရှိတွင် အသက် ၂၂ နှစ်ရှိ လူငယ်ကစားသမားကို ဥရောပကလပ်အသင်းများ အပါအဝင် ပရီးမီးယားလိဂ်ကလပ် နယူးကာဆယ်အသင်း၊ ဝက်စ်ဟမ်းအသင်း၊ နော့တင်ဟမ်အသင်း၊ ပဲလေ့စ်အသင်းနှင့် လိဒ်ယူနိုက်တို့ကလည်း ခေါ်ယူရန် ကာလရှည် စိတ်ဝင်စားနေသောကြောင့် ဝုဗ်အသင်းက အသင်းကစားကွက်နှင့် အသင့်တော်ဆုံးဖြစ်သည့် မက်အာတီးကို လက်ဦးမှုရယူနိုင်ရန် အဆောတလျင် ကမ်းလှမ်းသွားမည် ဖြစ်ကြောင်း သိရသည်။



မက်အာတီးသည် ယခုနှစ် ဘောလုံးရာသီ မန်စီးတီးအသင်းတွင် ဒုတိယဦးစားပေး ကစားသမားအဖြစ် ပါဝင်ခဲ့ရသော်လည်း ပြိုင်ပွဲစုံ ကိုးပွဲထိ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ဆဲလ်ဖို့ဒ်အသင်းနှင့် အက်ဖ်အေဖလား ပြိုင်ပွဲတွင် အသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ကာ စုစုပေါင်း ခုနစ်ဂိုးထိ သွင်းယူနိုင်ခဲ့သည်။

မန်စီးတီးအသင်းက ၂၀၂၆ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည့် မက်အာတီးကို အဆုံးအရှုံးမခံနိုင်သော်လည်း ကစားသမား အနေဖြင့် စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းဆိုပါက စတာလင်ပေါင် ၂၅ သန်းဖြင့် ထွက်ခွာခွင့်ပြုရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ယူရိုပါလိဂ်ပြိုင်ပွဲ နေရာအလိုက်အကောင်းဆုံး ကစားသမားစာရင်းတွင် ချန်ပီယံစပါးအသင်းမှ ကစားသမားလေးဦးထိ ပါဝင်

လန်ဒန် မေ ၂၃

ယခုနှစ် ဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲ၏ နေရာအလိုက် အကောင်းဆုံး ကစားသမားစာရင်းတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် စပါးအသင်းမှ ကစားသမား လေးဦးထိ အများဆုံးပါဝင်လာခဲ့ကြောင်း သိရသည်။

ယူရိုပါလိဂ်ပြိုင်ပွဲ၏ နေရာအလိုက် အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းတွင် စပါးအသင်းမှ ကစားသမား လေးဦး၊ ဒုတိယဆုရရှိခဲ့သည့် မန်ယူအသင်းမှ ကစားသမားနှစ်ဦး၊ ဘိုဒိုဂလင့်အသင်းမှ ကစားသမားနှစ်ဦးနှင့် လိုင်ယွန်အသင်း၊ ဘီလ်ဘာအိုအသင်းနှင့် ဖရန့်ဖတ်အသင်းတို့မှ ကစားသမားတစ်ဦးစီ ပါဝင်ခဲ့သည်။

ယူရိုပါလိဂ်ပြိုင်ပွဲ၏ နေရာအလိုက်အကောင်းဆုံး ကစားသမားစာရင်းကို ၄-၃-၃ ပုံစံဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ဂိုးသမားနေရာတွင် စပါးအသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်း ပြသနိုင်ခဲ့သည့် ဗစ်ကာရီယို ပါဝင်လာခဲ့သည်။

အလားတူ နောက်တန်းကစားသမား လေးဦးနေရာတွင် ဘိုဒိုဂလင့်အသင်းမှ ဘိုဂျော်ကန်၊ ဖရန့်ဖတ်အသင်းမှ ကော့၊ စပါးအသင်းမှ ရိုမီရိုနှင့်ပက်ထရိုပိုရို၊ ကွင်းလယ်ကစားသမား သုံးဦးနေရာတွင် ဘိုဒိုဂလင့်အသင်းမှ ဘတ်ချ်၊ မန်ယူအသင်းမှ ကက်စ်မဲရိုးနှင့် ဖာနန်ဒက်၊ တိုက်စစ်ကစားသမား သုံးဦးနေရာတွင် ဘီလ်ဘာအိုအသင်းမှ နစ်ကိုးဝီလျံ၊ စပါးအသင်းမှ ဆိုလန်ကီနှင့် လိုင်ယွန်အသင်းမှ ချာကီတို့ ပါဝင်လာခဲ့ကြသည်။

အလားတူ ယူရိုပါလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကိုလည်း စပါးအသင်းမှ ခံစစ်ကစားသမား ရိုမီရိုက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ရီးရဲလ်မက်ဒရစ်အသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်ကစားသမား အမ်ဘာက်ပီဆွတ်ခူး

**မက်ဒရစ် မေ ၂၃**

၂၀၂၄-၂၀၂၅ဘောလုံးရာသီ ရီးရဲလ်မက်ဒရစ် အသင်း၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို တိုက်စစ်ကစားသမား အမ်ဘာက်ပီက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။




အမ်ဘာက်ပီသည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ပီအက်စ်ဂျီအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ရာသီအစပိုင်းက ခြေစွမ်းပြသနိုင်ခြင်း မရှိခဲ့သည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသော်လည်း နောက်ပိုင်းတွင် အကောင်းဆုံး ပြန်လည်ခြေစွမ်းပြသနိုင်ခဲ့ကာ အသင်းအတွက် အရေးပါသည့် ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ယခုနှစ် ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ဆုဖလားလက်မဲ့ ရာသီနှင့် ကြုံတွေ့ခဲ့ရပြီး ရုန်းကန်ခဲ့ရသော်လည်း အမ်ဘာက်ပီအနေဖြင့် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ကာ သွင်းဂိုးများ သွင်းယူနိုင်ခဲ့ပြီး အသင်းသမိုင်း တစ်လျှောက်တွင်လည်း ပွဲဦးထွက်ဘောလုံးရာသီ သွင်းဂိုးအများဆုံးကစားသမားအဖြစ်ပါ စံချိန်တင်နိုင်ခဲ့သူဖြစ်သည်။

အမ်ဘာက်ပီသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်းနှင့်အတူ စပိန်လာလီဂါပြိုင်ပွဲတွင် ၃၃ ပွဲကစားကာ ၂၉ ဂိုးထိ သွင်းယူထားနိုင်ခဲ့ပြီး ပြိုင်ပွဲစုံ ၅၅ ပွဲကစားခဲ့ရာ ၄၁ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ငါးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် သွင်းဂိုးအများဆုံး ကစားသမားဆုရရှိရန် အလားအလာကောင်းလျက်ရှိကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# Geneva Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဂျိုကိုဗစ်တက်ရောက်



**လန်ဒန် မေ ၂၃**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင်ကျင်းပနေသည့် Geneva Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆာဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က အီတလီတင်းနစ်ကစားသမား အာနယ်ဒီနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်သွားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် ဒုတိယအဆင့်ကို အကောင်းဆုံးကျော်ဖြတ်လာနိုင်ခဲ့သလို ကွာတားဖိုင်နယ်အဆင့်ကိုလည်း အကောင်းဆုံးပုံစံဖြင့် ကျော်ဖြတ်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

ဂျိုကိုဗစ်သည် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဝင်ရန်အတွက် ပြင်ဆင်မှုပြုလုပ်သည့် အနေဖြင့် Geneva Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "မနှစ်ကတော့ ကွာတားဖိုင်နယ်အဆင့်မှာ လှည့်ပြန်ခဲ့ရတယ်။ ဒီနှစ်ကတော့ အဆင်ပြေတယ်။ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပါပြီ။ ဒီပြိုင်ပွဲမှာ ကျွန်တော့်အနေနဲ့ အောင်မြင်မှုရဖို့အထိ မျှော်လင့်ထားတယ်။ ကျွန်တော့်ရဲ့ရည်မှန်းချက်ကလည်း ဆုဖလားရယူနိုင်ဖို့ပါပဲ။ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့တဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား ကင်မရွန်းနော်ရီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဘာစီလိုနာအသင်းက ခံစစ်ကစားသမား ဂါစီယာကို ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုပြုလုပ်

**ဘာစီလိုနာ မေ ၂၃**

ဘာစီလိုနာအသင်းက အသင်းမှ ခံစစ်ကစားသမား ဂါစီယာကို ၂၀၂၉ ခုနှစ်ထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ဂါစီယာသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က မန်စီးတီး အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သော်လည်း အသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် ပြီးခဲ့သည့် ဘောလုံးရာသီက ဂျီရိုနာအသင်းထံ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဂါစီယာသည် ဂျီရိုနာအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက် ကစားခဲ့ရာတွင် ခြေစွမ်းပြ ကစားနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီ အသင်းနှင့်အတူ ပြန်လည်ပူးပေါင်းခဲ့ပြီး နောက်ပိုင်းတွင်လည်း အသင်း၏ အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိသူဖြစ်သည်။

ဂါစီယာသည် ယခုနှစ် ဘောလုံးရာသီ စပိန်လာလီဂါ ပြိုင်ပွဲတွင် ၂၈ ပွဲ ကစားခဲ့ရာ ရီးရဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင်လည်း အသင်းအတွက် အရေးပါသည့် ချေပဂိုးကို သွင်းယူပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ် ပြိုင်ပွဲတွင်လည်း အင်တာမီလန်အသင်းနှင့် ပွဲစဉ်တွင် အရေးပါသည့် သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်ကာ ပြိုင်ပွဲစုံ ၄၄ ပွဲကစားခဲ့ပြီး ငါးဂိုးသွင်းယူနိုင်ခဲ့ကာ သုံးကြိမ် ဂိုးဖန်တီးမှု ပြုလုပ်ထားသည်။



ဘာစီလိုနာ အသင်းသည် အသင်းမှ အဓိက ကစားသမားများဖြစ်သည့် ရာဖင်ဟာနှင့် လမိုင်းယာမယ်တို့ကို သက်တမ်းတိုးစာချုပ်များ အသီးသီးချုပ်ဆိုခဲ့ပြီးနောက် ဂါစီယာကိုလည်း သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# ဆီးဂိမ်းပြိုင်ပွဲအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်တွင် မြန်မာအသင်း မဲအိုးနံပါတ်(၂)တွင် ကျရောက်

**ရန်ကုန် မေ ၂၃**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်းပြိုင်ပွဲ) အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရန်အတွက် မဲအိုးသတ်မှတ်ချက်တွင် မြန်မာအသင်းအနေဖြင့် မဲအိုးနံပါတ်(၂)တွင် ကျရောက်နေကြောင်း သိရသည်။

၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်းပြိုင်ပွဲ) အမျိုးသားဘောလုံးပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းလုံး ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်ပြီး အုပ်စုသုံးခု ခွဲခြားထားကာ သုံးသင်းပါဝင်သည့် အုပ်စုတစ်ခုနှင့် လေးသင်းပါဝင်သည့် အုပ်စုနှစ်ခုဖြင့် ခွဲခြားကျင်းပသွားမည်ဖြစ်သည်။

အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်တွင် မဲအိုးနံပါတ်(၁)တွင် အိမ်ရှင် ထိုင်းအသင်း၊ အင်ဒိုနီးရှားအသင်း၊ ဗီယက်နမ်အသင်း၊ မဲအိုးနံပါတ်(၂)တွင် မလေးရှားအသင်း၊ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ မဲအိုးနံပါတ်(၃)တွင် တီမောလက်စ်တေအသင်း၊ လာအိုအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မဲအိုးနံပါတ်(၄)တွင် စင်ကာပူအသင်းနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်လျက်ရှိပြီး အုပ်စုအဆင့်ပွဲစဉ်များကို ဒီဇင်ဘာ ၃ ရက်မှ ၁၂ ရက်ထိလည်းကောင်း၊ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဒီဇင်ဘာ ၁၅ ရက်တွင် လည်းကောင်း၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်တို့ကို ဒီဇင်ဘာ ၁၈ ရက်တွင်လည်းကောင်း အသီးသီးကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Charles Schwab Challenge ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျွန်ပက်ခ် ဦးဆောင်



**တက္ကဆက် မေ ၂၃**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ကျင်းပနေသည့် Charles Schwab Challenge ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ပက်ခ်က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ဟော့စလာအပါအဝင် ပြိုင်ပွဲဝင် ကိုးဦးအထိ သတ်မှတ်ရိုက်ချက်ထက် လေးချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဂျွန်ပက်ခ်အနေဖြင့် ပထမနေ့တွင် ရလဒ်အကောင်းဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ကစားသမားဘဝ သက်တမ်းတစ်လျှောက် အကောင်းဆုံးရလဒ်တစ်ခုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျွန်ပက်ခ်က "ပထမနေ့ကျင်းတိုင်းမှာ ရိုက်ချက်တွေကောင်းမွန်ခဲ့တယ်။ Fairway တွေနဲ့မလွဲခဲ့ဘူး။ နေရာကောင်းကနေ ကျင်းစိမ်ခွင့်ရဖို့အတွက် Fairway မလွဲဖို့က အရေးကြီးဆုံးဖြစ်ပါတယ်။ ပထမနေ့မှာ ရိုက်နိုင်ခဲ့တဲ့ ရိုက်ချက်တွေက ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်း တစ်လျှောက်လုံးမှာ အကောင်းဆုံးရိုက်ချက်တွေပဲဖြစ်ပါတယ်။ အခုလိုတစ်ရက်တည်း ရိုက်ချက် ခုနစ်ချက်အထိ လျှော့ရိုက်နိုင်တာမျိုး တစ်ခါမှ မရှိခဲ့ဘူး။ လေလည်းငြိမ်တဲ့အတွက် ကစားရတာ အရမ်းကို အဆင်ပြေခဲ့ပါတယ်။ နောက်နေ့တွေမှာ ဘယ်လိုဖြစ်မလဲဆိုတာ မသိသေးပေမဲ့ ပထမနေ့မှာ ကစားနိုင်ခဲ့တဲ့အတိုင်း ကစားနိုင်အောင် အတတ်နိုင်ဆုံးကြိုးစား ကစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ယဉ်ကျေးမှုပစ္စည်း ထီး

**ကိုဇော်ဌေး(ယဉ်ကျေးမှု)**

ထီးသည် နေပူသည့်အခါ အပူဒဏ်မှကာကွယ်ရန်၊ မိုးရွာသည့်အခါ စွတ်စိုခြင်းမှကာကွယ်ရန်အတွက် ဦးခေါင်းထက်တွင်အုပ်မိုးအသုံးပြုသော လူ့အသုံးအဆောင်ပစ္စည်းဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုတွင်မူ ထီးသည် လူသုံးကုန်တစ်ရပ်မျှသာမဟုတ်တော့ချေ။ လူတို့၏အပူဖေါ်ခံယူထိုက်ခြင်းနှင့် တန်ခိုးအာဏာရှိခြင်းတို့ကိုပြသော အထိမ်းအမှတ်ပစ္စည်းလည်းဖြစ်သည်။ ထို့ကြောင့် ဘုရားပုထိုးစေတီတို့၌ တင်လှူရသော ထီးတော်၊ မင်းသုံးနန်းသုံးထီး၊ မှူးကြီးမတ်ရာသေနာပတိတို့သုံးသောထီး၊ သာမန်လူသုံးထီးဟူ၍ အမျိုးမျိုးရှိလာခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် စေတီတို့၏အထွတ်ရှိ သစ်သားထီးရိုးတပ်၍ အရွက်အဆင့်ဆင့်ရှိသော ထီးတော်ကို တင်လှူလေ့ရှိသည်။ ၎င်းထီးကို ဆတ္တာဝလိဟုခေါ်သည်။

ထီးရွက်သုံးဆင့်ရှိသောထီးကို ဘီစီ ၁၀၀ ခန့်က တည်သော အိန္ဒိယနိုင်ငံ အလယ်ပိုင်းရှိ ဆန်ချီပုထိုးတွင် တွေ့မြင်နိုင်သည်။ ထီးရွက်သုံးဆင့်ထက်ပိုသော ထီးတော်ကိုမူ အနုရာဓပူရရှိ ထူပါရာမပုထိုး(ဘီစီ-၂၄၆) ၌လည်းကောင်း၊ ဆာရနတ်ရှိပုထိုး (အေဒီ ၆ ရာစု)၌လည်းကောင်းတွေ့မြင်နိုင်သည်။ ထိုထီးတို့သည် အများအားဖြင့် သစ်သားထီးသော်လည်းကောင်း၊ ကျောက်ထီးသော်လည်းကောင်း ဖြစ်ကြသည်။

မြန်မာနိုင်ငံရှိ စေတီတို့၌ တင်လှူသောထီးတို့သည် အများအားဖြင့် ကြေး၊သံ၊သံဖြူစသည်တို့နှင့် ပြုလုပ်သောထီးများဖြစ်သည်။ ထီးတော်ပြုလုပ်ရာ၌ ကြေးခွေ၊ သံခွေတို့ကိုအောက်ခြေမှအထက်သို့ အရစ်အရစ်ဆင့်လျက်၊ မကိုဋ်သရဖူသဏ္ဌာန် ဘုံအဆင့်ဆင့်ပြုလုပ်လေ့ရှိကြသည်။ ထီးကိုအများအားဖြင့် ငါးဆင့်၊ ခုနစ်ဆင့်၊ ဆယ့်တစ်ဆင့်ထား၍ပြုလုပ်ကြသည်။ ထီးကို စေတီ၏ချယားသီး(ဝါ) ငှက်ပျောဖူးတွင်တပ်ဆင်၍ ထီးအထက်၌ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်ကို တပ်ဆင်သည်။ ထီးဆင့်များ၌ ညောင်ရွက်များနှင့် ဆည်းလည်းများလည်း တပ်ဆင်လေ့ရှိသည်။ ဆတ္တာဝလိထီးအဆင့်ဆင့်၏ပုံစံကို မော်ဇာမြို့ ခင်ဘကုန်းမှတူးဖော်ရရှိသောစေတီတွင် တွေ့မြင်နိုင်သည်။ မြန်မာနိုင်ငံရှိ စေတီတို့၏ ထီးနမူနာကို ပြရမည်ဆိုလျှင် အထင်အရှားဆုံးသော ရွှေတိဂုံစေတီတော်ကြီး၏ ထီးကိုပြနိုင်သည်။ သို့သော် ဗိသုကာအတတ်များသစ်ဆန်းလျက်ရှိနေပြန်ရာ ထီးတော်တို့သည် အသစ်အဆန်းဖြစ်လာကြသည်။ ရန်ကုန်မြို့ရှိ ဗိုလ်တထောင်စေတီနှင့် ရွှေမော်ဓောစေတီတို့၏ ထီးတော်များမှာ အသစ်ထွင်သောပုံစံများဖြစ်ကြသည်။ ဤထီးမျိုးကို သမ္မတခေတ်ထီးဟု ခေါ်သည်။ ထိုထီးတွင် ထီးရွက်ငါးဆင့်ထားသည်။ တီထွင်သူတို့က ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်သည်ကို ရည်ရွယ်ကြသည်ဟု သိရသည်။

စေတီပုထိုး၏ အထွတ်အထိပ်၌ တင်သောထီးအပြင် ဘုရားပုထိုးစသည်တို့အား ကပ်လှူပူဇော်သောထီးများလည်း ရှိသေးသည်။ ဘုရားတွင် ချိတ်ဆွဲစိုက်ထူထားသည့်ထီးများကို ထွားထီးဟုခေါ်သည်။ ထွားထီးမှာ မင်းသုံးထီး၏ ပုံစံအတိုင်းဖြစ်၍ ကြာယပ်၊ ရွှေချည်၊ ငွေချည်၊ ပုတီး၊ ဘောကြယ်ပွင့်များ စသည်တို့ဖြင့် မွမ်းမံခြယ်သထားသည်။

မင်းမြောက်တန်ဆာငါးပါးတွင်ထီးသည်တစ်ပါးအပါအဝင်ဖြစ်သည်။ မင်းသုံးနန်းသုံးထီး၏သဘောမှာ မင်းတို့၏ အချုပ်အခြာအာဏာပိုင်ခြင်းကို ဖော်ပြသော အထိမ်းအမှတ်အဆောင်အယောင်ဖြစ်သည်။ ထိုထီးမှာ ထီးဖြူဖြစ်သည်။ ပျူစောထီး၏ ထီးဖြူသည် လုံးပတ်သုံးထွာ၊ သန္တာအရိုး ကိုးတောင်နှစ်မိုက်၊ အထွတ်ပတ္တမြားတပ်သောထီးဖြစ်၏ ဟူ၍လည်း ရွှေဘုံနိဒါန်း၌ ဖော်ပြထားသည်။ ထို့ပြင် ထွက်တော်မူသောအခါ ဆောင်းရ၊ မိုးရသော ဆောင်းထီးများလည်း ရှိသေးသည်။ ရာဇဘိသေကကျမ်းလာသော ထီးဖြူလေးစင်းတို့တွင် (၁) ပြာသာဒ်အဆင့်ကဲ့သို့ ထီးရွက် ကိုးဆင့်ရှိ၍၊ ထီးရိုး ၁၀ တောင်ရှည်ပြီးလျှင် ရွှေမြူတာအိုးအထွတ်တပ်သောနဝဒဏ္ဍာထီး၊ (၂) ထီးရွက်အမှတ်အသားမရှိသော၊ ထီးရိုး ခြောက်တောင်ရှည်သော မနောဟာရီထီး၊ (၃) ထီးရွက်အမှတ်အသားမရှိသော၊ ထီးရိုးငါးတောင်ရှည်သော အာတပတ္တထီးတို့သည် အဆောင်အယောင်အဖြစ်ဖြင့် နန်းတော်၌ စိုက်ရသောထီးများဖြစ်၍၊ (၄) ထီးရွက်အမှတ်အသားမရှိသော၊ ထီးရိုး လေးတောင်ရှည်သော ဝိဇယပတြထီး (ဗိဇယတြထီးဟုလည်း ဆိုကြသည်) မှာ ဘုရင်မင်းမြတ်တို့ ထွက်တော်မူသောအခါ ဆောင်းရန်အတွက် အခါခပ်သိမ်းဆောင်းအပ်သော ထီးဖြစ်သည်။

ထီးကိုပြုလုပ်ရာ၌ ထီးရိုးကို ရွှေဖြင့် အလုံးစုံမွမ်းမံပြုလုပ်သည်။ ထီးခရိုင်ကို သုံးလွန်းတင်၊ ခြောက်လွန်းတင်၊ ကိုးလွန်းတင်ကျစ်အပ်သောကြိုးဖြင့် ဖွဲ့ရသည်။ ထီးလက်ကို ၁၂၈ လက်ဖြင့် ပြုလုပ်ကြသည်။ ထီးထွတ်ငှက်မြတ်နား၌ မင်းတို့၏ချမ်းသာကို ဆောင်တတ်သော ဟင်္သာငှက်ရုပ်ကိုဖြစ်စေ၊ နွားမြီးဆွဲရုပ်ကိုဖြစ်စေ၊ ကျေးငှက်ရုပ်ကိုဖြစ်စေ တစ်ခုခုကို တပ်ဆင်သည်။ ထီး၏အချင်းသည် ငါးတောင်တစ်မိုက်ဖြစ်သည်။ နဝဒဏ္ဍာထီးမှာမူ အဆင့်ကိုးဆင့်ရှိသဖြင့် အောက်ဆင့်ကို အချင်းငါးတောင်တစ်မိုက်ထား၍ ထက်ဝန်းကျင်၌ ရွှေညောင်ရွက်တို့၏ကြား၌ မြ၊ ပတ္တမြား၊ သန္တာနှင့် ပန်းပွားတို့ကို ချိတ်ဆွဲကြသည်။ ကြွင်းသောထီးသုံးမျိုး၌မူ အရေအတွက် ကန့်သတ်ချက်မရှိ။ လျောက်ပတ်တင့်တယ်အောင် လုပ်ဆောင်ကြသည်။ လောကဗျူဟာကျမ်း၌ ထီးလေးစင်းဟူသည်မှာ ကနက္ကဒဏ်ထီး နှစ်စင်း၊ တမွတ်ထီး နှစ်စင်း၊ ပေါင်း လေးစင်းဟုဆိုသည်။ ဒိသာဖေယစာတမ်း၌မူ ကမ္ဗူထီး၊ စန္ဒထီး၊ ပဒုမထီး၊ သမုဒ္ဒဇာထီးဟူ၍ လက်ယာလေးစင်း ကနက္ကဒဏ်ထီး၊ သူရိယထီး၊ ဝိသုကမ္မထီး၊ သမုက္ခထီးဟူ၍ လက်ဝဲထီးလေးစင်း ပေါင်းရှစ်စင်းရှိကြောင်းဖြင့် ဆိုထားသည်။ ကဝိလက္ခဏာဒီပနီတွင် အထက်ဖော်ပြပါ ရာဇဘိသေကဟူသော သက္ကဋ္ဌကျမ်းဂန်မရောက်မီ မြန်မာနိုင်ငံ ရွှေထီးရွှေနန်းအဆက်ဆက် ဥကင်တော်သီဟာသနပလ္လင်တွင် လက်ဝဲထီးဖြူလေးစင်း၊ လက်ယာထီးဖြူလေးစင်း နှစ်ခုပေါင်းသော် ထီးဖြူရှစ်စင်းရသည်ကို လက်မွန်ရှေးဦးပညာရှိတို့က အမည်သညာသမုတ်ထားနှင့်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုထီးဖြူရှစ်စင်းမှာ ကနက္ကဒဏ်ထီး နှစ်စင်း၊ တမွတ်ထီး နှစ်စင်း၊ ယာဉ်ထီး လေးစင်းဖြစ်သည်ဟု လောကဗျူဟာ ခေါ် အင်ရုံစာတမ်းက ဆိုပြန်လေသည်။ မည်သို့ဆိုစေ ဥကင်တော်သီဟာသနပလ္လင်တွင် ထီးဖြူရှစ်စင်းစိုက်ကြသည်မှာ အမှန်ပင်ဖြစ်သည်။



မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့် ပုသိမ်ထီးကို တွေ့ရစဉ်။

ကနက္ကဒဏ်ထီးသည် ပကတိရွှေသားကို အရိုးလုပ်သောကြောင့် ကနက္ကဒဏ်ထီးဟု ခေါ်သည်။ တမွတ်ထီးမှာ ရှေးစကားကြီးမြတ်သည်ဟု အဓိပ္ပာယ်ရသော တမွတ်သဒ္ဒါကိုစွဲ၍ မှည့်သောထီးဖြစ်၍ ကြီးမြတ်သောထီးဟု အဓိပ္ပာယ်ရသည်။ ယာဉ်ထီးမှာ ကေရာဇ်မင်းမြတ်တို့ဝယ် ဆင်၊ ရထား၌ ထီးစိုက်သည်ဖြစ်၍ ယာဉ်ထီးဟု ခေါ်လေသည်။

ထိုမင်းခမ်းမင်းနားဆိုင်ရာထီးတို့ကိုပြုလုပ်ရာ၌ ထီးရိုး၊ ထီးချက်၊ ထီးလက်၊ ကြိုး၊ ထီးရွက်၊ ကလန့်၊ အထွတ်၊ မြူတာ စသည့် အစိတ်အပိုင်းတို့ကို ပြုလုပ်ရသည်။

ရတနာပူရစတုတ္ထမြို့တည်နန်းတည်မင်းတရားကြီး အဘိသေကစာတမ်းတွင် ထီးဖြူတော်ကို မင်းတရားကြီးလက်တော်နှင့် အချင်း လေးတောင်ခြောက်သစ်၊ အချင်းအဝန်းမုတ်ပေါင်း ၄၉ ခု၊ ၎င်းကို ရှစ်ခုစား တစ်ခုကြွင်းရကား နေခြည်ကာသောထီးဟူ၍ အကြောင်းကြံလျက် စွန်သုတ်နားထောင့် ၁၂ ပေါက်၊ ထီးတံ ၃၆ ခု၊ ကြာယပ်သုံးဆင့်၊ ညောင်ရွက် ၁၀၈ ခု၊ ပုလဲဆိုင်း၊ သန္တာဆိုင်း ၁၀၈ သွယ်၊ ထီးချက်အချင်းတစ်တောင်၊ စောက်တစ်တောင်တစ်မိုက်၊ ထီးရိုးထီးဝန်းနှင့်အမျှလုပ်ကြောင်းကို ဖော်ပြထားသည်။ ထို့ပြင် မှူးကြီးမတ်ရာသေနာပတိတို့အတွက် အဆောင်အယောင်အဖြစ်ပေးအပ်သော ထီးနီလည်း ရှိသေးသည်။ ပုံစံအားဖြင့် ခန်းပတ်မင်းကြီး၏ အဆောင်အယောင်ဖြစ်သော ထီးနီတွင် ထီးရွက် အနီနှစ်ဆင့်တက်သည်။ ထိုနှစ်ရွက်ဆင့်ထီးနီ၌ ရွှေညောင်ရွက်သုံးဆင့်ရှိသည်။ ညောင်ရွက်ရေမှာ ၃၆ ရွက်ဖြစ်သည်။ အချက်၊ အထွတ်နှင့် အရိုးကို ရွှေချသည်။ ထီးရိုးမှာ ကြံဆစ်ပုံရှိသည်။

နိုင်ငံအချို့၌ ထီးကို ရာထူးအဆင့်အတန်းပြသောပစ္စည်းအဖြစ် သုံးစွဲကြသည်။ အီဂျစ်နှင့် ဆီးရီးယားပြည်တို့တွင် ထီးကို ရာထူးအလိုက်အမျိုးမျိုးသုံးစွဲကြသည်။ ရှေးခေတ် ဂရိနှင့် ရောမနိုင်ငံတို့တွင် ထီးမှာ အမျိုးသမီးသုံးပစ္စည်းဖြစ်သည်။ အင်္ဂလန်ပြည်တွင် အန်ဘုရင်မလက်ထက်ရောက်ခါမှ ထီးကို ယောကျ်ား၊ မိန်းမ အသုံးများလာကြသည်။

မြန်မာနိုင်ငံတွင် အနောက်နိုင်ငံမှ မှာယူသုံးစွဲသော သံကိုင်း၊ သံရိုးနှင့်ပြုလုပ်သည့် ပိုးထီး၊ ဖဲထီး၊ ပိတ်ထီးအမျိုးမျိုးရှိသော်လည်း ပြည်တွင်းဖြစ် ပိတ်ထီး၊ ပိုးထီးတို့သည် များစွာခေတ်စားလျက်ရှိသည်။ ပုသိမ်မြို့တွင်ပြုလုပ်သော ပုသိမ်ထီးများသည် မြန်မာနိုင်ငံတွင်းသာမက ပြည်ပနိုင်ငံများထိတိုင် ထင်ရှားကျော်ကြားလေသည်။ ပုသိမ်ထီးပေါ်တွင် ရှုမျှော်ခင်းပန်းချီများဖြင့်လည်း အဆင့်အတန်းမြင့်မားစေခဲ့သည်။ ထီးရိုးငွေကွပ်နှင့် သံဖြူထီးအိမ်ကလေးများပါ အဆင်သင့်လုပ်၍ ရောင်းကြသည်။

တရုတ်ပြည်မှဝင်သော ဝါးထီးကလေးများမှာ ပိတ်ထားသည့်အခါ ဝါးလုံးသာဖြစ်ပြီး ဖွင့်မှသာ ရောင်စုံပန်းချီခြယ်ထားသည်ကို မြန်မာအမျိုးသမီးများ နှစ်ခြိုက်စွာသုံးခဲ့ကြသည်။ မန္တလေးအိမ်တော်ရာတွင်ပြုလုပ်သောထီးကို အိမ်တော်ရာထီးဟု ခေါ်သည်။ အိမ်တော်ရာထီးရိုးများမှစ၍ ပိုးထီး၊ ဖဲထီးကုပ်ကုပ်လေးများ၏အရိုးတွင် ဆင်စွယ်ရိုး၊ ငွေရိုးတပ်၍ အလှဆင်ကာဆောင်းကြသည်။ အိမ်တော်ရာထီးများမှာ ဆီစိမ်ထားသဖြင့် မိုးရေခံသည်။ ရန်ကုန်မြို့တွင် ရှေးက ထီးတန်းရပ်ကွက်တွင် ထီးအမြောက်အမြားပြုလုပ်သည်။ ယခုအခါ မြန်မာနိုင်ငံ စက်မှုဇုန်များတွင် ဈေးသက်သာသည့် ထီးများကို ထုတ်လုပ်လာကြသည်။ ဖော်ပြပါ လူသုံးထီးများအပြင် ရွှေထီး၊ ဝါးထီး၊ ရဟန်းဆောင်းထီး၊ သီလရှင်ဆောင်းထီး စသည်တို့ကိုလည်း လုပ်ကိုင်လာကြသည်။ ရွှေထီးကိုပြုလုပ်ရာတွင် ထီးရွက်အဝန်းကို အချင်းဝက် ၁၈ လက်မမှ လက်မ ၂၀ ထိ ပြုလုပ်ကြသည်။ ထီးခရိုင် ၃၄ ချောင်းပါမြဲဖြစ်သည်။ ရဟန်းဆောင်းထီး၌ ထီးရွက်ကို အချင်းဝက် ၁၈ လက်မထားပါက ထီးခရိုင်ကို အချောင်း ၅၀ ထိထားကြသည်။ ထီးအရွက် အချင်းဝက် ၂၂ လက်မရှိပါက ထီးခရိုင် အချောင်း ၆၀၊ ထီးအရွက် အချင်းဝက် ၂၄ လက်မရှိပါက ထီးခရိုင် အချောင်း ၇၀ ပါရှိကြသည်ကို တွေ့ရသည်။ ထီးခရိုင်များခြင်းသည် ထီးကို လေမိုးဒဏ်ကို ပိုမိုကြံ့ကြံ့ခံစေသည်ဟုဆိုသည်။

သို့သော် ယခုအခါ ထီးရွက်၊ ထီးခရိုင်များကို ထီးပြုလုပ်သူတို့က မိမိတို့သဘောအလျောက်ပြုလုပ်လာကြသဖြင့် ထီးတို့သည် လေမိုးဒဏ်ခံနိုင်အားနည်းပါးလာတော့သည်။ ထီးတွင် ထီးရွက်၊ ထီးထိပ်ဖူး၊ ထီးခေါင်း၊ ထီးအုံ၊ ထီးတံ၊ ခရိုင်၊ ထီးရိုး၊ ခလုတ်၊ လက်ကိုင်၊ အုံးပန်း၊ ထီးကွင်း စသည့်အစိတ်အပိုင်းတို့ ပါဝင်ကြသည်။ ထီးခလုတ်ကို ရှေးက ထီးရိုး၌ အပေါက်ဖောက်၍ သစ်သားစို့လျှိုသွင်းကာ ပြုလုပ်ကြသည်။ ယခုမူ သံစို့နှင့်ပြုလုပ်ကြသည်။

ထီးသည် မြန်မာတို့၏ ယဉ်ကျေးမှုပစ္စည်းပင်ဖြစ်သည်။ မြန်မာသည် ရှေးဟောင်းယဉ်ကျေးမှုအခြေခိုင်ခဲ့သောနိုင်ငံဖြစ်ကာ ထိုရှေးဟောင်းရိုးရာယဉ်ကျေးမှုများတွင် ထီးကို ထည့်သွင်းရမည်သာဖြစ်သည်။ မြန်မာတို့၏ အချုပ်အခြာအာဏာကို သမိုင်းတစ်လျှောက် ကိုယ်စားပြုလာခဲ့ပုံ၊ မြန်မာအမျိုးသမီးတို့၏ အလှတရားကို ထောက်ကူပြုလာခဲ့ပုံ၊ ထီးသည် မည်ကာမတ္တပစ္စည်းမဟုတ်ဘဲ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအထောက်အထားဖြစ်ပုံစသည်တို့သည် ငြင်းဆိုမရသောအချက်များပင်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

**- မြန်မာ့စွယ်စုံကျမ်းအတွဲ(၅)**

# ကတ်တီးကတ်ဖဲ့ရွာ ဇာတ်လမ်းတွဲရိုက်ကူးပြီးစီးကာ ဇွန်လအတွင်း ထုတ်လွှင့်ပြသမည်




ရန်ကုန် မေ ၂၃

MTN Entertainment Video Production က ရိုက်ကူးထုတ်လုပ်မည့် ကတ်တီးကတ်ဖဲ့ရွာ ဇာတ်လမ်းတွဲရိုက်ကူးပြီးစီးကာ ဇွန်လအတွင်း MTN Entertainment Myanmar Youtube Channnel က ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သရုပ်ဆောင် ရွှေပိုးအိမ်က ပြောပြ၍ သိရသည်။

ကတ်တီးကတ်ဖဲ့ရွာ ဇာတ်လမ်းတွဲ၏ဝတ္ထုဇာတ်လမ်းကို အောင်ချစ်နှင့် ရဲရင့်သစ္စာတို့က ရေးသားထားပြီး ဖိုးကျော်(သန်လျင်)နှင့် အောင်ချစ်တို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ရဲရင့်သစ္စာက တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲလေးက ကျေးလက်ဟာသ ဇာတ်လမ်းတွဲလေးပါ။ ရွှေပိုးက ဒီဇာတ်လမ်းတွဲလေးထဲမှာ ရွာလူကြီးရဲ့သမီး ပုလဲမေနေရာကနေပါဝင်ထားပါတယ်။ ကာရိုက်တာကတော့ ရွှေပိုးအခြားဇာတ်လမ်းတွဲတွေနဲ့မတူတဲ့ ကာရိုက်တာလေးနဲ့ သွက်သွက်လက်လက်လေးမြင်ရမှာပါ။ အမှတ်တရတွေကတော့ အများကြီးပါ။ ရွှေပိုးချစ်ရတဲ့ မကြီးမြတ်ကေသီအောင်၊ ဦးနိုင်ကြီး၊ ဦးငှက်ပျောကြော်တို့ ဆီကနေ ပညာတွေ၊ ဗဟုသုတတွေ အများကြီးရပါတယ်။ ပါဝင်ကြတဲ့သူတွေကလဲ မိသားစုတွေလို ဖြစ်နေကြတဲ့အတွက် ပျော်ဖို့လဲကောင်းတယ်။ အတွေ့အကြုံတွေလဲ အများကြီးရတယ်။ မတူတဲ့ ကာရိုက်တာနဲ့ တွေ့ကြမယ်လို့ ထင်ပါတယ်"ဟု သရုပ်ဆောင် ရွှေပိုးအိမ်က ပြောပြသည်။

အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ရဲအောင်၊ မင်းသုနိုင်၊ နေဆန်း၊ မိုးဒီ၊ ငှက်ပျော်ကြော်၊ မင်းသူ၊ မင်းညီ၊ အောင်ဖြိုးလင်း၊ ဇော်ဝိုင်း၊ အဆိုတော် မင်းထက်၊ မြတ်ကေသီအောင်၊ ရွှေပိုးအိမ်၊ ခင်မိုမို့အေး၊ ဩဇည့်သည်သရုပ်ဆောင် မှုံနံ့သာကျော်ရဲအောင်၊ နန်း၊ နန္ဒာလင်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Legendary of Street Fighter ၌ ဂျေဆင်မိုမိုအာအပါအဝင် သရုပ်ဆောင်လေးဦး ပါဝင်နိုင်

နယူးယောက် မေ ၂၃

Legendary ရုပ်ရှင်ကုမ္ပဏီ၏ Street Fighter ဇာတ်ကား၌ မင်းသား ဂျေဆင်မိုမိုအာ၊ အင်ဒရူးကိုဂျီ၊ နိုအာစန်တီနီယို၊ ရိုမန်ရင်းတို့ ပါဝင်ဖွယ်ရှိကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် အထက်ပါ အမျိုးသားသရုပ်ဆောင် လေးဦးတို့သည် Street Fighter ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် Legendary ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Street Fighter ဇာတ်ကားသည် ကမ္ဘာကျော် Street Fighter ဗီဒီယိုဂိမ်းများကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

ယခင်ဇာတ်ကားကို ဒါရိုက်တာ ကီတာအိုဘာကူရိုင်းက တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

Street Fighter ဗီဒီယိုဂိမ်းများကို ၁၉၉၄ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့တွင် ရုပ်ရှင်ဇာတ်ကားများအဖြစ် ရိုက်ကူးထုတ်လုပ်ခဲ့ကြဖူးကြောင်း သိရသည်။

Legendary ၏ Street Fighter ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို မသိရသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ဖီလင်(Feeling) ရုပ်ရှင်ဇာတ်ကားကို ဇွန်လဆန်းတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်




ရန်ကုန် မေ ၂၃

ရွှေမြန်မာ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ဖီလင်(Feeling) ရုပ်ရှင်ဇာတ်ကားကို ဇွန်လဆန်းတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခြူးလေးက ပြောပြ၍ သိရသည်။

ဖီလင်(Feeling) ရုပ်ရှင်ဇာတ်ကား၏ဇာတ်လမ်းကို လင်းအောင်မြင်က ခံစားရေးဖွဲ့ထားပြီး သီဟစိုးက ဇာတ်ညွှန်းရေးသားကာ ရွှေမြန်မာ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝိုင်းနှင့် လက်ထောက်ဒါရိုက်တာ အသွင်သစ်တို့က ရွှေမြန်မာရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဖီလင်ဆိုတဲ့အတိုင်း ခံစားချက်ကိုဦးစားပေးကြတဲ့ လူတွေကြုံတွေ့ရမဲ့ ဘဝအမောတွေကို ဒီဇာတ်ကားမှာ မြင်ရမှာပါ။ နေရာတိုင်းမှာ စိတ်ခံစားချက်တွေကို ဦးစားပေးရင် ဘဝမှာပြင်မရတဲ့ အမှားတွေကိုကြုံတတ်တယ်ဆိုတဲ့ မက်ဆေ့ကို ဒီဇာတ်ကားမှာ မြင်ရမှာပါ။ အချစ် ဒရာမာဇာတ်ကားသန့်သန့်လေးကို ကြည့်ရမှာဖြစ်ပြီးတော့ ခြူးလေးကိုလဲ မမြင်ရဖူးသေးတဲ့ ကာရိုက်တာနဲ့မြင်ရမှာပါ" ဟု အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ခြူးလေးက ပြောပြသည်။

ဖီလင်(Feeling) ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ ဥသြသံသာ၊ မင်းအာကာ၊ မျိုးကိုကျော်၊ အောင်ဇော်မင်း၊ ဇင်မျိုးဝင်းမင်းသန်း၊ ဇော်ဝင်းမောင် ခြူးလေး၊ စိုးမိုးကြည်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# Pratical Magic-2 ဇာတ်ကား၌ မင်းသမီး ဂျိုယေးကင်း ပါဝင်လာဖွယ်ရှိ

နယူးယောက် မေ ၂၃

ဝါနာဘရားသား ကုမ္ပဏီ၏ Pratical Magic–2 ဇာတ်ကား၌ မင်းသမီး ဂျိုယေးကင်း ပါဝင်လာနိုင်ဖွယ်ရှိကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသမီး ဂျိုယေးကင်းသည် Pratical Magic–2 ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ဝါနာဘရားသား ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက် ရရှိခဲ့ပါက ဂျိုယေးကင်းသည် Pratical Magic–2 ဇာတ်ကား၌ မင်းသမီး စန်ဒရာဘူးလော့၊ နစ်ကိုးကစ်မင်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Pratical Magic–2 သည် Pratical Magic(1998)၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

Pratical Magic(1998) တွင် မင်းသမီး စန်ဒရာဘူးလော့နှင့် နစ်ကိုးကစ်မင်းတို့ပါ အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်ခဲ့ကြသည်။

Pratical Magic–2 ကို အမျိုးသမီးဒါရိုက်တာ ဆူဆန်ဘီအာကတာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တေးသံရှင် မျိုးကျော့မြိုင်၊ နွဲ့ယဉ်ဝင်း၊စိုင်းစိုင်းခမ်းလှိုင်၊ ကောင်းမြတ်၊ ဂျူဝယ်တို့၏ တေးဂီတ ဖျော်ဖြေပွဲကို အလုံမြို့နယ် MODERN RADIO- Star Lounge Bar ၌ ပြုလုပ်မည်

ရန်ကုန် မေ ၂၃

တေးသံရှင် မျိုးကျော့မြိုင်၊ နွဲ့ယဉ်ဝင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ကောင်းမြတ်၊ ဂျူဝယ်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ MODERN RADIO– Star Lounge Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် မျိုးကျော့မြိုင်က ပြောပြ၍ သိရသည်။

တေးသံရှင် မျိုးကျော့မြိုင်၊ နွဲ့ယဉ်ဝင်း၊ စိုင်းစိုင်းခမ်းလှိုင်၊ ကောင်းမြတ်၊ ဂျူဝယ်တို့၏ တေးဂီတဖျော်ဖြေပွဲကို MODERN RA–DIO– Star Lounge Bar ၌ မေ ၃၁ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို LUCKY HAND BAND တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"MODERN RADIO–Star Lounge Bar ၌ မေ ၃၁ရက် ညမှာ ဆုံကြမှာပါ။ LUCKY HAND BAND နဲ့အတူ စိုင်းစိုင်း၊ ဂျူဝယ်၊ ကောင်းမြတ်၊ အန်တီဂျိုက်စ်နဲ့ ကျွန်တော်တို့ရှိပါမယ်။ Live Show Concert အနေနဲ့ဖျော်ဖြေပေးမှာပါ"ဟု တေးသံရှင် မျိုးကျော့မြိုင်က ပြောပြသည်။

MODERN RADIO – Star Lounge Bar ၌ LUCKY HAND BAND နှင့်အတူ Live Show Con–cert အဖြစ် ဖျော်ဖြေမည့်တေးဂီတဖျော်ဖြေပွဲကို မေ ၃၁ ရက် ည ၇ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families of Kengtung Station, Triangle Region Command

## Tatmadaw serves as the core of national development, success of election and peace and stability



Senior General Min Aung Hlaing meets officers, other ranks and families of Kengtung Station.

**Nay Pyi Taw May 23**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met officers, other ranks and families of Kengtung Station, Triangle Region Command, at the Pyaynyeinaye Hall of the command HQ this afternoon.

Also present were Daw Kyu Kyu Hla, wife of the Senior General, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, Commander-in-Chief (Navy) Admiral Htain Win and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office of Commander-in-Chief and wives, and the Triangle Region Command commander.

**Political developments of the nation**

In his address, the Senior General said political developments of the country and other matters will be explained at the meeting. The nation will hold a multiparty democracy general election at the end of this year. Because of the vote rigging that occurred during the 2020 multiparty democracy general election, the Tatmadaw has to shoulder the duties of the State in accord with the 2008 Constitution.

When Tatmadaw started to assume the State duties, disturbances and protests caused by political disagreements appeared and later, terrorist acts erupted. Covid-19 broke out during the time and the country had to face departures of some unfaithful civilian servants from their duties and had to overcome the hardships with available forces. Thanks to the endeavours to control terrorist acts in accord with the law, they gradually died down later.




Senior General Min Aung Hlaing provides food supplies for Tatmadaw members and families.

**Natural disasters**

Apart from terrorism, the country also faced natural disasters. In 2023, cyclone Mocha hit Rakhine State, causing about Ks 534 billion worth of loss and damages. Soon after the occurrence of the cyclone, the Senior General visited the devastated areas and facilitated rehabilitation undertakings, and they were in full swing within six months. International aid also arrived in the country. In 2024, downpours propelled by typhoon Yagi also brought about a lot of loss and destruction.

The nation and people suffered large-scale destruction and losses during the recent Mandalay earthquake jolted on 28 March. Hence, the country had to face various kinds of natural disasters, terrorism, severe storms, inundation and earthquakes. The government gathered all available forces to overcome those natural disasters. As regards the quake damages, international rescue and relief teams were provided with collective support and assistance. Within an hour after the quake jolted, the Senior General surveyed the degree of loss and damage in Nay Pyi Taw Council Area, informed the nation about the situation and arranged means for the arrival of international assistance. As the international rescue and relief teams worked hand in hand with their local counterparts, many lives could be saved.

**Holding a multiparty democracy general election**

In line with the responsibilities assumed under the Constitution, the government has affirmed its commitment to holding a multiparty democracy general election. Preparations for the election are currently underway, with the national census already completed as part of the process. To ensure a clean election,



Senior General Min Aung Hlaing comforts a patient.

*See Page 13*

# SAC Chairman PM Senior General Min Aung Hlaing, wife Daw Kyu Kyu Hla pay homage to long-living Kengyin Sayadaw in Kengtung, offer donations


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla present offertories to Kengyin Sayadaw.


Kengyin Sayadaw presents a Dhamma gift to Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.

**Nay Pyi Taw May 23**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, and his entourage, together with the Chief Minister of Shan State, the commander of Triangle Region Command and officials, paid homage to Presiding Patron of Kengyin Monastery of Kengtung in Shan State (East) long-living Sayadaw Aggamaha Saddhammajotikadhaja Bhaddanta Khemacara this afternoon.

After paying homage, the Senior General and wife supplicated religious measures and health conditions of the Sayadaw and donated cash for nine prerequisites, collected cash donations and offertories to the Sayadaw who returned Dhamma gifts to mark his 100th birthday.

The Senior General inspected conservation of Nawngton Lake in Kengtung and viewed round activities of residents taking sports exercises along the bund by car. 100

*From Page 12*

efforts are being made to enable voters to use Electronic Voting Machines. Voting with Electronic Voting Machines can minimize voter registration errors.

Following the elections, efforts must be made to ensure that the Union, region, and state Hluttaws are able to convene properly. It is essential for all stakeholders to make concerted efforts to ensure the successful conduct of the election. In casting their votes, citizens are urged to choose candidates who can genuinely serve the interests of both the region and the nation. Tatmadaw must also continue to serve as a pillar for national development, the successful conduct of elections, and the maintenance of stability and peace.

**Must possess full fighting ability and fighting power**

Tatmadaw holds the primary responsibility for national defense, and to fulfill this duty, each individual and unit must possess full fighting ability and fighting power. All military personnel joined the armed forces of their own free will, without any external pressure. The military provides basic training and military education tailored to each individual's skill level. Individuals need to perform daily physical fitness exercises to improve their health, as physical fitness directly enhances their fighting ability. To achieve full fighting power, each military member must possess the necessary skills and abilities, as must each unit as a whole.

**Regional economic development must contribute to national economic growth**

In addition to fulfilling the duties of national defense, the Tatmadaw must also actively support national economic development. By ensuring the welfare of Tatmadaw personnel in terms of food, shelter, and living conditions, they can also contribute to regional economic growth. Similarly, surplus meat, fish, eggs, and vegetables from military farming and livestock operations can be sold to local communities at fair prices, further supporting the regional economy. Individual manageable-scale farming initiatives should also be encouraged. Military agricultural projects greatly benefit the well-being of officers, soldiers, and their families. Moreover, ensuring regional stability and peace will further drive economic progress. The economic development of each region must ultimately contribute to the nation's overall economic advancement.

**Enhancing the education of Tatmadaw family members**

Regarding education, the school enrollment period began on the 22nd of this month. The Tatmadaw continuously supports the educational advancement of students from military families, and parents are urged to prioritize their children's education. A strong education is essential for lifelong personal development, so educational efforts must be encouraged. The government is also working nationwide to improve education by providing various forms of support and assistance.

**Building unity and solidarity within and beyond the Tatmadaw**

Unity within the military and among different units must be strengthened. Officers, soldiers, and their families should treat one another as siblings, fostering a spirit of familial solidarity. Assigned duties and orders must be carried out diligently. Challenges should be overcome with the mindset of however high a mountain is, it must be beneath the foot of the climber. Additionally, military personnel must integrate with local communities as one, carrying out systematic public relations efforts to benefit both the region and its people. Through unity, the interests of the people and the nation must be advanced. Following these directives, the needs of officers, soldiers, and their families were addressed.

Afterward, the Chairman of the State Administration Council Commander-in-Chief of Defence Services distributed food supplies to officers, soldiers, and their families from the Kengtung Station. The commander accepted the provisions on their behalf. Separately, the wife of the Senior General presented funds to the station's maternal and child welfare association, which were received by the commander's wife.

At the end of the meeting, the Senior General, his wife, and party warmly greeted the attending Tatmadaw families.

Later, the Senior General, his wife, and party visited the Kengtung Regional Military Hospital, where they met with officers, soldiers, their families, and local civilians receiving treatment. They inquired about each individual's health, offered words of encouragement, and distributed food supplies. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defense Services Commander-in-Chief (Army) Vice-Senior General Soe Win visits patients at Defence Services Orthopedic Hospital (500-bed), Special Treatment Centre of Defence Services Hospital (1,000-bed) in Mingaladon Township


Vice-Senior General Soe Win comforts a patient.


Vice-Senior General Soe Win presents a gift to a patient.

**Nay Pyi Taw May 23**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defense Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by senior military officers from the Office of the Commander-in-Chief, the Yangon Command Commander, and other responsible officials, visited officers, other ranks and family members who were receiving treatments at the 500-bed Defence Services Orthopedic Hospital and the 1,000-bed Defence Services Hospital's Special Treatment Center in Mingaladon Township, Yangon Region this morning.

Upon arrival at the hospitals, the Vice-Senior General and party were welcomed by the hospital commandants of the hospitals and responsible officials.

Afterward, the Vice-Senior General and party individually visited and inquired about the health conditions, medical treatments, and recovery progress of the patients—officers, other ranks, and their families -- before speaking words of encouragement and providing food items and cash rewards to them.

Then, the Vice-Senior General also presented cash rewards for the healthcare staff working at the hospitals to the relevant responsible personnel. Afterward, the Vice-Senior General and party toured the hospitals to inspect the facilities and operations and gave instructions on necessary improvements to responsible officials.

100

## World Insights: What the future holds for U.S.-Iran nuclear talks?

**Tehran May 23**

As U.S. and Iranian negotiators gear up for a fifth round of nuclear talks in Rome on Friday, analysts warn that uranium enrichment remains the critical sticking point, but stress a breakthrough is still possible, citing both sides' incentive to avoid escalation and preserve fragile diplomatic progress.

Since the talks began on April 12, the two sides have held four rounds of indirect talks without achieving substantive breakthroughs. Recently, the United States has demanded complete cessation of Iran's uranium enrichment activities, drawing strong opposition from Tehran.

Despite the sharp division between the two sides on this issue, analysts say both Washington and Tehran remain willing to reach an agreement, and a breakthrough is still possible.

The first round of indirect talks between Iran and the United States took place on April 12 in Muscat, the capital of Oman. Subsequent rounds were held on April 19, April 26 and May 11, respectively, with discussions gradually shifting from broad frameworks to technical details. Economic experts joined the negotiations during the third round.

On May 18, however, U.S. Special Envoy to the Middle East Steve Witkoff told reporters that the United States "cannot allow even 1 percent of an enrichment capability" for Iran, significantly raising the stakes in the negotiations.

Xinhua

## German economy posts unexpected growth in first quarter amid U.S. tariff fears

**Berlin May 23**

Germany's struggling economy delivered an unexpected performance in the first quarter of 2025, with gross domestic product (GDP) rising by 0.4 percent compared to the previous quarter, according to figures released Friday by the Federal Statistical Office (Destatis).

The growth figure is double the office's initial estimate of 0.2 percent. However, GDP still declined by 0.2 percent compared to the same period a year earlier.

"Growth was slightly higher than predicted in the first estimate due to the surprisingly strong economic performance in March," said Ruth Brand, president of the statistics office. "In particular, output in manufacturing and exports exceeded earlier expectations."

The office reported a notable increase in foreign trade during the first quarter. Manufacturing output and exports, particularly in the automotive and pharmaceutical sectors, saw a marked improvement, as producers accelerated shipments ahead of potential U.S. tariffs.

"Anticipatory effects driven by fears of an emerging trade conflict with the United States likely contributed to the positive performance," the office noted.

Despite this quarter's uptick, the broader outlook for Germany's economy remains subdued. On Wednesday, key German economic advisers have downgraded their growth forecast for 2025 to zero, citing persistent economic stagnation.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဩစတြေးလျ Electro Optic Systems ကုမ္ပဏီက ရေတပ်သုံးတန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်အတွက် အမှာစာလက်ခံရရှိ



ဩစတြေးလျနိုင်ငံ Electro Optic Systems ကုမ္ပဏီသည် ရေတပ်အသုံးပြုရန် ၎င်း၏ အဝေးထိန်းချုပ်လုပ်ဆောင်နိုင်သော(RWS) Slinger တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်အတွက် အမေရိကန်ဒေါ်လာ ၃၄ သန်းတန်ဖိုးရှိ ဝယ်ယူရေးအမှာစာတစ်ခု လက်ခံရရှိခဲ့ကြောင်း The Defense Post သတင်းဌာနက မေ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါမှာယူမှု သဘောတူညီချက်တွင် လက်နက်စနစ်အမျိုးမျိုး၊ ဆက်စပ်အပိုပစ္စည်းများနှင့် လေ့ကျင့်သင်တန်းပေးရေးတို့ ပါဝင်ပြီး ရေတပ်စနစ်များဆိုင်ရာကုမ္ပဏီတစ်ခုက အဆိုပါဝယ်ယူရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ အနောက်ဥရောပနိုင်ငံတစ်ခု၏အစိုးရက ရန်ပုံငွေပံ့ပိုးပေးထားကြောင်းသာ အမည်အတိအကျဖော်ပြခြင်းမရှိဘဲ ထုတ်ပြန်ထားသည်။

အဆိုပါတန်ပြန် ဒရုန်းတိုက်ဖျက်ရေးစနစ်များကို ယခုနှစ်နှင့် ၂၀၂၆ ခုနှစ်အတွင်း လွှဲပြောင်းပို့ဆောင်ရန် စီစဉ်ထားပြီး အရေးတကြီးလုပ်ငန်း ဆောင်ရွက်မှုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါအမှာစာသည် Electro Optic Systems ကုမ္ပဏီထုတ် Slinger တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်အတွက် ယနေ့ထိ အကြီးမားဆုံးမှာယူမှုဖြစ်ပြီး ရေတပ်သုံး အဝေးထိန်းလက်နက်စနစ်(RWS) အတွက် ပမာဏအများဆုံးသဘောတူစာချုပ်တစ်ခုလည်းဖြစ်ကြောင်း ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

တန်ပြန် ဒရုန်းတိုက်ဖျက်ရေးစနစ်၏ အမည်ကို အဝေးမှ ရန်သူများကိုချေမှုန်းရန်အတွက် ကျောက်တုံးငယ်များကိုပစ်လွှတ်ရာတွင် တိကျမှုဖြင့် လူသိများသော ရှေးခေတ် Slinger စစ်သည်များ၏ အမည်ကို ဂုဏ်ပြု၍ အမည်ပေးထားကြောင်း သိရသည်။ Slinger စနစ်သည် ယူကရိန်းကဲ့သို့ မကြာသေးမီကဖြစ်ပွားခဲ့သော ပဋိပက္ခများမှ တိုက်ပွဲဝင်၊ စစ်မြေပြင် အတွေ့အကြုံများအပေါ် သင်ခန်းစာဖော်ထုတ်၍ လက်ရှိနှင့် ပြောင်းလဲနေသောခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် တီထွင်ထုတ်လုပ်ထားသည်။

၎င်းသည် သီးခြားစနစ်တစ်ခုအဖြစ် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်သကဲ့သို့ ပိုမိုကျယ်ပြန့်သော ကွန်ရက်ချိတ်ဆက်၊ ကာကွယ်ရေးစနစ် တစ်ရပ်အဖြစ်လည်း ပေါင်းစပ်အသုံးပြုနိုင်သည်။ Slinger စနစ်သည် ပစ်မှတ်ထောက်လှမ်းမှုနှင့် ခြေရာခံထိန်းကျောင်းခြင်းအတွက် ရေဒါတစ်ခု၊ အထူးပြုလုပ်ထားသော ခဲယမ်းများဖြင့် တည်ငြိမ်စွာနှင့် တိကျစွာအထိုင်ချတိုက်ပွဲဝင်နိုင်မည့် ၃၀ မမ အမြောက်များအပါအဝင် စနစ်အစိတ်အပိုင်းများစွာကို ပေါင်းစပ်ထားသည်။ ၎င်းသည် နေ့ညမရွေးတိုက်ပွဲဝင်နိုင်စွမ်းရှိပြီး အကွာဝေး ၁၂ ကီလိုမီတာကျော်လွန်သော ပစ်မှတ်များကို ထောက်လှမ်းခြေရာခံနိုင်သည်။ နေ့ဘက်သုံး ကင်မရာသည် အကွာအဝေး ၅ ဒသမ ၆ ကီလိုမီတာထိပစ်မှတ်များကို ထောက်လှမ်းသိရှိနိုင်ပြီး ၄ ဒသမ ၇ ကီလိုမီတာအတွင်း ပစ်မှတ်များကို စိစစ်ခွဲခြားဖော်ထုတ်နိုင်စွမ်းရှိမည်ဖြစ်သည်။

ဤမှာယူမှုသည် ကမ္ဘာ့ထိပ်တန်းတန်ပြန်ဒရုန်းတိုက်ဖျက်ရေး အဝေးထိန်းလက်နက်စနစ်၏ ဆင့်ကဲဖွံ့ဖြိုးမှုတွင် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ Slinger စနစ်သည် ကုန်းမြေစစ်ဆင်ရေးများတွင် စွမ်းဆောင်ရည်များကိုသက်သေပြနိုင်ခဲ့ပြီး ယခုအခါ ၎င်း၏ပထမဆုံး ရေတပ်သုံးစနစ်အဖြစ် အမှာစာလက်ခံရရှိခဲ့မှုသည် လက်နက်စနစ်၏ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် နယ်ပယ်စုံတွင် တိုက်ပွဲဝင်ဖြန့်ကြက် အသုံးပြုနိုင်မှုစွမ်းရည်လိုအပ်ချက်များကို မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်း သိရသည်။

**Electro Optic Systems Secures Order for Naval Counter–Drone System ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ကြည်းတပ်က SGT STOUT လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ပထမဆုံးတိုက်ရိုက်ပစ်ခတ်စမ်းသပ်

အမေရိကန်ကြည်းတပ်၏ အမှတ်(၅)တပ်ရင်း၊ အမှတ်(၄) လေကြောင်းရန်ကာကွယ်ရေးအမြောက်တပ်ရင်းကြီး(5–4 ADAR)သည် မေ ၆ ရက်မှ ၉ ရက်ထိ ကျင်းပသည့် နိုင်ငံစုံလေ့ကျင့်ရေး Formi–dable Shield 2025 တွင် SGT STOUT လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်ကို ပထမဆုံး တိုက်ရိုက်ပစ်ခတ်စမ်းသပ်မှုတစ်ရပ်ပြုလုပ်ခဲ့ကြောင်း Army Recognition သတင်းဌာနက မေ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခင်က M–SHORAD (Maneuver Short–Range Air Defense) ဟူသော အမည်ဖြင့်ထွက်ပေါ်လာခဲ့သည့် ဤတာတိုပစ် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်အသစ်သည် မဟာမိတ်များကြား ပူးပေါင်းလုပ်ဆောင်နိုင်မှုတွင် ထင်ရှားသောတိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ကို ကိုယ်စားပြုနေပြီး ဒရုန်းများ၊ ခရုဇ်ဒုံးကျည်များနှင့် အနိမ့်ပျံတိုက်ခိုက်မှုများဖြင့် မြေပြင်တပ်ဖွဲ့များအတွက် ခြိမ်းခြောက်မှုများ ဆက်တိုက်ဖြစ်လာလျက်ရှိသည့် ယူကရိန်းပဋိပက္ခမှ သင်ခန်းစာဖော်ထုတ်ချက်များမှ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိန်ခေါ်မှုများစွာဖြင့် အာတိတ်ဒေသပတ်ဝန်းကျင်အခြေအနေများတွင် တပ်ဖြန့်အသုံးပြုခဲ့ခြင်းဖြစ်သည်။ SGT STOUT လက်နက်စနစ်သည် ညအချိန် စစ်ဆင်ရေးအတွင်း သဏ္ဌာန်တူဝေဟင်ပစ်မှတ်များစွာကို တိုက်ပွဲဝင်ပစ်ခတ်မှုများလက်တွေ့ဆောင်ရွက်နိုင်ခဲ့သည်။ Stryker သံချပ်ကာယာဉ်ပေါ်တွင် တင်ဆောင်ထားပြီး အနီအောက်ရောင်ခြည် လမ်းညွှန်စနစ်သုံး Stinger ဒုံးကျည်များ၊ ၃၀ မမ အလိုအလျောက် လေယာဉ်ပစ်အမြောက်များနှင့် ရေဒါတစ်ခုတို့ကို ပေါင်းစပ်ထားကာ လေကြောင်းခြိမ်းခြောက်မှုများကို လွတ်လပ်စွာ ရှာဖွေထောက်လှမ်း၊ ခြေရာခံဖော်ထုတ်၍ တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။ လေ့ကျင့်မှုအတွင်း 5–4 ADAR တပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် လက်နက်စနစ်၏ တိုက်ပွဲလုပ်ငန်းစနစ်နှင့် ပြင်းထန်သောအခြေအနေများအောက်တွင် တိုက်ပွဲဝင် လုပ်ဆောင်နိုင်မှုတို့ကို သရုပ်ပြသခဲ့ကြသည်။

ခေတ်မီစစ်မြေပြင်များတွင် တာတိုလေကြောင်းခြိမ်းခြောက်မှုများပြန်လည်ပေါ်ပေါက်လာမှုကို တုံ့ပြန်သည့်အနေဖြင့် SGT STOUT လက်နက်စနစ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သည်။ ခြေလျင်ခြေမြန် လှုပ်ရှားတပ်ရင်း၊ တပ်ဖွဲ့များအတွက် ဒီဇိုင်းထုတ်ထားပြီး ၎င်းသည် တောင်ပံတပ်၊ ပန်ကာတပ်လေယာဉ်များ၊ မိုက်ခရိုအသေးစားဒရုန်းများ၊ အမြောက်များ၊ ဒုံးကျည်များနှင့် မြင်နိုင်စွမ်းနည်းပါးသော ခရုဇ်ဒုံးကျည်များကို ခုခံကာကွယ်နိုင်စွမ်းရှိသည်။ ၎င်း၏ ပြောင်းလွယ်ပြင်လွယ် ဖွဲ့စည်းပုံနှင့် ပေါင်းစပ်ကွပ်ကဲမှုကွန်ရက်များဖြင့်ချိတ်ဆက်လုပ်ဆောင်နိုင်မှုတို့သည် လက်နက်စနစ်၏ အဓိကအခြေခံသဘောတရားပင်ဖြစ်သည်။ ယခုအခါ အဆိုပါစနစ်ကို ဂျာမနီနိုင်ငံအခြေစိုက် အမေရိကန်ကြည်းတပ် တပ်ရင်းသုံးရင်း၊ Fort Sill (Okla–homa) နှင့် Fort Cavazos (Texas) တပ်မြို့တို့တွင် တပ်ဖြန့်အသုံးပြုနိုင်နေပြီဖြစ်သည်။



အမေရိကန်ကြည်းတပ် ဝယ်ယူရေး၊ အုပ်ချုပ်ထောက်ပံ့ပို့ဆောင်ရေးနှင့် နည်းပညာဆိုင်ရာလက်ထောက်ဝန်ကြီး Doug Bush ၏ ပြောကြားချက်အရ SGT STOUT လက်နက်စနစ်သည် ပေါ်ပေါက်လာသော ဝေဟင်ခြိမ်းခြောက်မှုများကို တန်ပြန်ရန် လက်နက်စနစ်၏အခန်းကဏ္ဍကို ကိုယ်စားပြုကြောင်း သိရသည်။

Formidable Shield 2025 စစ်ရေးလေ့ကျင့်မှုတွင် SGT STOUT လက်နက်စနစ် ပါဝင်လုပ်ဆောင်နိုင်ခဲ့မှုသည် လေ့ကျင့်မှု၏ ပိုမိုကျယ်ပြန့်သောဆင့်ကဲဖြစ်စဉ်ကို ထင်ဟပ်စေလျက်ရှိသည်။ မူလက ရေတပ်ဒုံးကျည်ကာကွယ်ရေးအပေါ် အာရုံစိုက်ခဲ့ပြီး ယခုအခါ ပိုမိုပြည့်စုံသော ပေါင်းစပ်လေကြောင်းရန်ကာကွယ်ရေးဖွဲ့စည်းပုံကို တည်ဆောက်ရန်အတွက် လေကြောင်းနှင့် မြေပြင်အခြေစိုက်စနစ်အစိတ်အပိုင်းများကိုပါ ပေါင်းစပ်ထည့်သွင်းထားကြောင်း သိရသည်။

**US Army Conducts First Test of SGT STOUT Air Defense System Against Drones and Missiles in Nor–wegian Arctic ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

အရာရှိ၊စစ်သည်၊မိသားစု သိရှိနားလည်နိုင်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပေါ်ခဲ့သည့်

**ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ ဒေသနှင့်နိုင်ငံတော်၏အကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သည့်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ရန်လို၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အမာခံအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ် . . .**

ရွေးကောက်ပွဲ ကျင်းပပြီးချိန်၌ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များ ခေါ်ယူရာတွင် လွှတ်တော် အထမြောက်စေရေးအတွက် ဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ **ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

မဲမသမာမှုဖြစ်စဉ်များကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက်ခဲ့ရချိန်တွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများကြောင့် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်းတွင် အကြမ်းဖက်လုပ်ရပ်များကိုပင် လုပ်ဆောင်လာခဲ့ကြကြောင်း၊ ယင်းအချိန်သည်ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့်ကာလဖြစ်ပြီး သစ္စာမဲ့သည့် နိုင်ငံ့ဝန်ထမ်းအချို့၏လုပ်ငန်းခွင်စွန့်ခွာမှုများကိုလည်းကြုံတွေ့ခဲ့ရကြောင်း၊မိမိတို့အနေဖြင့် ထိုကဲ့သို့သောအခက်အခဲနှင့်အကျပ်အတည်းများကို နိုင်ငံတော်တွင်ရှိသမျှသော အင်အားစုများဖြင့် ရင်ဆိုင်ကျော်လွှားခဲ့ကြရကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့သဖြင့်နောက်ပိုင်းတွင် အကြမ်းဖက်မှုများ တဖြည်းဖြည်းလျော့ပါးသွားခဲ့ကြောင်း။

## သဘာဝဘေးအန္တရာယ်များကြုံတွေ့ခဲ့ရမှု

အကြမ်းဖက်မှုဖြစ်စဉ်များအပြင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရမှုအနေဖြင့်၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြုံတွေ့ခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုအနေဖြင့် ငွေကျပ် ၅၃၄ ဘီလီယံကျော်ခန့်ဆုံးရှုံးခဲ့ရကြောင်း၊ မိုခါမုန်တိုင်းတိုက်ခတ်မှုပြီးလျှင်ပြီးခြင်း မိမိကိုယ်တိုင်သွားရောက်ခဲ့ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအမြန်ဆုံးဆောင်ရွက်စေခဲ့ရာ ခြောက်လအတွင်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံတကာမှလည်းကူညီဆောင်ရွက်ပေးမှုများရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းကြောင့်ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြုံတွေ့ခဲ့ရချိန်တွင်လည်း ထိခိုက်ဆုံးရှုံးမှုများ များပြားခဲ့ရကြောင်း၊မကြာသေးမီက မတ် ၂၈ ရက်တွင်ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီးကြုံတွေ့ခံစားခဲ့ရချိန်၌လည်း နိုင်ငံတော်နှင့် ပြည်သူလူထုတို့တွင် ထိခိုက်ဆုံးရှုံးမှုများ များပြားခဲ့ရကြောင်း၊ နိုင်ငံတော်အနေဖြင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ၊ မုန်တိုင်းတိုက်ခတ်မှု၊ ရေကြီးရေလျှံမှုနှင့်ငလျင်ဘေးဒဏ်စသည့် သဘာဝဘေးအန္တရာယ်မျိုးစုံကိုကြုံတွေ့ခဲ့ရကြောင်း၊ မိမိတို့တွင်ရှိသည့်အားများကိုစုစည်း၍ ရင်ဆိုင်ကျော်ဖြတ်ခဲ့ကြရကြောင်း၊ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ငလျင်လှုပ်ခတ်ပြီး မကြာမီနာရီပိုင်းအတွင်း မိမိအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများကို နိုင်ငံတော်သို့အသိပေးပြောကြားခဲ့ပြီး နိုင်ငံတကာမှ အကူအညီများရရှိရေးအတွက်လည်း ပြောကြားခဲ့ကြောင်း၊နိုင်ငံတကာမှကူညီကယ်ဆယ်ရေးအဖွဲ့များအနေဖြင့်လည်း မိမိတို့နိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့မှုကြောင့် အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး

မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကိုတာဝန်ယူဆောင်ရွက်ခဲ့ခြင်းကြောင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အမြန်ဆုံးပြုလုပ်နိုင်ရန်အတွက် မိမိတို့အနေဖြင့်ကြိုတင်ပြင်ဆင်ခြင်းများကိုဆောင်ရွက်လျက်ရှိပြီး သန်းခေါင်စာရင်းကောက်ယူခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သန့်ရှင်းသောရွေးကောက်ပွဲဖြစ်စေရေးဆန္ဒမဲပေးရာ၌ Electronic Voting Machine ဖြင့်မဲပေးနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ Electronic Voting Machine နှင့် မဲပေးခြင်းဖြင့် မဲစာရင်းမှားယွင်းမှုများကို အနည်းဆုံးဖြစ်စေနိုင်ကြောင်း။

**ဒေသနှင့်နိုင်ငံတော်၏အကျိုးကိုအမှန်တကယ်ဖော်ဆောင်ပေးနိုင်သည့် ကိုယ်စားလှယ်လောင်းများကိုရွေးချယ်ရန် လိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အမာခံအနေဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း။

## တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရမည်

တပ်မတော်အနေဖြင့်နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် တိုက်စွမ်းရည်၊တိုက်စွမ်းအားများပြည့်ဝနေရမည်ဖြစ်ကြောင်း၊တပ်မတော်သားများအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏တိုက်တွန်းချက်မျှမပါရှိဘဲ မိမိတို့သဘောဆန္ဒအလျောက် တပ်မတော်သို့ဝင်ရောက် အမှုထမ်းကြခြင်းဖြစ်ကြောင်း၊

တပ်မတော်သားများ၏ တစ်ဦးချင်းအရည်အချင်းများပြည့်ဝစေရေး အဆင့်အလိုက် သတ်မှတ်ထားသည့် အခြေခံသင်တန်းများနှင့် သက်ဆိုင်ရာနယ်ပယ်များအလိုက် စစ်ပညာများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ တစ်ဦးချင်းအနေဖြင့် ကျန်းမာရေးကောင်းမွန်စေရေး သတ်မှတ်ထားသည့် ကိုယ်ခန္ဓာကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို နေ့စဉ်ဆောင်ရွက်နေရန်လိုပြီး ကိုယ်ခန္ဓာကြံ့ခိုင်မှုရှိမှသာ တိုက်စွမ်းရည်အတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ပြည့်ဝစေရေးအတွက် တပ်မတော်သားတစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့် အရည်အချင်းများနှင့်တပ်ဖွဲ့တစ်ခုချင်းစီအလိုက်အရည်အချင်းများရှိရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသူများအား တစ်ဦးချင်း၏ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

### ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံစီးပွားမြင့်တင်ခြင်းကို ဖော်ဆောင်ပေးနိုင်ရမည်

နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရမည်ဖြစ်သည့်အပြင် နိုင်ငံစီးပွားတိုးတက်ရေးအတွက်လည်း တပ်မတော်အနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊တပ်မတော်သားများ၏စားသောက်နေထိုင်ရေးကို ပြည့်စုံအောင်ဆောင်ရွက်ပေးမည်ဆိုပါက ဒေသစီးပွားတိုးတက်ရေးအတွက်လည်း အထိုက်အလျောက်အကူအညီပေးနိုင်ကြောင်း၊ အလားတူ တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့်ဟင်းသီးဟင်းရွက်များကို ဒေသခံပြည်သူများကို ထိုက်သင့်သည့်ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်မည်ဆိုပါက ဒေသစီးပွားရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ အလားတူ တစ်ဦးချင်းဆောင်ရွက်နိုင်သည့်တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အရာရှိ၊စစ်သည်၊ မိသားစုများ၏ သက်သာချောင်ချိရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ဒေသအလိုက်လုံခြုံတည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါကလည်း ဒေသ၏စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့သက်ဆိုင်ရာဒေသအလိုက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်မှုမှသည် နိုင်ငံစီးပွားမြှင့်တင်မှုကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း။

### တပ်မတော်သားမိသားစုဝင် သားသမီးများ၏ ပညာရည်မြင့်မားရေး

ပညာရေးနှင့်ပတ်သက်၍ ယခုလ ၂၂ ရက်မှစတင်၍ ကျောင်းအပ်နှံရေးရက်သတ္တပတ်စတင်နေပြီဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင်ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် မိဘများအနေဖြင့်လည်း မိမိတို့ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကိုအလေးပေးဆောင်ရွက်ကြရန်တိုက်တွန်းမှာကြားလိုကြောင်း၊ ပညာရေးကောင်းမွန်မှသာလျှင် ၎င်းတို့၏ဘဝတစ်လျှောက်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်မည်ဖြစ်သဖြင့် ပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ တစ်နိုင်ငံလုံးပညာရည်မြင့်မားရေးအတွက် မိမိတို့အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ပညာရေးနှင့်ပတ်သက်သည့် အားပေးထောက်ပံ့မှုမျိုးစုံကို ပြုလုပ်ပံ့ပိုးလျက်ရှိကြောင်း။

> **ဒေသခံပြည်သူများနှင့်အတူ တစ်သွေးတည်း တစ်သားတည်းဖြစ်အောင်ဆောင်ရွက်သွားကြရန်လိုပြီး တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်နှင့် ဒေသအကျိုး၊ ဒေသခံများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်၊ စုစည်းညီညွတ်သည့်အားများဖြင့် ပြည်သူလူထု၏အကျိုးစီးပွား၊ နိုင်ငံ၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ် . . .**

### တပ်တွင်း၊တပ်ပြင်စည်းလုံးညီညွတ်ရေးဖြင့် စုစည်းညီညွတ်သည့်အားကိုတည်ဆောက်

တပ်တွင်း စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ မိမိတို့တပ်အတွင်းနှင့် တပ်အချင်းချင်းစည်းလုံးညီညွတ်မှုရှိအောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အရာရှိ၊စစ်သည်၊ မိသားစုများအချင်းချင်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊မောင်ရင်းနှမသဖွယ်စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံးနေထိုင်ကြရန်၊ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာတာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊တွေ့ကြုံနေရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရာတွင်လည်း **“တောင်ကြီးဖဝါးအောက်”**ဟူသည့်စိတ်ဓာတ်များမွေးမြူ၍ ကျော်လွှားဆောင်ရွက်သွားကြရန်လိုကြောင်း၊မိမိတို့အနေဖြင့်လည်း **ဒေသခံပြည်သူများနှင့်အတူ တစ်သွေးတည်း တစ်သားတည်းဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုပြီး တပ်ပြင်စည်းရုံးရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်နှင့် ဒေသအကျိုး၊ ဒေသခံများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်**ကြောင်း၊ **စုစည်းညီညွတ်သည့်အားများဖြင့် ပြည်သူလူထု၏အကျိုးစီးပွား၊နိုင်ငံ၏အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်**ကြောင်းဖြင့် မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျိုင်းတုံတပ်နယ်မှ အရာရှိ၊စစ်သည်၊မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ကျိုင်းတုံမြို့ နယ်မြေခံတပ်မတော်ဆေးရုံရှိ သားဖွားဆောင်၌ သားဖွားမိခင်တစ်ဦးအား ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကိုသွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာ ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှ တစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကျိုင်းတုံမြို့ သက်တော်ရှည် ကျိုင်းယင်းဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း





ကျိုင်းတုံမြို့ သက်တော်ရှည် ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နဝကမ္မအလှူငွေများ၊ စုပေါင်းအလှူတော်ငွေများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် မေ ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ သက်တော်ရှည် ကျိုင်းယင်း ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တခေမာစာရ အား သွားရောက်ဖူးမြော် ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဆရာတော်ကြီးအား ဖူးမြော် ကြည်ညိုပြီး သာသနာရေးဆိုင်ရာ များနှင့် ဆရာတော်ကြီး၏ ကျန်းမာ ရေးအခြေအနေများကို မေးမြန်း လျှောက်ထားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နဝကမ္မအလှူငွေများ၊ စုပေါင်းအလှူတော်ငွေများ၊ လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းရာ ဆရာတော်ကြီးက သက်တော် ၁၀၀ နှစ်ပြည့် အထိမ်း အမှတ် ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ကျိုင်းတုံမြို့ နောင်တုံကန် ထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ ကန်ပေါင် ပတ်လည်တစ်လျှောက် အားကစား ဆောင်ရွက်နေမှုများကို မော်တော် ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)



ကျိုင်းတုံမြို့ သက်တော်ရှည် ကျိုင်းယင်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများနှင့် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားစဉ်။

# မြိတ်မြို့နှင့် တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံ၊ လက်ခံနေမှုများကို သွားရောက်ကြည့်ရှုအားပေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံ၊ လက်ခံခြင်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံ၊ လက်ခံခြင်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မေ ၂၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၂ ရက်မှ ဇွန် ၁ ရက်ထိ သတ်မှတ်၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်လျက် ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း(ကျွဲကူး)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံ၊ လက်ခံခြင်းများ ဆောင်ရွက်နေမှုတို့ကို ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆရာ၊ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံ၊ လက်ခံခြင်း များ ဆောင်ရွက်နေမှုတို့ကို တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဆေးကုသမှုခံယူနေသူ တစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံများသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံများတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်၊ မိသားစုများကို တစ်ဦးချင်းလိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှု အခြေအနေများနှင့်ပတ်သက်၍ တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းအား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးလိုက်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများကို ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသားတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။


**နေပြည်တော် မေ ၂၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များ၌လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများကို ပထမအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်



**နေပြည်တော် မေ ၂၃**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပျံ့တက်တိမ်များ ဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း မေ ၂၄ ရက်မှ ၃၁ ရက်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## ၂၀၂၅ ခုနှစ် မေ ၂၃ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၇၄၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ကုန်သွယ်မှုလျှာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၂၃

ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၂/၂၀၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၅) အစည်းအဝေး ခန်းမ၌ ကျင်းပရာ ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး ဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြော ကြားသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့်ကုန် စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ဗဟိုကော်မတီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်း မှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော် မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာစကားပြောကြားရာ တွင် မတ် ၂၈ ရက်တွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ကုန်သွယ်မှုနှင့်ကုန် စည်စီးဆင်းမှုများ ပြတ်တောက်မှုမရှိစေ ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုကြောင့် အချိန် တိုအတွင်း ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်အခြေအနေရောက်ရှိအောင် ဆောင် ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုလျာ ထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ပို့ကုန်သွင်းကုန် လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်စပ်ကုန်သွယ်ရေးနည်းလမ်း (Border Trade Method)ဖြင့် ရန်ကုန်-ကော့ သောင်း-ရနောင်းနှင့် ရနောင်း-ကော့ သောင်း-ရန်ကုန်သို့ နယ်စပ်ကုန်သွယ်မှု နည်းလမ်း ကွန်တိန်နာစနစ်ဖြင့် တင်ပို့ တင်သွင်းခြင်းကို ၂၀၂၄ ခုနှစ် ဇွန်လမှ စတင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကုန် သွယ်မှုစာရင်းများအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပိုငွေ အမေရိ ကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံကျော်ရှိ ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း ကုန်သွယ်မှုပိုငွေရရှိ စေရေးအတွက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင် ရေးကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါ ကြောင်း၊ ထို့ပြင် ပို့ကုန်တင်ပို့ပြီးပို့ကုန်ရငွေ များအချိန်မီပြန်လည်ဝင်ရောက်ရေးကိစ္စ ရပ်များ၊စက်သုံးဆီ၊စားသုံးဆီတင်သွင်းသို လှောင်ဖြန့်ဖြူးမှုကိစ္စရပ်များ အဆင်ပြေ ချောမွေ့စေရေး ဆောင်ရွက်မှုအခြေအနေ များ၊ CMP လုပ်ငန်းများ ပိုမိုတင်ပို့နိုင်ရေး ကိစ္စရပ်များကို ဦးစားပေးဆောင်ရွက် လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက် ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ၊ ဗဟို ကော်မတီအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြား ထားသူများက ကုန်သွယ်မှုနှင့်ကုန်စည်စီး ဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့် ကုန်စည် စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေး ဗဟို ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံး ချုပ်အမှာစကားပြောကြားကာ အစည်း အဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

# မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် မေ ၂၃

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၌ တက် ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံ ပြည်သူများကို ယနေ့တွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ် ဌာနချုပ် တိုင်းမှူးတို့က သွားရောက် ကြည့်ရှု အားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီး နားမြို့ရှိ တပ်မတော်ဆေးရုံ၊ ကယားပြည် နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသ ကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော် ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက် ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွား ရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ် ပွားမှု၊ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာ ရေး တိုးတက်ကောင်းမွန်မှုအခြေအနေ များကို မေးမြန်းအားပေးစကားပြောကြား ပြီး ချီးမြှင့်ငွေများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆရာဝန်၊ သူနာပြုများအတွက်လည်း ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန် ရှိသူများသည် ဆေးရုံများအတွင်း လှည့် လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။ (၅၀၁)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။





# အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသားများ စစ်ရေယာဉ်(မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် လေ့လာရေးဆောင်ရွက်

အခြေခံလေကြောင်းလူငယ်သင်တန်း နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ စစ်ရေယာဉ်(မုတ္တမ)ပေါ်တွင် ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် မေ ၂၃

အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅)မှ သင်တန်းသားများနှင့် နည်းပြ အုပ်ချုပ်သူများသည် ယနေ့တွင် စစ်ရေ ယာဉ်(မုတ္တမ)ဖြင့် ရန်ကုန်မြစ်ကြောင်း တစ်လျှောက်လေ့လာရေးခရီးသွားရောက် ကြသည်။

လေ့လာရေးခရီးစဉ်တွင် သင်တန်း သားများနှင့် နည်းပြအုပ်ချုပ်သူများသည် စစ်ရေယာဉ်ဆိုင်ရာအချက်အလက်များ၊ လက်နက်စနစ်များ၊ စက်ပိုင်းဆိုင်ရာစနစ် များ၊ ရေကြောင်းသွားလာရေးဆိုင်ရာ အထွေထွေဗဟုသုတများ၊ ဆက်သွယ်ရေး နှင့် အီလက်ထရောနစ်ဆိုင်ရာစနစ်များ နှင့် ရေယာဉ်ခုတ်မောင်းနေစဉ် ဆောင် ရွက်ရမည့် လုပ်ငန်းတာဝန်များကို စိတ်ပါဝင်စားစွာလေ့လာကြရာ တာဝန် ရှိသူများက လိုက်လံရှင်းလင်းပြသ ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# ကဆုန်လ

## မောင်လူမွေး(မြန်မာမှု)

ကဆုန်လအရေးကို ပုဂံခေတ်ကျောက်စာများတွင် **"ကုဆုန်"** ဟု **"က"** တွင် **"ဥ"** သရယှဉ်၍ အရေးများပါ၏။ သက္ကရာဇ်စဉ်အရဆိုပါက ၄၆၉ ခုနှစ်ထိုး ပရိမ္မထီးလှိုင်ရှင်စေတီ ကျောက်စာ၊ ၅၆၄ ခုနှစ်ထိုး သံပျင်ရင်ကောင်းဘုရား ကျောက်စာ၊ ၆၀၃ ခုနှစ်ထိုး ကူနီဘုရားကျောက်စာ၊ ၆၀၈ ခုနှစ်ထိုး ရှင်မဟာကဿပကျောက်စာတို့တွင် တွေ့ရပေသည်။

အချို့သောကျောက်စာတို့တွင်လည်း **"ကူဆုန်"** **"ခူဆုန်"** **"ခုဆုန်"** ဟု ရေးထိုးကြလေသည်။ သက္ကရာဇ် ၆၀၀ ကျော် နောက်ပိုင်း ကျောက်စာများတွင်မူ ထို **ကူ-ခူ-ခု** အက္ခရာအရေးမှ **"က"** အရေးများလာပြီး **"ကဆုန်"** ဟု ရေးသားလာလေသည်။

ကဆုန်၌ **"က"** သဒ္ဒါသည် **"ရေ"** အနက်အဓိပ္ပာယ်ဟောဖြစ်ကြောင်းကို ဆရာကြီး ဦးဖိုးလတ်က သူ၏ မြန်မာလအမည်များအဖွင့်ကျမ်းတွင် တရုတ်၊ ထိုင်း၊ တိဗက်၊ ကချင်၊ ချင်း၊ ရှမ်း စသည့်တိုင်းနိုင်ငံလူမျိုးစုတို့၏ ရေတွင်ပေါက်၍ ရှင်သန်သော ကန်စွန်း၊ ကညွတ်၊ ကတောက်၊ ကုတို့၊ ကုဟာ(ခဝါစသည်) စသည့်ရေနှင့်ဆက်စပ်၍ဖြစ်ပေါ်လာသော ဝေါဟာရများကို ရှင်းပြထားလေသည်။

ထိုကဲ့သို့ပင် **"ဆုန်"** ကိုလည်း သွန်း၊ ဖျန်း၊ ဆမ်း၊ စီးဆင်း၊ ယိုစီး၊ လောင်း၊ ရွာ စသည့် အနက်အဓိပ္ပာယ်များနှင့် ဆက်စပ်လာကြောင်းကို အထောက်အထားများဖြင့် ဖော်ပြထားလေသည်။

ထို့ကြောင့် **ကဆုန်၊ ကူဆုန်၊ ခူဆုန်၊ ခုဆုန်၊ ကဆုန်=**ရေလောင်းခြင်း၏ အဓိပ္ပာယ်ထွက်ကြောင်း အဘိဓာန်ဖွင့်ဆိုထားလေသည်။

ဤသဘောကို ကျော်အောင်စံထားဆရာတော်က "ယောမာသော=အကြင်လသည်၊ ကံဥဒကံ=ရေကို၊ ဆိန္ဒတိ=ဖြတ်တတ်၏၊ ဣတိတသ္မာ=ထို့ကြောင့်၊ သောမာသော=ထိုလသည်၊ ကဆိန္ဒံ=ကဆုန်မည်၏။ အဓိပ္ပာယ်ကား ကန်ချောင်း၊ ဆည်မြောင်း၊ ထုံးအင်းအိုင်တို့၌ ရေပြတ်ရေစစ်သောလ ဆိုလိုသည်၊ ယူဆရမည်" ဟုဝေါဟာရတ္ထပကာသနီကျမ်းတွင် ရှင်းပြထားလေသည်။

တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးက ဗုဒ္ဓဝင်ကျမ်းတွင် ကဆုန်လကို "ဥဒက= ရေ၊ ဆိန္ဒ= "ဖြတ်တောက်"၊ ဥဒကမှ "က" နှင့် ဆိန္ဒမှ "ဆုန်" ကိုပေါင်းစပ်ကာ ကဆုန်အဖြစ်ပြောင်းလဲလာသည်။ ရေပြတ်သောလဟု ဆိုလိုကြောင်း ဖွင့်ဆိုထားပေသည်။ ဤအဆိုအတိုင်းပင် "တန်ခူးရေကုန် ကဆုန်ရေခန်းဆိုသော" စကားပုံရှိနေရာ မှန်လှပေသည်။

မြန်မာ့ ၁၂လရာသီများအနက် ကဆုန်လသည် ဝါဆို (မြွယ်တာ=နွယ်တာ)၊ ဝါခေါင် (နံကာ)၊ တော်သလင်း (သစ်ဆင်း)၊ သီတင်းကျွတ် (သန်တူ)၊ တန်ခူး (တာကူး) ဟု မူကွဲမရှိဘဲ မြန်မာစာအရေးအသားပေါ်သည်မှစ၍ ယနေ့တိုင် တစ်သမတ်တည်း တည်လာခဲ့သည်မှာ ထူးခြားလှပေသည်။

ပုဂံခေတ်ထိုး သင်ကြီးညောင်အုတ်ကျောက်စာ (၅၆၃)၊ စောလုဝန်းဘုရားကျောက်စာ (၆၅၃) စသည်တို့အရ ကဆုန်လတွင် ညောင်ရေသွန်းပွဲရှိနေကြောင်းသိရပေသည်။

ကဆုန်လကား ဗုဒ္ဓဘာသာတို့ အထွတ်အမြတ်ထားရာလတစ်လဖြစ်ပေသည်။ ကဆုန်လပြည့်နေ့သည် "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း" ဟူသည်နှင့်အညီ သုမေဓာရှင်ရသေ့ဘဝ ဒီပင်္ကရာဘုရားထံမှ "ဘုရားစင်စစ်၊ ဧကန်ဖြစ်လိမ့်မည်" ဟု နိယတဗျာဒိတ်ကို ခံယူတော်မူခြင်း၊ ဘုရားလောင်းဖွားမြင်တော်မူခြင်း၊ မဟာဗောဓိပင်ပေါက်ခြင်း၊ ဤဗောဓိပင်အောက်တွင်ပင် သဗ္ဗညုတဉာဏ်တော်ရတော်မူခြင်း၊ ကဆုန်လပင် ပရိနိဗ္ဗာန်ပြုခြင်း စသည်တို့ကြောင့် ကဆုန်လပြည့်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကြပေသည်။ ဗုဒ္ဓဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပါဒ် ပါဠိဒေသနာများကိုရွတ်ဖတ်ပြီး ကဆုန်လပြည့်တွင် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းကြပေသည်။ ဗုဒ္ဓနေ့အဖြစ် ကျင်းပကြလေသည်။

ကဆုန်လပြည့်နေ့တွင် ဖွားမြင်တော်မူသော ဘုရားလောင်းနှင့် ဖွားဖက်တော် ခုနစ်ပါးတွင် "ကာဠုဒါယီ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သေဏ္ဍာ၊ ဗုဒ္ဓဟေ" ဆိုသည့်အထဲတွင် "ဗုဒ္ဓဟေ" ဗောဓိညောင်ပင်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

ဗောဓိညောင်ပင်ကို ပရိဘောဂစေတီတွင် ထည့်သွင်း၍ပူဇော်နိုင်ကြောင်းကို အနာထပိဏ် သူဌေးကြီးနှင့် ရှင်အာနန္ဒာကို အကြောင်းပြု၍ ဟောကြားတော်မူ၊ ခွင့်ပြုတော်မူချက်ရှိပေသည်။ (တေရသကနိပါတ် ကာလိင်္ဂဗောဓိဇာတ်)

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် မင်းအဆက်ဆက်သည် ဗောဓိပင်ကို ပရိဘောဂစေတီတော်အနေနှင့် ယုံကြည်ကိုးကွယ်စိုက်ပျိုးခဲ့ကြလေသည်။ ထိုမင်းများအနက် သီရိဓမ္မာသောကမင်းကြီး၏ ဗောဓိပင်ဆိုင်ရာ ယုံကြည်ကိုးကွယ်မှုမှာ ထူးခြားလှပေသည်။ (သာသနာနှစ် ၂၃၆)

သမီးတော်သင်္ဃမိတ္တာကို သီရိလင်္ကာသို့ ဗောဓိပင်နှင့်တကွ ကြွရောက်ပြီး သာသနာပြုစေခဲ့သည်။ သီရိလင်္ကာရှိ စေတီပုထိုး သာသနိကအဆောက်အအုံများ၌ သင်္ဘောဆိပ်တွင် ဆိုက်ကပ်သော သင်္ဘောပေါ်မှ သင်္ဃမိတ္တာပုံ ဒေဝါနံ ပိယတိဿမင်း၊ ဒက္ခိဏသာခါဗောဓိပင်ကိုင်း ထီးဖြူတော်ဖြန့်မိုးစိုက်ထူ၍ ပင့်ဆောင်သော ပန်းချီပုံများကို နေရာအနှံ့တွင် တွေ့ရပေသည်။

မြန်မာနိုင်ငံနှင့် ဗောဓိပင်ဆိုင်ရာသမိုင်းကြောင်းသည် ပုဂံခေတ်ကပင်လျှင် စတင်လာသည်ဟု ဆိုရပေမည်။ အနော်ရထာမင်းလက်ထက်တွင် သီဟိုဠ်မင်း ဝိဇယဗာဟု၏ သဝဏ်လွှာအရ အနော်ရထာမင်းသည် ပုဂံမှ သံဃာတော်များကို သီဟိုဠ်သို့ ကြွရောက်တော်မူစေကြောင်းကို တွေ့ရသော်လည်း ဗောဓိပင်နှင့် ဆက်စပ်၍ အချက်အလက်မပါသည်ကိုတွေ့ရပေသည်၊

ကျန်စစ်သားမင်းလက်ထက် အိန္ဒိယပြည် ဗုဒ္ဓဂယာရှိ ဗောဓိညောင်ပင်နှင့် သီရိဓမ္မာသောကမင်းကြီးတည်ထားခဲ့သော မဟာဂါမဝတ္ထု အဆောက်အအုံကြီးများကို သံတမန်အဖွဲ့ စေလွှတ်၍ ပြင်ဆင်မွမ်းမံစေခဲ့ကြောင်းတွေ့ရပါသည်။

မြန်မာမှုစာပေလောကတွင် "ဝင်ကိုးဝင်" ရှိပေသည်။ ထိုအထဲတွင် ဗောဓိဝင်= (ဗောဓိပင်သမိုင်း) သည်လည်း တစ်ခုအပါအဝင်ပင်ဖြစ်သည်။ မဟာဓမ္မသင်္ကြံ၏ သာသနာလင်္ကာရစာတမ်းအရ သက္ကရာဇ် ၅၃၆ ခုနှစ်တွင် ပုဂံ၌ နန်းတက်တော်မူသည့် အလောင်းစည်သူမင်း၏မြေးတော် နရပတေ့စည်သူမင်းလက်ထက်တွင် ပေါင်းလောင်းရှင် ကဿပမထေရ်သည် သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွသွား၍ အပြန်တွင် မဟာဗောဓိညောင်စေ့၊ မဟာစေတီပုံတော်၊ လောဟပါသာဒ ပြာသာဒ်ပုံတော်၊ ဓာတ်တော်မွေတော်များကို ယူဆောင်လာပြီး နရပတေ့စည်သူမင်းကို ပေးအပ်ကြောင်း တွေ့ရပါသည်။

ထို့နောက် ပင်းယခေတ်တွင် ဥဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ပင်းကြားအရပ်၌ ဇမ္ဗူကမည်သော ကျောင်းဆောင်မကြီးနှင့်တကွအရန်ကျောင်း ခြောက်ဆောင် တည်ဆောက်ပြီး အရှေ့မြောက်အရပ်တွင် မင်းကြီးကိုယ်တိုင် လက်တော်နှင့်ကိုင်၍ စိုက်တော်မူ၏ဟု ဖော်ပြထားလေသည်။

မြန်မာ့ရာဇဝင်မင်းဆက်များအရ ထူပါရုံဒါယကာမင်း နရပတေ့ကြီး (၈၀၄) လက်ထက်၌ တစ်ကြိမ်၊ ပြည်စုံမင်း မဟာသီဟသူရ (၈၃၀) လက်ထက်၌ တစ်ကြိမ် ရာဇဗလစိတ္တ ရာဇတမန်တို့ကို သီဟိုဠ်သို့စေလွှတ်၍ စွယ်တော် စက်တော်ရာမဟာစေတီနှင့် မဟာဗောဓိပင်တို့တွင် အလှူတော်ပြုကြောင်း တွေ့ရပေသည်။

မွန်ဘုရင် ဓမ္မစေတီ(၈၃၃)လက်ထက်တွင်လည်း ဓမ္မစေတီမင်းကြီးသည် သီဟိုဠ်မှ ပင့်ဆောင်လာသော ဒက္ခိဏသာခါ ဗောဓိပင်မှရသော မျိုးစေ့ကို စိုက်ပျိုးတော်မူခဲ့သည်။ (ယခု ဝန်ဒါမီယာရှိ ဗောဓိကုန်းနေရာဖြစ်သည်။)

ကုန်းဘောင်ခေတ်တွင်လည်း ဘိုးတော်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၆၈ ခုနှစ် တပေါင်းလဆန်း ၇ ရက်နေ့တွင် ရွှေတောင်သင်္ဃသူ၊ ရွှေတောင်သီရိစည်သူတို့အား မဇ္ဈိမဒေသ ဘုရားပွင့်တော်မူရာ ဗောဓိပင်သို့ ဖူးမြော်ရန်စေလွှတ်ခဲ့ပေသည်။ ထိုမင်းချင်းများ အပြန်တွင် ပင့်ဆောင်လာခဲ့သော ဗောဓိပင်ငယ်နှစ်ပင်ကို မင်းကွန်းဘုရားကြီး၏မြောက်ဘက်တွင် စိုက်ထူသည်ကို ကျောက်စာရေးထိုးခဲ့သည်။ ရှေးခေတ် ဘာသာရေးဆိုင်ရာ အစီအစဉ်များဖြင့် စိုက်ပျိုးခဲ့လေသည်။

ဘကြီးတော်ဘုရားလက်ထက်တွင် (၁၁၉၆) ဝန်ထောက်မင်းကြီး မဟာစည်သူနှင့် စာရေးကြီးမင်းလှနန္ဒကျော်ထင်တို့ ဗုဒ္ဓဂယာမှ ပင့်ဆောင်လာသည့် မဟာဗောဓိပင်တော်ကို ရွှေနန်းတော်၏ အနောက်တောင်ဘက် ဝန်ကြီးကိုးကွယ်သည့် ကျောင်းတိုက်တွင် ပွဲသဘင်စုံခင်း၍ မင်းကြီးကိုယ်တိုင် စိုက်ပျိုးတော်မူသည်။

သက္ကရာဇ် ၁၂၂၂ ခုနှစ်နတ်တော်လပြည့်ကျော် ၆ ရက်နေ့၌ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် မန္တလေးရတနာပုံ တောင်မျက်နှာ (ယခုဗောဓိကုန်းအရပ်)၌ သီဟိုဠ်ရဟန်းတော်တို့ စေလွှတ်ပို့သလိုက်သော ဗောဓိပင်နှစ်ပင်တို့ကို မင်းတရားကြီးကိုယ်တိုင်စိုက်ပျိုးတော်မူခဲ့သည်။

၁၂၂၇ ခုနှစ်ကဆုန်လတွင် မဇ္ဈိမဒေသ မဟာဗောဓိပင်တော်မှ ဗောဓိကိုင်းကို မန္တလေးနေပြည်တော်၏ မြောက်မျက်နှာ (ယခုကျောက်တော်ကြီးဘုရားဝင်းနေရာတွင်) စိုက်ပျိုးတော်မူခဲ့သည်။ တခြား ဗောဓိပင်ဆိုင်ရာ ဗောဓိဝင်များအနေနှင့် မြန်ပြည်အနှံ့ဗောဓိပင်ပွားများ ခေတ်အဆက်ဆက်စိုက်ပျိုး၍ ပူဇော်လာခဲ့ကြသည်။

အထက်၌ဖော်ပြချက်များကို သုံးသပ်၍ မြန်မာပြည်ဗောဓိဝင်သမိုင်းကို ဖော်ပြရပါက အိန္ဒိယဗုဒ္ဓဂယာမှလည်းကောင်း၊ သီဟိုဠ်မှလည်းကောင်း ဗောဓိပင်ပွားများ ခေတ်အဆက်ဆက် ရှိလာခဲ့ကြသည်။ ဗုဒ္ဓစွယ်တော်သမိုင်းနှင့် ဗောဓိဝင်သမိုင်းဆိုပါက (ဟံသာဝတီခေတ် သာသနာရေးဆိုင်ရာစာတမ်းများအရ) သီဟိုဠ်နှင့် ဆက်စပ်မှုကသာ များလေသည်။

၂၀ ရာစုနောက်ပိုင်းမှ ဂန္ဓလရာဇ် (တရုတ်ပြည်) နှင့်ဆက်စပ်သော စွယ်တော်ပွားများ န.ဝ.တခေတ်ထိ တွေ့ရပါသည်။ သို့သော် ဗောဓိပင်(ဗောဓိဝင်)အရကမူ အိန္ဒိယဗုဒ္ဓဂယာမှလည်းကောင်း၊ သီဟိုဠ်မှလည်းကောင်း ရောပြွမ်း၍ရှိနေသည်ကိုတွေ့ရပါသည်။

ထိုနှစ်နိုင်ငံ ဗောဓိပင်များသမိုင်းအရ အိန္ဒိယနိုင်ငံရှိ မဟာဗောဓိပင်သည် ဟိန္ဒူဘုရင်သသင်္ကသည် ထိုဗောဓိပင်ကို ခုတ်လှဲဖျက်ဆီးခဲ့သည်။ ထိုခုတ်လှဲသောနေရာမှ ဗောဓိပင်တစ်ပင်ပေါက်လာခဲ့သည်။ ထိုဗောဓိပင်သည်လည်း ခရစ်နှစ် ၁၈၇၀ ပြည့်နှစ်တွင် အပင်လဲသွားရာ ဗြိတိသျှအစိုးရအမိန့်ဖြင့် ပြင်ဆင်မွမ်းမံခဲ့သည်။ ထိုစဉ်က တာဝန်ယူခဲ့သူ Sr. အလက်ဇန္ဒြားကနင်က မူလဗောဓိပင်နေရာမှ လဲကျသွားသော ပင်မမှ အကိုင်းကြီးတစ်ကိုင်းကို ပြုပြင်တည့်မတ်၍ထားခဲ့သည်။ ယခုဖူးတွေ့ရသော မဟာဗောဓိပင်ဖြစ်သည်။

ဟံသာဝတီခေတ် ဓမ္မစေတီမင်းလက်ထက် တစ်လျှောက် မြန်မာသီဟိုဠ်သာသနာဆက်ဆံရေးသည်အလွန်ကောင်းမွန်ခဲ့ကြောင်းကို သာသနာလင်္ကာရစာတမ်းနှင့် ဝံသဒီပနီကျမ်းများက ဖော်ပြနေပေသည်။ ထိုစဉ်ကာလက မြန်ပြည်အနှံ့ သီဟိုဠ် ဗောဓိပွားများသည် ရောက်ရှိခဲ့သည်။

နောက်ပိုင်းတွင် အိန္ဒိယဗုဒ္ဓဂယာမှ ဗောဓိပင်ပွါးများရောက်ရှိခဲ့ပြန်ပါသည်။ မြန်မာနိုင်ငံ တစ်နံတစ်လျား တန်ခိုးကြီးဘုရားစေတီများတွင် ဗုဒ္ဓဂယာမှ ဗောဓိပင်ပွားများ၊ ဗောဓိမျိုးစေ့များ ရောက်ရှိလာလေသည်။

ကိုလိုနီခေတ်တွင် တောင်ငူနှင့် ရေတာရှည်၌ သီတင်းသုံးတော်မူသည့် မယ်ဒက်တောရဆရာတော်သည် သာသနာတော်နှစ် ၂၄၆၄- ကောဇာသက္ကရာဇ် ၁၂၈၂-ကဆုန်လပြည့်စနေနေ့ (၁.၅.၁၉၂၀) တွင် ဗောဓိမျိုးစေ့များကိုပျိုး၍ နောင်နှစ်တန်ဆောင်မုန်းလပြည့်ကျော်၉ရက် (၂၃.၁၁.၁၉၂၁) ဗုဒ္ဓဟူးနေ့တွင် မြန်ပြည်အနှံ့ ဘုန်းတန်ခိုးကြီးမားထင်ရှားသော ရွှေတိဂုံစေတီ၊ ကျိုက်ထီးရိုးစေတီ၊ သထုံရွှေစာရံ၊ မန္တလေးမဟာမုနိ၊ ပြည်မြို့ရွှေဆံတော်၊ မကွေးမြသလွန်၊ ညောင်ဦး ရွှေစည်းခုံ စသည့် ဘုရားစေတီတော်ပေါင်း ၃၄ နေရာတွင် စိုက်ပျိုးပူဇော်လေသည်။

ရွှေတိဂုံစေတီတော်တည်ရာ သိင်္ဂုတ္တရကုန်းတော်တွင် ဗောဓိပင်လေးပင်ရှိရာ ဗုဒ္ဓဂယာမှ ဗောဓိပင်မျိုးများသာဖြစ်သည်။ အင်္ဂါထောင့်အပင်မှာ ဖော်ပြပါ မယ်ဒက်ဆရာတော်စိုက်ပျိုးခဲ့သော ဗောဓိပင်ဖြစ်ပေသည်။

ရာဟုထောင့်ဗောဓိပင်မှာ မြန်မာ့လွတ်လပ်ရေးနှင့် ဖွားဖက်တော်ဟုဆိုရပါမည်။ ၄.၁.၁၉၄၈ မြန်မာ့လွတ်လပ်ရေးနေ့တွင်စိုက်ပျိုးခဲ့လေသည်။

ကမ္ဘာ့သက်တမ်းအရှည်ဆုံး သစ်ပင်များစာရင်းတွင် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားအရှေ့ပိုင်းတွင် Methuselah ဟု လူသိများသော Great Basin Bristlecone သစ်ပင်သည် သက်တမ်းအရှည်ဆုံးဖြစ်၍ ဤဗုဒ္ဓဂယာရှိ ဗောဓိပင်မှာ (ဖျက်ဆီးခဲ့သော်လည်း မူလအပင်မှ အကိုင်းပင်ဖြစ်၍) ဒုတိယသက်တမ်းအရှည်ဆုံးဖြစ်သည်ဟု ယူနက်စကို (UNESCO)မှ ထုတ်ပြန်ထားသည်ဟု သိရသည်။

၁၉၉၈ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံတွင် ကဆုန်လပြည့်ဗုဒ္ဓနေ့ကို ကမ္ဘာ့ရုံးပိတ်ရက်အဖြစ်သတ်မှတ်ရေး (ခရစ္စမတ်ရက်စသည်ကဲ့သို့) အဆိုကို သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာနက ၁၉၉၉ ခုနှစ် ၉ လပိုင်းက ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းခဲ့ကြောင်း၊ ထိုအဆိုကို မြန်မာနိုင်ငံအပါအဝင် ထေရဝါဒ မဟာယာနအပါအဝင် ဗုဒ္ဓဘာသာကိုးကွယ်သည့်လူဦးရေရှိသော နိုင်ငံ ၃၄ နိုင်ငံက ထောက်ခံခဲ့ကြကြောင်း၊ ထို့ကြောင့် ကဆုန်လပြည့်နေ့ကို ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် မဟာဗောဓိနှင့် ကဆုန်ညောင်ရေသွန်းခြင်း ဒြပ်မဲ့ယဉ်ကျေးမှုသည် နောင်အနာဂတ်တွင်လည်း ထာဝရတည်ရှိနေမည်ဖြစ်ပါသတည်း။ ။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ရှင်ပင်နံ့ကိုင်းစေတီ၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများအား ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အမရပူရမြို့နယ်ရှိ ရွှေကူကြီးမြတ်စွာဘုရား၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အေးမြဝတီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ခုတင် (၂၀၀) ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံ အဆောက်အအုံများပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွင်း တက်ရောက်ကုသမှုခံယူနေသော ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရန်နိုင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက စားသောက်ကုန်ပစ္စည်းလေးမျိုးနှင့် လူသုံးကုန်ပစ္စည်းရှစ်မျိုး ထောက်ပံ့ပေးမှုများနှင့် ယာယီကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ လုပ်အားပေးရှင်းလင်းဖယ်ရှားနေမှု အခြေအနေများ၊ ယာယီကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သံပုဏ္ဏာရာမကျောင်းတိုက် ကျောင်းပရိဝုဏ်အတွင်း ငလျင်ဘေးသင့် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် မန္တလေးမြို့အတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများအတွက် Modular House များ ဆောက်လုပ်ထားရှိပြီး ငလျင်ဘေးသင့်မိသားစုများအား အခန်းအလိုက် နေရာချထားပေးမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအဆောက်အအုံများနှင့် ဝန်ထမ်းအိမ်ရာများရှိ အပျက်အစီးများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးဘူတာကြီးသို့ သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများအတွက် Modular House များ ရထားဖြင့် သယ်ယူရောက်ရှိမှု အခြေအနေများနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘူတာကြီးရှိ Control Tower အဆောက်အအုံကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီပုထိုးများ၌ အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရှေးမူမပျက်ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် အင်းကုန်းကျေးရွာ စွန်ရဲအင်းအတွင်း၌ လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့များကို ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေးသင်တန်းပို့ချဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့ပြီး ယခုအခါ ပြန်လည် လည်ပတ်နေသော Noble Science Bagan ကုမ္ပဏီမှ ဆေးရုံသုံးပစ္စည်း(Mask၊ ပတ်တီး၊ Hand Gel)နှင့် ဓာတ်ဆားထုတ်လုပ်မှုလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအပ်လက်ခံနေမှု၊ စုကြီးရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ၊ ဘုရားစေတီပုထိုးများ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ဘုရားပရိဝုဏ်အတွင်းအပြင် ကြမ်းခင်းများ ပျက်စီးနေမှုများအား စတင်ပြုပြင်ဆောင်ရွက်နေမှုနှင့် ဖောင်းရွာရပ်ကွက် ဖောင်းရွာကွင်း၌ ယာယီဈေးတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် မေ ၂၃**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ သန်လျင် တပ်နယ် အားကစားကွင်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲအဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကွပ်ကဲမှုအောက် ရေတပ်စခန်းဌာနချုပ်များမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းဖြင့် ဇွန် ၁၃ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား နယ်မြေခံရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူး အမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသားနှစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် မေ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ယနေ့တွင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် တောင်ကိုရီးယားနိုင်ငံသားနှစ်ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများကို လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် တောင်ကိုရီးယားနိုင်ငံသားနှစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၃ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ဦးရေ ၈၆၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၈၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှု လုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဧ၀၁)

# အမရပူရမြို့နယ်၌ မီနီအိုးဝေအား ငှားရမ်းစီးနင်း၍ ဓားဖြင့်ထိုးကာ လုယက်ရန်ကြိုးစားသူ နှစ်ဦးကို ဖော်ထုတ်ဖမ်းဆီး


**နေပြည်တော် မေ ၂၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ မီနီအိုးဝေအား ငှားရမ်းစီးနင်း၍ ဓားဖြင့်ထိုးကာ လုယက်ရန် ကြိုးစားသူနှစ်ဦးကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ညနေ ၄ နာရီခန့်တွင် အမရပူရမြို့နယ် ဈေးချိုရပ်ကွက်နေ ဦးကျော်လင်း ၆၀ နှစ် မောင်းနှင်သော MDY-21U 8854 မီနီအိုးဝေယာဉ်အား ငှားရမ်းစီးနင်းလိုက်ပါလာသူ အမျိုးသားနှစ်ဦးက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၃၆၄ မိုင် ၇ ဖာလုံ UD Amara Garden City အနီးအရောက်၌ ယာဉ်မောင်း ဦးကျော်လင်းအား ဓားဖြင့်ထိုးကာ မီနီအိုးဝေယာဉ်အား လုယက်ယူဆောင်သွားခဲ့ပြီး ယာဉ်မောင်း ဦးကျော်လင်းမှာ လည်ပင်းထိုးသွင်းဒဏ်ရာနှစ်ချက်၊ ဦးခေါင်းနောက်စေ့ ထိုးသွင်းဒဏ်ရာတစ်ချက်တို့ရရှိခဲ့ကြောင်း သိရှိရသည်။

မှုခင်းဖြစ်ပွားကြောင်း သတင်းရလျှင်ရခြင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုနှင့် ပူးပေါင်းသတင်းရယူဖော်ထုတ်ခဲ့ရာ လုယူခံရသည့် မီနီအိုးဝေယာဉ်နှင့်အတူ ကျူးလွန်သူများဖြစ်ကြသည့် ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်နေ စိုးမင်းထွန်း(ခ)ထက်ရှိုင်း ၁၉ နှစ်(ဘ)ဦးဝေလွင်အောင်နှင့် ဇော်ဝင်းထွန်း ၁၆ နှစ် (ဘ)ဦးစောခင်ထွန်းတို့ကို ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရိုး၊ အသွား ခုနစ်လက်မခန့်စီရှိ ဓားဦးချွန်နှစ်ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ စိုးမင်းထွန်း(ခ)ထက်ရှိုင်းနှင့် ဇော်ဝင်းထွန်းတို့နှစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဧ၀၁)




ပြစ်မှုကျူးလွန်သူနှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# ပြည်ကြီးတံခွန်မြို့နယ်တွင် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ၈ တန် ဖမ်းဆီးရမိ




ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၊ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၁၉ ရက် ည ၇ နာရီခန့်တွင် ပြည်ကြီးတံခွန်မြို့နယ် ၁၃၂ လမ်းနှင့် ၁၃၃ လမ်းကြား ၆၃ ဘီလမ်းပေါ်၌ ယဉ်မင်းဦးမောင်းနှင်သည့် ISUZU အမျိုးအစား ကုန်တင်ယာဉ်ကိုစစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းအလေးချိန် ၁ ဒသမ ၈ တန်(တစ်တန်လျှင်ငွေကျပ်သိန်း ၄၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၇၂၀၀) ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ ဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများကို နယ်စပ်ဒေသမှ တရားမဝင်တင်သွင်းလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် မုံရွာမြို့မှ ကဖင်းအိတ်များ သယ်ဆောင်ခိုင်းသူ မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ ကိုဇေ(ခ)ကိုဇေဇေအောင်နှင့် မစန္ဒာဝင်းတို့၏နေအိမ်အား မေ ၂၀ ရက် နံနက် ၁၁ နာရီခန့်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ မစန္ဒာဝင်းအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆက်စပ်သတင်းများအရ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကဖင်းအိတ်များကို ကလေးမြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ရန်စေခိုင်းသူ အောင်ဆန်းဦး(ခ)စိုးကို(ခ)အောင်စိုးသူအား ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိနေအိမ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (ဧ၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း သွားလာနေသူများထံမှ ရွှေထည်ပစ္စည်းများအား ဆိုင်ကယ်ဖြင့် လိုက်လံလုယက်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီး



မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း သွားလာနေသူများထံမှ ရွှေထည်ပစ္စည်းများအား ဆိုင်ကယ်ဖြင့် လိုက်လံလုယက်မှုကျူးလွန်သူများနှင့် သိမ်းဆည်းရမိသက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မေ ၂၃**

မန္တလေး မြို့ပေါ်ရပ်ကွက်များ၌ ဆိုင်ကယ်စီးနင်း သွားလာနေသူများထံမှ ရွှေထည်ပစ္စည်းများကို ဆိုင်ကယ်ဖြင့် လိုက်လံ၍ လုယက်မှုများ မကြာခဏ ကျူးလွန်ဖြစ်ပွားလာသဖြင့် ကျူးလွန်သူတရားခံများကို ဖမ်းဆီးရမိရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အသွင်ယူသတင်းစုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်သူများဖြစ်သည့် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေသူများဖြစ်သည့် မျိုးထွန်းနိုင်(ခ)အရှည်ကြီး ၄၆ နှစ် (ဘ)ဦးသိန်းပိုင်နှင့် ကျော်မျိုးသူ(ခ)အောင်ပု ၄၁ နှစ် (ဘ)ဦးကျော်ထွန်းတို့နှစ်ဦးကို မေ ၂၁ ရက် ညနေ ၄ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၅၅ x ၃၉ လမ်းထောင့်၌ ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖမ်းဆီးရမိသူနှစ်ဦး၏ ထွက်ဆိုချက်အရ ပါဝင်ပတ်သက်သူများဖြစ်သည့် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်နေ ဒေါ်ထွေးတင် ၅၃ နှစ် (ဘ)ဦးခင်မောင်အား ညနေ ၅ နာရီခွဲတွင် ၎င်း၏နေအိမ်၌လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေသူများဖြစ်သည့် ဇေယျာထွန်း(ခ)ဖိုးဆယ် ၂၉ နှစ် (ဘ)ဦးမြင့်ဦးနှင့် အောင်ထွန်းလင်း(ခ) ကျော်ကြီး(ခ) အောင်ထွန်း ၂၉ နှစ် (ဘ) ဦးလှမြင့်တို့နှစ်ဦးကို ည ၆ နာရီခွဲတွင် အောင်ပင်လယ်ရပ်ကွက်ရှိ 3 COLOUR တည်းခိုခန်း၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆိုင်ကယ်တစ်စီးဖြင့် လည်းကောင်း အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ ထွက်ဆိုချက်များအရ မျိုးထွန်းနိုင်(ခ)အရှည်ကြီးနှင့် ကျော်မျိုးသူ(ခ)အောင်ပုတို့နှစ်ဦးသည် မေ ၁၁ ရက်က ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ၅၂-၅၃ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးနှစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကို လည်းကောင်း၊ မျိုးထွန်းနိုင်(ခ)အရှည်ကြီး၊ ကျော်မျိုးသူ(ခ) အောင်ပု၊ ဇေယျာထွန်း(ခ)ဖိုးဆယ်နှင့် အောင်ထွန်းလင်း(ခ)ကျော်ကြီး(ခ)အောင်ထွန်းတို့ လေးဦးသည် ဧပြီ ၁၁ ရက်က ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၁၀၇-၁၀၈ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း၊ မေလအတွင်း ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ၅၁-၅၂ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးနှင့် ၁၀၇-၁၀၈ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း၊ မေ ၁၇ ရက်က ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် ၅၂-၅၃ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးနှစ်ဦးနှင့်ကလေးတစ်ဦးထံမှ ဆွဲသီးပါရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း၊ မေ ၁၉ ရက်က ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄) ရပ်ကွက် ၁၁၀-၁၁၁ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသမီးနှစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကို လည်းကောင်း၊ ဇေယျာထွန်း(ခ)ဖိုးဆယ်နှင့် အောင်ထွန်းလင်း(ခ)ကျော်ကြီး(ခ) အောင်ထွန်းတို့နှစ်ဦးသည် ဧပြီလအတွင်း ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄) ရပ်ကွက် ၁၁၀ - ၁၁၁ လမ်းကြား၌ ဆိုင်ကယ်စီးနင်းလာသူ အမျိုးသမီးနှစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကို လည်းကောင်း၊ မေလအတွင်းက မြို့သစ်(၄)ရပ်ကွက် ၁၀၉ လမ်း ၆၂-၆၃ လမ်းကြား၌ ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးကိုလည်းကောင်း လုယက်ယူဆောင်ခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များမှ လုယက်မှုကျူးလွန်ရာမှရရှိခဲ့သည့် ရွှေထည်ပစ္စည်းများကို ထွေးတင်က နဝလီရွှေဆိုင်များတွင် သွားရောက်ရောင်းချကာ ခွဲဝေသုံးစွဲခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် လုယက်မှုကျူးလွန်သူများဖြစ်သည့် မျိုးထွန်းနိုင်(ခ)အရှည်ကြီး၊ ကျော်မျိုးသူ(ခ)အောင်ပု၊ ဇေယျာထွန်း(ခ)ဖိုးဆယ်၊ အောင်ထွန်းလင်း(ခ)ကျော်ကြီး(ခ)အောင်ထွန်းနှင့် ရွှေထည်ပစ္စည်းများကိုရောင်းချပေးသူ ထွေးတင်တို့ကို သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုရေးဖွင့်ဆောင်ရွက်ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်များတွင် လုယက်ယူဆောင်သွားခဲ့သည့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်း၍ နစ်နာသူပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုယက်မှုကျူးလွန်ခံရသူများအနေဖြင့်လည်း မိမိတို့၏ပစ္စည်းများနှင့် ပတ်သက်၍ ပြစ်မှုဖြစ်ပွားသည့် ရဲစခန်းများ၌ ဆက်သွယ်စုံစမ်းတောင်းခံနိုင်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

# ကျောက်တံတားမြို့နယ်၌ YBS ယာဉ်လိုင်းများပေါ် အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

ကျောက်တံတားမြို့နယ်၌ YBS ယာဉ်လိုင်းများပေါ် အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်မှုကျူးလွန်သူများ၏ မှတ်တမ်းဓာတ်ပုံ။



အောင်ကိုလတ်



ကျော်နိုင်ဦး(ခ)ကျန်ကျောင်း



ဝေဖြိုးအောင်(ခ)ဝေဖြိုး



ပြည့်ဖြိုးထွေး(ခ)ပိစိ



ဇော်ဇော်လွင်(ခ)ဘိုဘို

**နေပြည်တော် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ ဦးစောလယ်ထူးကျော် ၄၅ နှစ် (ဘ)ဦးကျော်မြင့်သည် သားဖြစ်သူ မောင်ခန့်ထယ်ရိုးစေးထူး ၁၉ နှစ်နှင့်အတူ မေ ၁၉ ရက် နံနက် ၈ နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်းမှတ်တိုင်မှ YBS-58 ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာခဲ့ရာ ပန်းဘဲတန်းမြို့နယ် လမ်း ၃၀ အရောက်၌ ဦးစောလယ်ထူးကျော်၏ ရင်ဘတ်၌ထားကာလွယ်ထားသည့်ကျောပိုးအိတ်အတွင်းသို့ အသက် ၃၅ နှစ်ခန့် အမျိုးသားတစ်ဦး(စိစစ်ဆဲ)က ခါးပိုက်နှိုက်နေသည်ကိုတွေ့ရှိရသဖြင့် ဦးစောလယ်ထူးကျော်က တွန်းလိုက်ရာမှ အချင်းများကြပြီး ၎င်းအမျိုးသားနှင့်အပေါင်းအပါ ငါးဦးခန့်က ဦးစောလယ်ထူးကျော်နှင့် ၎င်း၏သားဖြစ်သူတို့နှစ်ဦးကို ဝိုင်းဝန်းထိုးကြိတ်ခဲ့ကြောင်း၊ ထို့နောက် ကျောက်တံတားမြို့နယ် ကမ်းနားလမ်း ပန်းဆိုးတန်းမှတ်တိုင်အရောက်၌ အဆိုပါ အမျိုးသားငါးဦးခန့်က ဦးစောလယ်ထူးကျော်နှင့် သားဖြစ်သူတို့အား ယာဉ်ပေါ်မှဆွဲချ၍ ဝိုင်းဝန်းထိုးကြိတ် ကန်ကျောက်ကာ ဦးစောလယ်ထူးကျော်၏ ဘောင်းဘီအိတ်အတွင်းမှ Redmi 9A အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးကို လုယက်ယူဆောင်သွားခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း တိုင်တန်းချက်အရ ကျောက်တံတားမြို့မရဲစခန်း (ပ)၅၂/၂၀၂၅ ရာဇသတ်ကြီးပုဒ်မ ၃၇၉(နှိုက်)/၃၂၃/၁၁၄ ဖြင့် အမှုရေးဖွင့်ကာ ကျူးလွန်သူတရားခံများကို ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်တွင် အုပ်စုဖွဲ့ခါးပိုက်နှိုက်ကျူးလွန်သူများကို ဖမ်းဆီးရမိနိုင်ရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ကြည့်မြင်တိုင်မြို့နယ်အတွင်းနေထိုင်သော ယခင်ခါးပိုက်နှိုက်မှုဖြင့် ပြစ်ချက်ဟောင်းရှိသူများဖြစ်ကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်စဉ် ကြည့်မြင်တိုင်မြို့နယ် ဦးမြရပ်ကွက်နေသူများဖြစ်သည့် အောင်ကိုလတ် ၄၂ နှစ်(ဘ)ဦးဝင်းမြင့်၊ ဝေဖြိုးအောင်(ခ)ဝေဖြိုး ၃၀ နှစ် (ဘ)ဦးတင်စိုး၊ ပြည့်ဖြိုးထွေး(ခ)ပိစိ ၂၂ နှစ်(ဘ)ဦးသန့်ဇော်ထွေး၊ဇော်ဇော်လွင်(ခ)ဘိုဘို ၃၃နှစ်(ဘ) ဦးကြည်လွင်၊ကျော်နိုင်ဦး(ခ)ကျန်ကျောင်း ၂၇ နှစ်(ဘ)ဦးလှဦးတို့ငါးဦးကို မေ ၂၁ ရက် ညနေ ၄ နာရီခန့်တွင် ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး ဖြစ်စဉ်တွင် ခါးပိုက်နှိုက်မှုကျူးလွန်ခဲ့သူ ကြည့်မြင်တိုင်မြို့နယ် ဦးမြရပ်ကွက်နေ အောင်မိုး(ခ) လှမြိုင်(ခ)တည်ကြီးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ မေ ၁၉ ရက်နံနက် ၈ နာရီခန့်တွင် ကျောက်တံတားမြို့နယ်အတွင်း YBS-58 ယာဉ်ပေါ် ဦးစောလယ်ထူးကျော်၏ ကျောပိုးအိတ်အတွင်းမှဖုန်းကို အောင်မိုး(ခ)လှမြိုင်(ခ)တည်ကြီးက ခါးပိုက်နှိုက်နေစဉ် အောင်ကိုလတ်နှင့် ကျော်နိုင်ဦး(ခ) ကျန်ကျောင်းတို့နှစ်ဦးက ဝန်းရံပေး၍ ဝေဖြိုးအောင်(ခ) ဝေဖြိုး၊ ပြည့်ဖြိုးထွေး(ခ) ပိစိ၊ ဇော်ဇော်လွင်(ခ)ဘိုဘိုတို့က အဆိုပါ ယာဉ်ပေါ်၌ စောင့်ကြည့်နေခဲ့ကြောင်း၊ လက်ကိုင်ဖုန်းအား နှိုက်ယူနေသည်ကို သိရှိသွား၍ အချင်းများကြရာ ဝေဖြိုးအောင်(ခ)ဝေဖြိုး၊ ပြည့်ဖြိုးထွေး(ခ)ပိစိ၊ ဇော်ဇော်လွင်(ခ)ဘိုဘိုတို့က လက်သီးဖြင့်ထိုးကြိတ်ခဲ့ကြကြောင်း၊ ထို့နောက် ဦးစောလယ်ထူးကျော်၏သားဖြစ်သူ မောင်ခန့်ထယ်ရိုးစေးထူးအား ပန်းဆိုးတန်းကားမှတ်တိုင်အရောက် ကားပေါ်မှဆွဲချ၍ ဝိုင်းဝန်းထိုးကြိတ်ခဲ့ကြကြောင်းနှင့် ခါးပိုက်နှိုက်ယူရရှိခဲ့သည့် Redmi ဖုန်းကို အောင်မိုး(ခ)လှမြိုင်(ခ)တည်ကြီးက ယူဆောင်သွားကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ အများပြည်သူသွားလာအသုံးပြုနေသည့် YBS မြို့တွင်းလိုင်းယာဉ်များပေါ်၌ အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်မှုကျူးလွန်သူများဖြစ်ပြီး ဖမ်းဆီးရမိသူများဖြစ်သည့် အောင်ကိုလတ်၊ ကျော်နိုင်ဦး(ခ)ကျန်ကျောင်း၊ ဝေဖြိုးအောင်(ခ)ဝေဖြိုး၊ ပြည့်ဖြိုးထွေး(ခ)ပိစိနှင့် ဇော်ဇော်လွင်(ခ)ဘိုဘိုတို့ကို ၎င်းတို့ကျူးလွန်ခဲ့သည့်အမှုများ ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေးနှင့် ဖမ်းဆီးရန်ကျန်ရှိနေသည့် အောင်မိုး(ခ) လှမြိုင်(ခ) တည်ကြီးအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး သက်သေခံပစ္စည်းပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

# ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ မေ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်တွင် နှမ်းစိုက်ပျိုးနိုင်ရေး လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်းဧက ၂၄၇၂၀ စိုက်ပျိုးသွားဖို့ လျာထားပါတယ်။ လက်ရှိအချိန်မှာ နှမ်းစိုက်ပျိုးနိုင်ဖို့ လယ်ယာမြေ ထွန်ယက်ပြုပြင်တာတွေကို လုပ်ဆောင်နေပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့နဲ့ တစ်ဧကပန်းတိုင် အထွက်နှုန်းများရရှိဖို့ ကြိုးကြပ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ သီးနှံများ အရည်အသွေးကောင်းဖို့အတွက် GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် နှမ်းစိုက်တောင်သူများ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်စေရန် GAP နည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးပါက အခြားသောစိုက်ပျိုးနည်းစနစ်များထက် ပိုမိုကောင်းမွန်၍ ထွက်ရှိလာသော သီးနှံများမှာ အရည်အသွေးပြည့်ဝပြီး ရောင်းချရာ၌ ဈေးနှုန်းပိုမိုရရှိသဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်၍ဝင်ငွေ ပိုမိုရရှိစေကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




# သာပေါင်းမြို့နယ် ကြပ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေး



**သာပေါင်း မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြပ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို မေ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာပေါင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ၊ နှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သာပေါင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကြပ်ကုန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၃ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကြပ်ကုန်းကျေးရွာတွင် ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၂၅၈ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၄၆ သိန်း၊ ရေလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ကိုးသိန်း၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ကိုးသိန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို တစ်သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**နွဲ့ယဉ်**

# ဇလွန်မြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေ



**ဇလွန် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဇလွန်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြသည်။

ဇလွန်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ယခုနှစ် မေလပထမပတ်မှ စတင်ကာ ယနေ့ထိ ဒေသထွက် သခွားသီးများ အရောင်းအဝယ် ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သခွားသီးအလုံးရေ ၅၅၀၀၀ မှ ၇၀၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ သခွားသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၂၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ဒီဘက်ကနေထွက်တဲ့ သခွားသီးတွေကို အခြားမြို့နယ်တွေက ဝယ်ယူအားများနေတယ်။ လက်ရှိ သခွားသီးအလုံးရေ ၇၀၀၀၀ ထိ တစ်ရက်တာ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုအရောင်းအဝယ်ကောင်းနေတဲ့ သခွားသီးတွေက အရည်သွေးကောင်းပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကိုစားသုံးနိုင်မှာ ဖြစ်ပါတယ်။ အခုလိုဒေသထွက်ကုန်သခွားသီးတွေ ဝယ်ယူမှုကောင်းလာတော့ ဟင်းသီးဟင်းရွက်စိုက်တောင်သူတွေ အခွင့်အလမ်း အဆင်ပြေလာပါတယ်" ဟု ဇလွန်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူအောင်က ပြောပြသည်။

ဇလွန်မြို့နယ်တွင် လက်ရှိ သခွားသီးများအပါအဝင် ဒေသထွက် ရာသီကုန်ဟင်းသီးဟင်းရွက်များပေါ်နေသည့် အချိန်ဖြစ်ကြောင်း၊ သခွားစိုက်ခင်းများ ထပ်မံတိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ အဆိုပါ သခွားသီးများ ဝယ်ယူမှု အားကောင်းလာသည့်အတွက် သခွားစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေနေကြောင်း ပွဲရုံပိုင်ရှင်ဒေါ်ဖြူအောင်ကဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# အုတ်တွင်းမြို့နယ် ဆင်စုကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**အုတ်တွင်း မေ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဘန့်ဘွေးကုန်းကျေးရွာအုပ်စု ဆင်စုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို မေ ၂၂ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကိုအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ စီမံကိန်းမူဘောင်များ၊ ကျေးရွာပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ထမ်းဆောင်ရမည့် တာဝန်များ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

စာပေမြင့်မှ လူမျိုးတင့်မည်

# ဒုံးကျည်နည်းပညာများပြောင်းလဲတိုးတက်လာသော အိန္ဒိယနှင့် ပါကစ္စတန်

ဝင်းဇင်(သုတေသန)

၂၀၂၄ ခုနှစ်သည် တောင်အာရှဒေသတွင် ဒုံးကျည်နည်းပညာစမ်းသပ်မှုများ လုပ်ဆောင်ခဲ့သော နှစ်တစ်နှစ်ပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ခရုဇ်၊ တိုက်ချင်းပစ်နှင့် အသံလွန်ဒုံးကျည်များအပါအဝင် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု ၁၄ ကြိမ်ထိလုပ်ဆောင်ခဲ့သည်။ ၂၀၂၄ ခုနှစ် မတ်လတွင် အိန္ဒိယနိုင်ငံသည် ကျည်ထိပ်ဖူးများစွာဖြင့် ပစ်မှတ်များကို လွတ်လပ်စွာ ပစ်ခတ်နိုင်သည့်(MIRV)နည်းပညာ တပ်ဆင်ထားသော Agni-V ဒုံးကျည်ကိုအောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် အိန္ဒိယနိုင်ငံသည် တာဝေးပစ်အသံလွန်ဒုံးကျည်ကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့သောကြောင့် ၎င်းနည်းပညာပိုင်ဆိုင်သည့် နိုင်ငံအနည်းငယ်တွင် ပါဝင်လာခဲ့သည်။ ထို့ပြင် K-4 အမျိုးအစားရေငုပ်သင်္ဘောပေါ်မှပစ်လွှတ်နိုင်သော ပဲ့ထိန်းဒုံးကျည်(SLBM)ကိုလည်း စမ်းသပ်ပစ်ခတ်ခဲ့ပြီး INS Arighaat ပေါ်၌ တပ်ဖြန့်ချထားခဲ့သည်။

အိန္ဒိယနိုင်ငံသည် Nirbhay ခရုဇ်ဒုံးကျည်၏ အဆင့်မြှင့်မှုကွဲကိုလည်း စမ်းသပ်ပစ်ခတ်ခဲ့သည်။ ၎င်းဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၁၀၀၀ ခန့်ထိရောက်ရှိပစ်ခတ်နိုင်ပြီး အသစ်ဖွဲ့စည်းထားသောအိန္ဒိယနိုင်ငံပေါင်းစပ်ဒုံးပျံတပ်ဖွဲ့(IRF)၏အရေးပါသောအစိတ်အပိုင်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံသည် Phase-II ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်ကိုလည်း စမ်းသပ်ခဲ့သည်။ အဆိုပါ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများသည် အိန္ဒိယ၏ ဒုံးကျည်နည်းပညာတွင် အရည်အသွေးနှင့်အရေအတွက်ပါတိုးတက်လာမှုကို မီးမောင်းထိုးပြလျက်ရှိသည်။

အခြားတစ်ဖက်၌လည်း ပါကစ္စတန်သည် Fatah-II ဒုံးကျည်စနစ်ကိုစမ်းသပ်ခဲ့ပြီး Shaheen-II ဒုံးကျည်ကို ပြန်လည်စမ်းသပ်ပစ်ခတ်ခဲ့သည်။ Fatah-II သည် အကွာအဝေးအနည်းငယ်ရောက်ရှိနိုင်သည့်ပဲ့ထိန်းဒုံးကျည်ဖြစ်ပြီး ပစ်မှတ်များကိုတိကျစွာပစ်ခတ်နိုင်သည်။ အကွာအဝေး ကီလိုမီတာ ၂၀၀၀ ထိရောက်ရှိပစ်ခတ်နိုင်သော Shaheen-II ဒုံးကျည်ကို တိကျမှုနှင့်ကြံ့ကြံ့ခံနိုင်မှုစွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်က ပါကစ္စတန်အနေဖြင့် အမေရိကန်ပြည်မကြီးထိရောက်ရှိပစ်ခတ်နိုင်သည့် ဒုံးကျည်များတည်ဆောက်နေသည်ဆိုသောစွပ်စွဲချက်ဖြင့် ပါကစ္စတန်အပေါ်ပိတ်ဆို့မှုများချမှတ်ခဲ့သော်လည်း ပါကစ္စတန်ကမူ ထိုစွပ်စွဲချက်ကိုပယ်ချခဲ့သည်။ ဤဆောင်းပါး၌ အိန္ဒိယနှင့်ပါကစ္စတန်တို့စမ်းသပ်ခဲ့သော ဒုံးကျည်စနစ်များကိုအသေးစိတ်မျှဝေသွားမည်ဖြစ်သည်။

**Agni-V နှင့် MIRV**

အိန္ဒိယ၏ Agni-V သည် ကီလိုမီတာ ၇၀၀၀ ကျော်ထိရောက်ရှိပစ်ခတ်နိုင်သည့် တိုက်ချင်းပစ်ဒုံးကျည်(ICBM)ဖြစ်သည်။ ပစ်မှတ်များကိုလွတ်လပ်စွာပစ်ခတ်နိုင်သော(MIRV) နည်းပညာကို ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးစနစ်များ ထိုးဖောက်ရန်အပြင် ထိရောက်မှုပြင်းထန်သော တန်ပြန်လက်နက်အဖြစ်လည်း အသုံးပြုနိုင်သည်။ ပစ်မှတ်များကိုလွတ်လပ်စွာပစ်ခတ်နိုင်သော(MIRV)နည်းပညာ တပ်ဆင်ထားသောဒုံးကျည်များကို လက်ဦးမှုရယူတိုက်ခိုက်ရေးအတွက်အသုံးပြုနိုင်သဖြင့် ခံစစ်စနစ်ကျင့်သုံးနေသည့်တပ်ဖွဲ့အပေါ် သာလွန်သောအချိုးအစားဖြင့် တိုက်ခိုက်နိုင်စွမ်းကို တိုးမြှင့်နိုင်မည်ဖြစ်သည်။ ထို့ပြင် ကျည်ထိပ်ဖူးများစွာအသုံးပြုလျက်ခိုင်ခံ့သောပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန်အတွက်လည်း ပစ်မှတ်များကိုလွတ်လပ်စွာပစ်ခတ်နိုင်သော(MIRV)နည်းပညာကို အသုံးပြုနိုင်မည်ဖြစ်သည်။

Agni-V တွင် MIRV နည်းပညာတပ်ဆင်နိုင်ခြင်းသည် အိန္ဒိယ၏နျူကလီးယားရပ်တည်ချက်ကို အနှိမ့်ဆုံးဟန့်တားမှု စွမ်းဆောင်ရည်မှသည် စစ်မက်ဆင်နွှဲနိုင်သည့်အနေအထားထိ ပြောင်းလဲစေနိုင်မည်ဖြစ်သည်။ ထိုသို့ တိုးတက်ပြောင်းလဲလာမှုက အိန္ဒိယအနေဖြင့် နျူကလီးယားစတင်အသုံးမပြုခြင်းမှသည် ပြီးပြည့်စုံသောလက်ဦးမှုတိုက်ခိုက်ရေးမဟာဗျူဟာကို ပြောင်းလဲကျင့်သုံးနေသည်ဆိုသော ပါကစ္စတန်၏စောဒကကို ပိုမိုခိုင်မာလာစေလျက်ရှိသည်။

**အသံလွန်ခရုဇ်ဒုံးကျည်**

တာဝေးပစ်အသံလွန်ခရုဇ်ဒုံးကျည်ကို အိန္ဒိယ၏ စမ်းသပ်ပစ်ခတ်မှုသည် ၎င်းနည်းပညာပိုင်ဆိုင်သည့်



ပါကစ္စတန်နိုင်ငံ၏ Fatah-II ဒုံးကျည်စနစ်ကို တွေ့ရစဉ်။

နိုင်ငံအနည်းငယ်တွင် ပါဝင်လာစေလျက်ရှိသည်။ ၎င်းဒုံးကျည်သည် ကီလိုမီတာ ၁၅၀၀ ကျော်ထိရောက်ရှိပစ်ခတ်နိုင်ပြီး အိန္ဒိယနှင့်ပါကစ္စတန်တို့ကြား ပြန်လည်တုံ့ပြန်ဆောင်ရွက်မှုအချိန်ကို ပိုမိုကျုံ့စေနိုင်မည်ဖြစ်သည်။ အသံလွန်ဒုံးကျည်များသည် ပဋိပက္ခကာလတစ်ခုအတွင်း အိန္ဒိယနိုင်ငံကို တိကျစွာတိုက်ခိုက်နိုင်ရန် အဆင့်မြင့်စွမ်းဆောင်နိုင်ရည်များဖြင့် ပံ့ပိုးကူညီသွားနိုင်မည်ဖြစ်သည်။ ထို့ပြင် နျူကလီးယားကွပ်ကဲမှု ထိန်းချုပ်ရေးစင်တာများ သို့မဟုတ် အခြားသောမဟာဗျူဟာမြောက်စစ်လက်နက်ပစ္စည်းများကို တိုက်ခိုက်ရာတွင် အသံလွန်ဒုံးကျည်များ၌ သမားရိုးကျကျည်ထိပ်ဖူးများတပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ ဆိုရလျှင် ပဋိပက္ခတစ်ခုအတွင်း တာဝေးပစ်သမားရိုးကျလက်နက်များအသုံးပြုခြင်းသည် ဒေသတွင်း၌ စစ်မက်ဖြစ်ပွားမှုအန္တရာယ်ကို ပိုမိုမြင့်တက်လာစေနိုင်သည်။

**K-4 SLBM**

K-4 SLBM သည် ကီလိုမီတာ ၃၅၀၀ ထိရောက်ရှိပစ်ခတ်နိုင်ပြီး INS Arighaat ပေါ်၌တပ်ဖြန့်ချထားသဖြင့် အိန္ဒိယနိုင်ငံကို ပြန်လည်တုံ့ပြန်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ တိုးမြှင့်လာစေလျက်ရှိသည်။ ၎င်းဒုံးကျည်သည် ကီလိုမီတာ ၇၀၀ ခန့်သာရောက်ရှိသည့် K-15 ကို အဆင့်မြှင့်တင်တည်ဆောက်ထားခြင်းဖြစ်သည်။ ၎င်းဒုံးကျည်သည် အိန္ဒိယနိုင်ငံကို ဘင်္ဂလားပင်လယ်အော်၌ တာဝန်ထမ်းဆောင်နေစဉ်မှာပင် ပါကစ္စတန်၏အချုပ်အခြာအာဏာနယ်မြေအားလုံးကို တိုက်ခိုက်နိုင်သည့်စွမ်းဆောင်ရည်တစ်ရပ် ပံ့ပိုးပေးသွားမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် K-4 ဒုံးကျည်အတွက် ပစ်မှတ်များကိုလွတ်လပ်စွာပစ်ခတ်နိုင်သော(MIRV) နည်းပညာအသစ်ကိုလည်းအသုံးပြုနိုင်သောကြောင့် ၎င်း၏စွမ်းရည်ကိုပိုမိုတိုးမြှင့်နိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် INS Arihantနှင့် INS Arighaat နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘော နှစ်စီးကို တပ်တော်ဝင်ခဲ့ပြီး သုံးစီးမြောက်ဖြစ်သည့် INS Aridhaman ကို ယခုနှစ်အတွင်း တပ်တော်ဝင်သွားမည်ဖြစ်သည်။ ထို့ပြင် အိန္ဒိယသည် ဒီဇယ်စွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘော ၁၇ စီးကိုလည်း ပိုင်ဆိုင်ထားရှိသည်။ အိန္ဒိယနိုင်ငံသည် Akula အတန်းအစား အလျင်အမြန်တိုက်ခိုက်ရေးရေငုပ်သင်္ဘောကို ၁၀ နှစ်စာချုပ်ဖြင့်ငှားရမ်းရေးအတွက်လည်း ရုရှားနိုင်ငံနှင့် လက်မှတ်ရေးထိုးထားရှိပြီး ယခုနှစ်တွင် အိန္ဒိယသို့လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် နျူကလီးယားတိုက်ခိုက်ရေးရေငုပ်သင်္ဘော(SSNs) ခြောက်စီး တည်ဆောက်သွားရန် စီမံကိန်းရေးဆွဲထားရှိပြီး ပထမဆုံး နှစ်စီးကို တည်ဆောက်ပြီးဖြစ်သည်။

**Nirbhay ခရုဇ်ဒုံးကျည်နှင့်ပေါင်းစပ်ဒုံးပျံတပ်ဖွဲ့(IRF)**

အိန္ဒိယနိုင်ငံသည် ကီလိုမီတာ ၁၀၀၀ ကျော်ထိရောက်ရှိပစ်ခတ်နိုင်သော တာဝေးပစ်မြေပြင်တိုက်ခိုက်ရေးခရုဇ်ဒုံးကျည်(LRLCACM)ကိုလည်း စမ်းသပ်ပစ်ခတ်ခဲ့သည်။ အိန္ဒိယသည် သမားရိုးကျစွမ်းပကားနှင့်ချိတ်ဆက်မှုရှိသောစစ်ဆင်ရေးစွမ်းဆောင်ရည်များမြှင့်တင်ရန်ပေါင်းစပ်ဒုံးပျံတပ်ဖွဲ့(IRF)ကို ဖွဲ့စည်းထားရှိသည်။ ပေါင်းစပ်ဒုံးပျံတပ်ဖွဲ့သည် အဓိကအားဖြင့် Pralay ဒုံးကျည်များပါရှိမည်ဖြစ်ပြီး အိန္ဒိယသည် ၎င်းဒုံးကျည်အစင်း ၁၂၀ ပိုင်ဆိုင်ထားရှိပြီး အစင်း ၂၅၀ ထိ တိုးတက်ထုတ်လုပ်သွားရန်စီစဉ်ထားရှိသည်။ Pralay ဒုံးကျည်သည် ကီလိုမီတာ ၁၅၀ မှ ကီလိုမီတာ ၅၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သဖြင့် စစ်မြေပြင်တွင် နည်းဗျူဟာမြောက်ဒုံးကျည်များအဖြစ်အသုံးပြုနိုင်မည်ဖြစ်သည်။ ပေါင်းစပ်ဒုံးပျံတပ်ဖွဲ့သည် Pralay အပြင် BrahMos၊ LRLACM နှင့် Nirbhay ဒုံးကျည်များလည်း ပေါင်းစပ်ပါဝင်မည်ဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံကိုအကြီးစားလက်နက်များဖြင့်တပ်ဖြန့်ချထားခြင်း သို့မဟုတ် လေကြောင်းတပ်ဖွဲ့များပါဝင်ခြင်းကဲ့သို့ပင် ထိရောက်စွာတာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။

**Phase II တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေး(BMD) ကြားဖြတ်စနစ်**

Phase II လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စမ်းသပ်မှုက အိန္ဒိယ၏ပြည်တွင်းထုတ် တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေး(BMD) စနစ်သည် အဆင့်မြင့်အဆင့်သို့ရောက်ရှိနေကြောင်းပြသလျက်ရှိသည်။ ၎င်းဒုံးကျည်သည် ကီလိုမီတာ ၅၀၀၀ ထိရောက်ရှိပစ်ခတ်နိုင်သောကြောင့် အိန္ဒိယနိုင်ငံကို ရန်သူ၏ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိစေမည်ဖြစ်သည်။ ရုရှားနိုင်ငံကဝယ်ယူထားသော S-400 နှင့် အိန္ဒိယ၏ တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေး(BMD)စနစ် တိုးတက်တည်ဆောက်မှုသည် ပါကစ္စတန်၏နျူကလီးယားတပ်ဖွဲ့ကို ဟန့်တားနိုင်စွမ်းရှိလာစေမည်ဖြစ်သည့်အတွက် ပါကစ္စတန်ကို စိုးရိမ်ပူပန်မှုမြင့်တက်လာစေလျက်ရှိသည်။

**ပါကစ္စတန်၏ဒုံးကျည်တိုးတက်တည်ဆောက်မှုများ**

ပါကစ္စတန်သည် ရန်သူ့နယ်မြေကိုတိကျစွာချေမှုန်းတိုက်ခိုက်နိုင်ရန် Fatah-II ဒုံးကျည်ကို သုတေသနပြုတိုးတက်တည်ဆောက်လျက်ရှိသည်။ ၎င်းဒုံးကျည်သည် Fatah-I ကို အဆင့်မြှင့်တင်တည်ဆောက်ထားရှိခြင်းဖြစ်ပြီး ကီလိုမီတာ ၄၀၀ ထိရောက်ရှိပစ်ခတ်နိုင်သည်။ Fatah-II ဒုံးကျည်သည် တိကျပြီးကုန်ကျစရိတ်သက်သာသောကြောင့် ပါကစ္စတန်နိုင်ငံကို အိန္ဒိယ၏ဒုံးကျည်ကာကွယ်ရေးစနစ်များ တန်ပြန်တိုက်ခိုက်နိုင်စေမည်ဖြစ်သည်။

ပါကစ္စတန်၏ မဟာဗျူဟာမြောက်တွက်ချက်မှုသည် အိန္ဒိယကိုဗဟိုပြုထားပြီး ၎င်း၏နျူကလီးယားစွမ်းဆောင်ရည်များသည် အိန္ဒိယ၏ နျူကလီးယားခြိမ်းခြောက်မှုကို ဟန့်တားသွားရန်ပင်ဖြစ်သည်။ ပါကစ္စတန်၏ဒုံးကျည်များသည် နိုင်ငံ၏နျူကလီးယားတပ်ဖွဲ့များကို ကာကွယ်သွားရန်ရည်မှန်းထားရှိသည်။ ထို့ကြောင့် ပါကစ္စတန်၏ဒုံးကျည်စနစ်များသည် နိုင်ငံ၏ဟန့်တားမှုဝါဒနှင့်အညီ နျူကလီးယားတပ်ဖွဲ့များကိုကာကွယ်သွားမည်ဖြစ်သည်။

သို့သော် ၂၀၂၄ ခုနှစ်အတွင်း ပါကစ္စတန်၏ ဒုံးကျည်အစီအစဉ်သည် အမေရိကန်၏ပိတ်ဆို့မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ အမေရိကန်က ပါကစ္စတန်သည် အမေရိကန်ပြည်မကြီးထိ ရောက်ရှိပစ်ခတ်နိုင်သည့်ဒုံးကျည်များ တည်ဆောက်နေသည်ဟု အခိုင်အမာစွပ်စွဲပြောဆိုလျက်ရှိသော်လည်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနကမူ တရားဝင်ငြင်းဆိုခဲ့သည်။ အဆိုပါပိတ်ဆို့မှုများသည် တောင်အာရှတွင် ဒုံးကျည်နည်းပညာကွာဟချက်ကို ပိုမိုနက်ရှိုင်းလာစေမည်ဖြစ်ကြောင်း ပါကစ္စတန်က ပြောဆိုလျက်ရှိသည်။

**အနာဂတ်အလားအလာ**

၂၀၂၄ ခုနှစ်အတွင်း တောင်အာရှဒေသ၌ ဒုံးကျည်တိုးတက်တည်ဆောက်ခဲ့မှုများသည် ၂၀၂၅ ခုနှစ်တွင်လည်း အလားတူတည်ဆောက်သွားမည့် အခြေအနေကို မိတ်ဆက်ခြင်းပင်ဖြစ်သည်။ လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုက သတိပေးမှုမြင့်တက်လျက်ရှိသောကြောင့် ထိုအခြေအနေကို ထဲထဲဝင်ဝင်ဆန်းစစ်အကဲဖြတ်သွားရန် လိုအပ်နေပြီဖြစ်သည်။ အိန္ဒိယနှင့်ပါကစ္စတန်တို့အနေဖြင့် ဘေးအန္တရာယ်လျှော့ချရေးအစီအမံများ လုပ်ဆောင်နိုင်ရေး နှစ်နိုင်ငံယန္တရားများ ထူထောင်သွားသင့်ပေသည်။

နှစ်နိုင်ငံကြား ပဲ့ထိန်းဒုံးကျည်များစမ်းသပ်ပစ်ခတ်ရာတွင် ကြိုတင်သတိပေးရမည်ဆိုသည့် ရှိရင်းစွဲသဘောတူညီချက်တွင် ခရုဇ်ဒုံးကျည်နှင့် အသံလွန် ဒုံးကျည်များကိုလည်းထည့်သွင်းသင့်သည်။ သမားရိုးကျနှင့်နျူကလီးယားကျည်ထိပ်ဖူးများ တပ်ဆင်နိုင်သည့် ဒုံးကျည်နည်းပညာများ တိုးတက်လာလျက်ရှိသဖြင့် ပြိုင်ဘက်နိုင်ငံများကြား သမားရိုးကျနှင့်နျူကလီးယားကျည်ထိပ်ဖူးများ တပ်ဆင်သွားမည့်ဒုံးကျည်များကို အမျိုးအစားခွဲခြားသတ်မှတ်ရေးသည် များစွာအရေးပါလျက်ရှိသည်။ ထို့သို့ လုပ်ဆောင်ခြင်းသည် ဒုံးကျည်နည်းပညာတိုးတက်လာသည့်အချိန်တွင် တင်းမာမှုများလျှော့ချပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို အထောက်အကူပြုစေမည်ဖြစ်သည်။

**ကိုးကား**

-Evolving Missile Technologies in India and Pakistan by The Diplomat.

# ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၂၀၀၀ ကျော် စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

ဝက်လက် မေ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၂၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၂၀၂၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစ၍ စက်တင်ဘာလထိ စိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲကြီးဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး အတွက် ဆောင်ရွက်ပေးသွားမှာပါ။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့ အတွက် လိုအပ်တဲ့မျိုးကောင်း မျိုးသန့်တွေ၊ သွင်းအားစုတွေ ရိတ်သိမ်းချိန်လွန် နည်းပညာပေး တာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးမှာပါ" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲကြီး စိုက်တောင်သူများအနေဖြင့် ပဲကြီး စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပဲကြီးသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်၍ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း မေ ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ တစ်ပိုင်တစ်နိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်း သက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန် ရည်ရွယ်၍ မြစ်သူငယ်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မေ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် ဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သိန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအောင်မြင် ဖြစ်ထွန်းနေမှု အခြေအနေများ နှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ/မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြစ်သူငယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၀ ဒသမ ၈၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၃ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၀၅ သိန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဝါးခယ်မ မေ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ငါးမြစ်ချင်း ပိဿာချိန် ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ အများအပြားတင်ပို့ရောင်းချနေပါတယ်။ မတ်လကထက် ဧပြီလထဲမှာ ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ် ကောင်းခဲ့တာ ဖြစ်ပါတယ်။ ရေထွက်ကုန်တွေကို ကုန်းလမ်းခရီးက အဆင်ပြေလို့ ကုန်တင်ကားတွေနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီတင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံရှင်များက ဒေသထွက် ရေထွက်ကုန် ပစ္စည်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ကုန်တင်ကားများဖြင့် အများဆုံး တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၀၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မြဝတီမြို့နယ် စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မြဝတီ မေ ၂၃

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစု ဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို မေ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူး၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စံပါလိုက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၀ ဒသမ ၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၃ ဒသမ ၄ သိန်း၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၅ ဒသမ ၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၉ ဒသမ ၅ သိန်း ထုတ်ချေးပေးထားကြောင်း ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ကပေါ်ထူးထံမှ သိရသည်။

ကိုသက်

# ဖြူးမြို့နယ် သဖန်းကိုင်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

ဖြူး မေ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တံခွန်တိုင်ကျေးရွာအုပ်စု သဖန်းကိုင်း ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာလုပ်ငန်း ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို မေ ၂၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။


ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များရွေးချယ်ရာတွင် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

သဖန်းကိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အားလုံးပြီးစီးပါက သဖန်းကိုင်းကျေးရွာရှိ အိမ်ခြေ ၈၀ အိမ်မှ လူဦးရေ ၃၅၀ ဦးတို့မှာ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုညီ

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ရှီတာကီမှို(မှိုမွှေး)အကြောင်း တစေ့တစောင်း

ထွေးထွေး

ကမ္ဘာပေါ်တွင် ပေါက်ရောက်ရှင်သန်ကြသော မှိုမျိုးများစွာရှိရာ အအေးပိုင်းဒေသတွင် ပေါက်ရောက်ရှင်သန်သောမှိုမျိုးနှင့် အပူပိုင်း၊ သမပိုင်းဒေသများတွင် ပေါက်ရောက်ရှင်သန်နိုင်သော မှိုမျိုးဟူ၍ အကြမ်းအားဖြင့် ခွဲခြားသတ်မှတ်နိုင်သည်။ အအေးပိုင်းဒေသများတွင်သာ ရှင်သန်ဖြစ်ထွန်းနိုင်သော မှိုမျိုးများအနက် ရှီတာကီမှိုစိုက်ပျိုးထုတ်လုပ်ပုံအကြောင်း ဖော်ပြလိုပါသည်။ ရှီတာကီမှိုကို သူ၏သိသာထင်ရှားသော မွှေးရနံ့ကြောင့် မှိုမွှေးဟုလည်းခေါ်ဆိုကြသည်။

ရှီတာကီမှိုကို ဝက်သစ်ချမျိုးရင်းဝင်အပင်များဖြစ်သော ညံ၊ ကြွက်စာ၊ ရင်းကူ၊ ဖက်ကြမ်း၊ ကြိမ်ပင် စသည့်အပင်များပေါ်တွင် သဘာဝအလျောက်ပေါက်ရောက်ရှင်သန်နေသည်ကို ၁၁ဝဝပြည့်နှစ်ခန့်က တရုတ်နိုင်ငံတွင် စတင်တွေ့ရှိခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ သဘာဝအတိုင်းပေါက်ရောက်စေခြင်းမဟုတ်ဘဲ ဝက်သစ်ချသားသစ်တုံးပေါ်တွင် ရှီတာကီမှိုမျိုးထည့်သွင်း၍ စမ်းသပ်စိုက်ပျိုးကြည့်ရာ အောင်မြင်ခဲ့သဖြင့် ၁၉၈၃ ခုနှစ်တွင် တရုတ်နိုင်ငံက လွှစာရောစပ်စာစိုက်ထုပ်ဖြင့် မှိုမျိုးထည့်သွင်းစိုက်ပျိုးရာ အောင်မြင်ခဲ့သည်။ ရှီတာကီမှိုသည် ကျန်းမာရေးနှင့်ညီညွတ်စေသဖြင့် ဂျပန်၊ တရုတ်၊ ကိုရီးယား စသည့်အရှေ့အာရှနိုင်ငံများတွင် ရာစုနှစ်ပေါင်းများစွာ စားသုံးခဲ့ကြပြီး အာဟာရနှင့်ဆေးဘက်ဆိုင်ရာ အကျိုးကျေးဇူးများကြောင့် သစ်တုံးအပြင် ဝက်သစ်ချသားလွှစာရောစပ်စာစိုက်ထုပ်ဖြင့် စီးပွားဖြစ်အမြောက်အမြား စိုက်ပျိုးထုတ်လုပ်လာကြသည်။ ရှီတာကီမှိုသည် အသားကဲ့သို့အရသာရှိပြီး ထူးခြားသော မွှေးရနံ့လည်းရှိသည်။ ကမ္ဘာပေါ်တွင် ဒုတိယအများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး လူကြိုက်အများဆုံး အစားအစာထဲတွင် ပါဝင်လာသည်။

ရှီတာကီမှိုကို သက်သတ်လွတ်ဟင်းလျာအဖြစ် စားသုံးနိုင်သကဲ့သို့ အသားနှင့်ရောနှောချက်ပြုတ်၍လည်း စားနိုင်သည်။ ထို့ပြင် မှိုကုန်းဘောင်ကြော်၊ ဟင်းသီးဟင်းရွက် အစုံကြော်တို့တွင်လည်း ထည့်သွင်းချက်ပြုတ်နိုင်သည်။ မြန်မာနိုင်ငံတွင် အအေးပိုင်းဒေသရှိ မှိုသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ(ပြင်ဦးလွင်)တွင် ၁၉၉၅ ခုနှစ်မှ စ၍ စတင်စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းခဲ့သည့်အတွက် ရှီတာကီမှိုကိုသာ အဓိကစိုက်ပျိုးထုတ်လုပ်ခဲ့ကြသည်။

ရှီတာကီမှိုသည် မြန်မာနိုင်ငံ၏ ရာသီဥတုအရဆိုလျှင် အပူချိန် ရှစ်ဒီဂရီစင်တီဂရိတ်မှ ၂၇ ဒီဂရီစင်တီဂရိတ်အတွင်းရှိသည့် အအေးပိုင်းဒေသများတွင် ကောင်းစွာရှင်သန်ဖြစ်ထွန်းနိုင်ကြောင်း တွေ့ရှိရသည်။ မှိုစိုက်ထုပ်ပြုလုပ်ရန် အသုံးပြုသည့် လွှစာရောစပ်စာကုန်ကြမ်းသည် ဝက်သစ်ချမျိုးရင်းဝင်အပင်များ အများဆုံးပေါက်ရောက်ရာ အအေးပိုင်းဒေသများတွင်သာရှိသဖြင့် ရှီတာကီမှိုကို အအေးပိုင်းမှိုဟု ခေါ်ဝေါ်ကြသေးသည်။ ရှီတာကီမှိုစိုက်ထုပ်ပြုလုပ်ရန် ဝက်သစ်ချလွှစာသည်သာ အကောင်းဆုံးဖြစ်ပြီး အခြားသော သစ်ပွလွှစာများရောစပ်အသုံးပြုလိုပါက သုံးပုံတစ်ပုံသာရောစပ်သုံးသင့်သည်။ ကုန်ကြမ်းရောစပ်စာကို လွှစာ ၁ဝဝ ရာခိုင်နှုန်းတွင် ဖွဲနု ခုနစ်ရာခိုင်နှုန်း၊ ထုံး တစ်ရာခိုင်နှုန်း၊ ဆားခါး သုည ဒသမ ၂ ရာခိုင်နှုန်းနှင့် သကြား တစ်ရာခိုင်နှုန်း၊ ရေ ၆၅ ရာခိုင်နှုန်းတို့ဖြင့် သမအောင်ရောစပ်၍ စိုက်ထုပ်အိတ်အတွင်း လေဟာနယ်မရှိအောင် ထည့်ပေးရမည်ဖြစ်သည်။

စိုက်ထုပ်ပြုလုပ်ပြီးပါက ရောစပ်စာအတွင်းပါရှိလာသည့် ရောဂါပိုးမွှားများ ပပျောက်သွားစေရန် ပေါင်းတင်ပိုးသန့်စင်ခြင်းလုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်သည်။ ပေါင်းတင်ပိုးသန့်စင်ခြင်းဆောင်ရွက်ရာတွင် အငွေ့လုံပီပါခွံ၏အဖုံးတွင် နှစ်လက်မ သံချောင်းဖြင့် အပေါက်ငယ်တစ်



ပေါက်ဖောက်ထားပေးရမည်။ ပီပါအောက်ခြေတွင် ငါးလက်မ၊ ခြောက်လက်မအမြင့်ရှိ သစ်သားစင်ကို အောက်ခံအဖြစ် ထည့်သွင်း၍ ရေကို လေးလက်မခန့်ထည့်ပေးထားပြီးမှ မှိုစိုက်ထုပ်များ စီထပ်ပေးရမည်ဖြစ်သည်။ မီးပြင်းပေးရန် မီးသွေး၊ ထင်းသုံးလောင်စာခဲများ အသုံးပြုရမည်ဖြစ်ပြီး မီးပြင်းအားညီစေရန် အထူးသတိပြုရမည်။ မီးအပူပေး၍ ပီပါအဖုံးရှိ အပေါက်ငယ်မှ အငွေ့စထွက်လာချိန်မှစ၍ သုံး၊လေးနာရီခန့်ကြာအောင် ပေါင်းပေးရမည်ဖြစ်သည်။ အချိန်ပြည့်ပြီးနောက် ပီပါထဲမှ ချက်ချင်းမထုတ်ဘဲ ပီပါအတွင်း အပူလျော့ကျသည်ထိ နှပ်ထားပေးရမည်။

ပေါင်းတင်ပိုးသန့်စင်ပြီးသော စိုက်ထုပ်များကို သီးသန့်ပြုလုပ်ပေးထားသော မှိုမျိုးသွင်းခန်းတွင် ကြမ်းခင်းကို သန့်ရှင်းရေးပြုလုပ်ရလွယ်ကူစေရန် ကြွေပြား သို့မဟုတ် ကွန်ကရစ် သို့မဟုတ် ပျဉ်ခင်း၍ အပေါ်တွင် ဖယောင်းပုဆိုးခင်းပေးထားရမည်ဖြစ်ပြီး အခန်းဝတွင် ခြေထောက်မှတစ်ဆင့် ရောဂါပိုးမွှားများ ကပ်ပါလာခြင်းမရှိစေရန် ထုံးထည့်ထားသော ခြေနင်းဇန်းထားရှိပေးရမည်။

ရှီတာကီမှိုမျိုးထည့်သွင်းထားရန် မျိုးပုလင်းကို မျိုးသွင်းပြီး သက်တမ်း ၂၁ ရက်အတွင်း အသုံးပြုပေးခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ မျိုးပုလင်းအတွင်း မှိုရိုင်းများ၊ ပိုးမွှားများ ပါဝင်နေခြင်းမရှိအောင် အထူးသတိပြုရမည်ဖြစ်သည်။ မျိုးသွင်းပြီး ရှီတာကီမှိုစိုက်ထုပ်များကို ရင့်ကျက်ခန်းအတွင်း မှိုမျှင်ပြည့်လာစေရန် ရင့်ကျက်ကာလ လေးလခန့်ကြာအောင် ထားရှိပေးရမည်။ ရှီတာကီမှိုအတွက် ရင့်ကျက်ခန်းအပူချိန်သည် ၂၄ ဒီဂရီစင်တီဂရိတ်မှ ၂၇ ဒီဂရီစင်တီဂရိတ်အတွင်းသာရှိသင့်သည်။ အလင်းရောင်အနည်းငယ်သာရှိရန်လိုအပ်ပြီး လေဝင်လေထွက်ကောင်းမွန်ကာ သန့်ရှင်းခြောက်သွေ့နေစေရန် ဖန်တီးပေးထားရမည်။ ရှီတာကီမှိုအတွက် မှိုမျှင်ရင့်ကျက်ကာလသည် ပထမအဆင့် မှိုမျှင်ပြည့်ရန် နှစ်လခွဲခန့်ကြာလေ့ရှိပြီး ဒုတိယအဆင့် အင်ဖိုင်းထုတ်ရန် တစ်လခွဲခန့်ကြာတတ်သောကြောင့် ရင့်ကျက်ခန်းအတွင်း ကြာချိန်သည် လေးလခန့် အချိန်ယူရသည်။

မှိုမျှင်ပြည့်သွားသော မှိုစိုက်ထုပ်များကို စိုက်ပျိုးခန်းတွင် စင်ပေါ်ထောင်တင်၍ ချစိုက်ပေးချိန်တွင် စိုက်ခန်းအပူချိန်ကို ရှစ်ဒီဂရီစင်တီဂရိတ်မှ ၁၆ ဒီဂရီစင်တီဂရိတ်နှင့် စိုထိုင်းဆ ၇၅ ရာခိုင်နှုန်းမှ ၉ဝ ရာခိုင်နှုန်းအတွင်း ထိန်းညှိထားရမည်။ စိုက်ထုပ်ကို ရေဖျန်းကရားဖြင့် တစ်ရက်နှစ်ကြိမ်၊ သုံးကြိမ်ခန့် ရေမှုန်ရေမွှားပုံစံ ပက်ဖျန်းပေးရမည်ဖြစ်သည်။ ရှီတာကီမှိုစိုက်ထုပ် တစ်ထုပ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ထိ ခူးဆွတ်နိုင်ပြီး မှိုပွင့်အစို ၁၅ ကျပ်သားမှ၂ဝ ကျပ်သားခန့် ထွက်ရှိနိုင်ပေသည်။

ရှီတာကီမှိုသည် အအေးပိုင်းဒေသများတွင်သာ ကောင်းစွာဖြစ်ထွန်းနိုင်သည်ဖြစ်ရာ အပူချိန် ၃၄ ဒီဂရီစင်တီဂရိတ်ထက်ကျော်လွန်သွားပါက မှိုမျှင်ကြီးထွားမှုရပ်တန့်သွားပြီး အဝါရောင်ပြောင်းသွားကာ ၄ဝ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်သွားလျှင် မှိုမျှင်များ အနီရောင်သို့ ပြောင်းသွားပြီး ခြောက်၍ သေဆုံးသွားစေသည်။

ရှီတာကီမှိုသည် ဟင်းလျာအဖြစ်သာ အသုံးဝင်သည်မဟုတ်ဘဲ ကျန်းမာရေးအတွက် ထောက်အကူဖြစ်စေသော ဗီတာမင်ဘီ၊ ဗီတာမင်ဒီ၊ ဆီလီနီယမ်၊ ကော့ပါး၊ ဇင့် စသည့် ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်နေသည်ကို တွေ့ရှိရသည်။ ရှီတာကီမှိုတွင်ပါရှိသော အမျှင်ဓာတ်သည် အစာခြေစနစ်ကို အထောက်အကူဖြစ်စေပြီး ကိုယ်ခံအားစနစ်ကို ကောင်းစေသော ပိုလီဆက်ကရိုက်များလည်းပါဝင်နေသေးသည်။ အချို့လေ့လာမှုများအရ ကင်ဆာဆဲလ်များကို တိုက်ဖျက်နိုင်စွမ်းရှိကြောင်း တွေ့ရှိရသည်။ ကိုလက်စထရောပါဝင်မှုကို လျော့ကျစေပြီး နှလုံးကျန်းမာရေးကို ကောင်းမွန်စေသည်။ အရိုးများကို သန်မာစေသည့်အာနိသင်လည်း ပါရှိနေသေးသည်။ သို့သော် တန်ဆေး လွန်ဘေးဆိုသကဲ့သို့ အလွန်အကျွံစားသုံးမိလျှင် အမျှင်ဓာတ်များသွား၍ အစာမကြေဗိုက်အောင့်ခြင်းများဖြစ်စေတတ်ပြီး အချို့သောသူများတွင် ဓာတ်မတည့်ကာ အရေပြားယားယံခြင်းကို ခံစားရစေနိုင်သည်။

ဈေးကွက်တွင်ရောင်းချနေသော ရှီတာကီမှိုခြောက်များကို အခြောက်ခံရာတွင် သဘာဝအတိုင်းနေရောင်ဖြင့်အခြောက်ခံလျှင် မှို၏အရောင်အဆင်းပျက်သွားစေနိုင်ခြင်း၊ မှိုပွင့်အတွင်းရှိ အစိုဓာတ်ကို လုံးဝခြောက်သွေ့သွားအောင် မလျှော့ချနိုင်ခြင်းကြောင့် မကြာမီပျက်စီးသွားစေနိုင်ခြင်း၊ မှိုပွင့်ပုံသဏ္ဌာန်ပြောင်းလဲသွားစေခြင်းတို့ကြောင့် ကမ္ဘာ့ဈေးကွက်ဝင်မှိုခြောက်ရရှိစေရန် အခြောက်ခံစက်ဖြင့် ၄၅ ဒီဂရီစင်တီဂရိတ်၊ ၆ဝ ဒီဂရီစင်တီဂရိတ်ကို နာရီအပိုင်းအခြားအလိုက်ထိန်းညှိပေး၍ အခြောက်ခံပေးရမည်။ အခြောက်ခံချိန်ကာလမှာ ၁၈ နာရီခန့်ဖြစ်ပြီး အစိုဓာတ်မှာ ၁ဝ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းထိ လျှော့ချပေးရမည်ဖြစ်သည်။ မှိုအစိုထက် မှိုအခြောက်တွင် မွှေးရနံ့ပိုရစေသည်။

အအေးပိုင်းဒေသများတွင်သာ စိုက်ပျိုးဖြစ်ထွန်းနိုင်သော ရှီတာကီမှိုကို စိုက်ပျိုးရေးဦးစီးဌာနကော်ဖီ-ရာသီသီးနှံဌာနခွဲ မှိုသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံ (ပြင်ဦးလွင်)တွင် ၁၉၉၅ ခုနှစ်က စမ်းသပ်စိုက်ပျိုးအောင်မြင်ခဲ့ချိန်မှစ၍ ဒေသရာသီဥတုနှင့် ကိုက်ညီမှုရှိသည့်အတွက် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့သည်။ ယခုအချိန်တွင် ရာသီဥတုပြောင်းလဲလာမှုကြောင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိတော့ဘဲ ဆောင်းရာသီ အအေးဆုံးအချိန်ကာလတွင်သာ စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးလိုသူများအတွက် မျိုးဖြန့်ဖြူးပေးလျက်ရှိသည်။

ကမ္ဘာပေါ်တွင် လူကြိုက်အများဆုံးဖြစ်ပြီး ဆေးဖက်ဝင်အာနိသင်များစွာပါဝင်ကာ တန်ဖိုးမြင့်မှိုဖြစ်သည့် ရှီတာကီမှိုတွင် အရည်အသွေးမြင့် ပရိုတင်းဓာတ်နှင့်အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်နေခြင်းကြောင့် ပြည်သူအများ စားသုံးသင့်သော မှိုသီးနှံဖြစ်ကြောင်း ဖော်ပြလိုက်ရပေသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဩစတြေးလျနိုင်ငံ ကုန်းတွင်းပိုင်းမြို့များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်



**ကင်ဘာရာ မေ ၂၃**

ဩစတြေးလျနိုင်ငံ၏ ကုန်းတွင်းပိုင်းမြို့များတွင် မေ ၂၁ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ကြောင်း မေ ၂၂ ရက် သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေကြီးရေလျှံမှုနှင့် မြစ်ရေလျှံတက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် နေအိမ်များကို လုံးဝ ဖုံးလွှမ်းလုနီးပါး ဖြစ်ခဲ့ကြောင်း၊ ရေဘေးကြောင့် နယူးဆောက်ဝေး ပြည်နယ် အောက်ပိုင်းနှင့် မြောက်ဘက် ကမ်းရိုးတန်းဒေသများရှိ ကျေးလက်ဒေသများမှ ဒေသခံများသည် ဝရန်တာများ၊ နေအိမ်ခေါင်မိုးများထိ ရေဘေးလွတ်ရာ ရှောင်တိမ်းခဲ့ရကြောင်း၊ နိုင်ငံပိုင် မိုးလေဝသဗျူရို၏ ထုတ်ပြန်ချက်အရ မိုးသည်းထန်စွာ ရွာသွန်းမှုသည် ရပ်တန့်သွားမည့်အခြေအနေ မရှိသေးကြောင်း၊ လက်ရှိတွင် မြစ်ရေသည် စိုးရိမ်ရေမှတ်ကို ကျော်လွန်နေသည့်အတွက် အဆိုပါပြည်နယ်ရှိ ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

"အခုလို မိုးရွာသွန်းမှုများပြားပြီး နေအိမ်ခေါင်မိုးထိ ရေဘေးလွတ်ရာ ရှောင်ခဲ့ရတဲ့ဖြစ်ရပ်မျိုးကို ကြုံတွေ့ခဲ့ရတဲ့အနေနဲ့ တွေ့ခဲ့ရတာ အတော်လေးစိတ်မကောင်းဖြစ်မိပါတယ်။ အဲဒီဒေသက ပြည်သူတွေကို အမြန်ဆုံးကယ်ဆယ်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။ မြစ်ရေတွေလဲ တက်နေတဲ့အတွက် ပြည်သူတွေ သတိနဲ့နေကြဖို့ အကြံပေးပါရစေ" ဟု နယူးဆောက်ဝေးပြည်နယ် အရေးပေါ်ဝန်ဆောင်မှုဝန်ကြီး ဂျီဟတ်ဒစ်ဘ်က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံပိုင် မိုးလေဝသဗျူရို၏ ထုတ်ပြန်ချက်အရ မိုးရေချိန်သည် မီလီမီတာ ၃၀၀ ထိ ရွာသွန်းနိုင်ခြေရှိကြောင်း၊ ပြည်နယ်အာဏာပိုင်များက ဝရန်တာများနှင့် ခေါင်မိုးများပေါ်တွင် ပိတ်မိနေသည့် အသက်အရွယ်ကြီးသူများ၊ ကလေးငယ်များကို အသက်ကယ်လှေများ၊ လေယာဉ်များအသုံးပြု၍ ဦးစားပေးကယ်ဆယ်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# မျိုးသုဉ်းလုနီးပါး ကာကာပီငှက်မျိုးစိတ်ကို ၂၀၂၆ ခုနှစ်တွင် ဖန်ပြွန်သန္ဓေဖြင့် သားဖောက်နိုင်ရေး စီစဉ်သွားမည်

**ဝယ်လင်တန် မေ ၂၃**

နယူးဇီလန်နိုင်ငံတွင် မျိုးသုဉ်းလုနီးပါး ကာကာပီငှက်မျိုးစိတ်ကို ၂၀၂၆ ခုနှစ်တွင် ဖန်ပြွန်သန္ဓေဖြင့် သားဖောက်နိုင်ရေး စီစဉ်သွားမည်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ ငှက်မျိုးစိတ်ထိန်းသိမ်းရေးဌာနက ထုတ်ပြန်ခဲ့သည်ဟု မေ ၂၂ ရက် သတင်းများအရ သိရသည်။

အဆိုပါ ကာကာပီငှက်သည် ဇီးကွက်မျက်နှာရှိသော ကြက်တူရွေးငှက်မျိုးစိတ်ဖြစ်ပြီး ကြက်တူရွေး ငှက်မျိုးစိတ်များထဲတွင် အလေးဆုံးနှင့် မပျံသန်းနိုင်သော ကြက်တူရွေးဖြစ်ကြောင်း၊ ၎င်းမျိုးစိတ်များ ဥဥရာတွင်လည်း ငှက်ဥငါးလုံးတွင် နှစ်ကောင်ခန့်သာ အကောင်ပေါက်ကြောင်း၊ အဆိုပါငှက်များသည် ၁၉၉၀ ပြည့်လွန် နှစ်များကတည်းက အရေအတွက် နည်းပါးလာပြီး ၂၀၁၉ ခုနှစ်တွင် မျိုးသုဉ်းလုနီးပါး မျိုးစိတ်စာရင်းဝင်ခဲ့ကာ ကောင်ရေအားဖြင့် ၁၄၂ ကောင်သာ ကျန်ရှိတော့ကြောင်း သိရသည်။

"သားဖောက်ရခက်တဲ့ ကာကာပီငှက်တွေကို ၂၀၂၆ ခုနှစ်မှာ ဖန်ပြွန်သန္ဓေသားနဲ့ သားဖောက်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။ အလွန်အကျွံဖမ်းဆီးတာ၊ ရာသီဥတုဖောက်ပြန်တာ၊ နေထိုင်ရာဒေသဆုံးရှုံးတာတွေက ကာကာပီငှက်မျိုးစိတ်တွေမျိုးသုဉ်းရတဲ့ အဓိကအကြောင်းရင်းတွေပါ"ဟု နယူးဇီလန်နိုင်ငံ ငှက်မျိုးစိတ်ထိန်းသိမ်းရေးဌာနမှ သိပ္ပံအကြံပေး ဒေါက်တာအန်ဒရူးဒစ်ဘီက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများကြောင့် အမေဇုန်သစ်တောအပါအဝင် စုစုပေါင်းသစ်တောဟက်တာ သန်း ၃၀ ဆုံးရှုံးခဲ့ရ

**ဘရာဇီးလီးယား မေ ၂၃**



၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်ခဲ့ပြီး ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောအပါအဝင် စုစုပေါင်းသစ်တော သန်း ၃၀ ဆုံးရှုံးခဲ့ရကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီအခြေစိုက် World Resources Institute မှ သုတေသီများက သုတေသနပြုဖော်ထုတ်ခဲ့သည်ဟု မေ ၂၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောတွင် တောမီးလောင်ကျွမ်းမှုအကြိမ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း၊ ဘိုလီဗီးယားနိုင်ငံအတွင်းရှိ အမေဇုန်သစ်တောကြိုးဝိုင်းတွင်လည်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဆုံးရှုံးခဲ့ရပြီး ကနေဒါနိုင်ငံတွင်လည်း တောမီးလောင်ကျွမ်းမှုများကြောင့် သစ်တောမြေ အမြောက်အမြားဆုံးရှုံးခဲ့ရကြောင်း၊ ထို့ပြင် လက်တင်အမေရိကနိုင်ငံများတွင် တောမီး လောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဆုံးရှုံးခဲ့ရကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ်အတွင်း တောမီး လောင်ကျွမ်းမှုကြောင့် စုစုပေါင်း သစ်တောဟက်တာ သန်း ၃၀ ရှိခဲ့ကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"၂၀၂၄ ခုနှစ်အတွင်း ဘရာဇီးနိုင်ငံရဲ့ အမေဇုန်သစ်တောအပါအဝင် လက်တင်အမေရိက နိုင်ငံတွေနဲ့ နိုင်ငံတချို့မှာဖြစ်ပေါ်ခဲ့တဲ့ တောမီးလောင်ကျွမ်းမှုတွေနဲ့ပတ်သက်ပြီးတော့ သုတေသနပြုလုပ်ခဲ့ရာမှာ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ပါတယ်။ ရာသီဥတုလွှန်ကဲမှုကြောင့် သစ်တောတွေပျက်စီးလာပြီး သစ်တောကြိုးဝိုင်းတွေပျက်စီးဆုံးရှုံးမှုကြောင့် ရာသီဥတုလွှန်ကဲမှုတွေ ဆက်လက်ဖြစ်ပေါ်လာနိုင်တယ်။ သုတေသီအဖွဲ့အနေနဲ့လဲ အတတ်နိုင်ဆုံး ရာသီဥတုလွှန်ကဲမှုကို တုံ့ပြန်ဖို့အတွက် နည်းလမ်းတွေကိုရှာဖွေပေးနေပါတယ်။ ရာသီဥတုလွှန်ကဲမှုတွေကို အမြန်ဆုံးထိန်းချုပ်နိုင်မှ အခုလိုသစ်တောတွေ ပျက်စီးဆုံးရှုံးတဲ့အရေးကနေ ကျော်ဖြတ်နိုင်မှာဖြစ်ပါတယ်"ဟု World Resources Institute မှသုတေသီ မက်သရူးဟန်ဆင်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ပါပူအာစီရင်စုတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဒေသခံ ၁၀ ဦး သေဆုံးကာ ၁၀ ဦး ပျောက်ဆုံးနေ

**ဂျကာတာ မေ ၂၃**

အင်ဒိုနီးရှားနိုင်ငံ ပါပူအာစီရင်စုရှိ ကာတူဘောဒေသတွင် မေ ၂၁ ရက်က ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် ဒေသခံ ၁၀ ဦးသေဆုံးကာ ပျောက်ဆုံးသူ ၁၀ ဦးရှိနေကြောင်း အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီ(Basarnas)က ထုတ်ပြန်ခဲ့သည်ဟု မေ ၂၂ ရက် သတင်းများတွင်ဖော်ပြထားသည်။

သေဆုံးသူ ၁၀ ဦးမှာ ခြောက်ဦးကို အမည်ဖော်ထုတ် အတည်ပြုနိုင်ပြီဖြစ်သော်လည်း ကျန်လေဦးကိုမူ စိစစ်နေဆဲဖြစ်ကြောင်း၊ ပျောက်ဆုံးနေသူများကိုလည်း အမြန်ဆုံးရှာဖွေပေးနိုင်အောင် ဆောင်ရွက်နေဆဲဖြစ်ပြီး မိုးရွာသွန်းနေဆဲဖြစ်သည့်အတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲရှိနေကြောင်း၊ မေ ၁၆ ရက်ကလည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၎င်းဧရိယာတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ပြီး ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ရှာဖွေကယ်ဆယ်ရေး ဝန်ထမ်းအင်အား ၁၂၇ ဦးဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီ(Basarnas) က ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"ကာတူဘောဒေသမှာ မြေပြိုကျမှုအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့ ပြည်သူ ၂၄ ယောက်ရှိပါတယ်။ ၁၀ ယောက်သေဆုံးခဲ့ပြီး ၁၀ ယောက် ပျောက်ဆုံးနေပါတယ်။ လေးယောက်ကတော့ အသက်ရှင်လွတ်မြောက်ခဲ့ပါတယ်။ ပျောက်ဆုံးနေသူတွေကို အမြန်ဆုံးရှာဖွေပေးနေပြီး ရှာဖွေကယ်ဆယ်ရေး ဝန်ထမ်းအင်အား ၁၂၇ ယောက်နဲ့ ကယ်ဆယ်ရေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်။ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်ပေးနေတဲ့ ဝန်ထမ်းတွေကိုလဲ ဒေသခံတွေက ကူညီပေးနေပါတယ်။ ဒေသခံတွေအနေနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့စက်ယန္တရားတွေအပြင် အခြားကိရိယာပစ္စည်းတွေကို ကူညီပေးကြပါတယ်။ ပျောက်ဆုံးနေသူတွေကို အမြန်ဆုံးရှာဖွေတွေ့ရှိအောင်လဲ ရှာဖွေကယ်ဆယ်ရေးဝန်ထမ်းတွေ မနားမနေ ဆောင်ရွက်ပေးနေပါတယ်"ဟု အမျိုးသားရှာဖွေရေးနှင့် ကယ်ဆယ်ရေးအေဂျင်စီ (Basarnas)မှ ပြောရေးဆိုခွင့်ရှိသူ ဆာဘာရက်ဒင်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ဂရိနိုင်ငံ ခရိကျွန်းတွင် ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်

**အေသင် မေ ၂၃**

ဂရိနိုင်ငံ ခရိကျွန်းတွင် မေ ၂၂ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂရိနိုင်ငံ ခရိကျွန်းတွင် မေ ၂၂ ရက် နံနက် ၆ နာရီ ၁၉ မိနစ်က ဟာရက်ခါလိုင်းယွန်းမြို့မှ ၇၉ ကီလိုမီတာအကွာတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ငလျင်လှုပ်ခတ်မှုသည် နွေရာသီ ခရိကျွန်းပေါ်တွင် အားလပ်ရက် အပန်းဖြေနေသည့် ဒေသခံများနှင့် ခရီးသွားများကို ထိတ်လန့်တုန်လှုပ်စေခဲ့ကြောင်း၊ ငလျင်သည် စက္ကန့်ပိုင်းခန့် လှုပ်ခါနေခဲ့ကြောင်း၊ လက်ရှိတွင် လူနေအဆောက်အအုံနှင့် အခြေခံ အဆောက်အအုံ ပျက်စီးမှုအခြေအနေကို မသိရသေးကြောင်း၊ လူသေဆုံးမှုမရှိသော်လည်း ထိခိုက်ဒဏ်ရာရသူများရှိကြောင်း ဂရိနိုင်ငံ အရေးပေါ်ကယ်ဆယ်ရေးနှင့် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ဂရိနိုင်ငံသည် ဥရောပ၏ ငလျင်လှုပ်ခတ်မှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခုလှုပ်ခတ်ခဲ့သောငလျင်သည် အနည်းငယ်ပြင်းထန်သည့်အတွက် ဒေသခံများနှင့် အလည်အပတ်လာရောက်သူခရီးသွားများကို နောက်ထပ် ငလျင်ငယ်များ လှုပ်ခတ်နိုင်သည့်အတွက် ငလျင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

M L

# တနင်္ဂနွေနေ့ညကစားမဲ့ ရာသီပိတ်ပွဲစဉ်တွေမှာ ရမှတ်လိုအပ်ချက်ရှိနေတဲ့ ချဲလ်ဆီးအသင်း၊ ဖီအိုရင်တီးနားအသင်း၊ အမ်ပိုလီအသင်းတို့ကို အားပေးရမှာပါ



တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်၊ လာလီဂါနဲ့ စီးရီးအေက ရာသီပိတ်ပွဲစဉ်တွေ ကစားမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်တနင်္ဂနွေနေ့ညမှာတော့ ပရီးမီးယားလိဂ်နဲ့ လာလီဂါကရမှတ်လိုအပ်ချက်ရှိတဲ့ အသင်းတွေအားလုံးအနိုင်ရခဲ့ပေမဲ့ စီးရီးအေပြိုင်ပွဲမှာတော့ ချန်ပီယံဆုအတွက် အပြိုင်ကစားခဲ့ကြတဲ့ အင်တာမီလန်နဲ့ နာပိုလီတို့ ရမှတ်ဆုံးရှုံးခဲ့ပြီး အိမ်ရှင်အသင်းတွေ အများစု နိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ ဒီတစ်ပတ်မှာတော့ ပရီးမီးယားလိဂ်နဲ့ လာလီဂါကချန်ပီယံအသင်းပေါ်ထွက်ခဲ့တာကြောင့် တန်းဆင်းဇုန်နဲ့ ဥရောပဝင်ခွင့်အတွက် ယှဉ်ပြိုင်ရမှာဖြစ်ပြီး စီးရီးအေကတော့ ချန်ပီယံဆုအပါအဝင် တန်းဆင်းဇုန်နဲ့ ဥရောပဝင်ခွင့်အတွက်ပါ အကြိတ်အနယ်ကစားရမှာဖြစ်ပါတယ်။ လာမဲ့ တနင်္ဂနွေညမှာတော့ ရမှတ်လိုအပ်ချက်ရှိနေတဲ့ အသင်းတွေထဲကချဲလ်ဆီး၊ ဖီအိုရင်တီးနား၊ အမ်ပိုလီအသင်းတို့ကို အားပေးရမှာဖြစ်ပါတယ်။

## ချဲလ်ဆီးအသင်းကိုရွေးရမှာပါ

ပရီးမီးယားလိဂ် နောက်ဆုံးပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ နော်တင်ဟမ်အသင်းနဲ့ ချဲလ်ဆီးအသင်းတို့ ပွဲစဉ်ပဲ ဖြစ်ပါတယ်။ အခုရာသီ နည်းပြဆန်းတို့စ်လက်အောက်မှာ ပုံစံကောင်းရနေတဲ့ နော်တင်ဟမ်အသင်းအနေနဲ့ ပွဲစဉ်(၃၇) အပြီးမှာ ရမှတ် ၆၅ မှတ် ရခဲ့တာကြောင့် အဆင့်(၇) နေရာကနေဥရောပဝင်ခွင့်ရဖို့ မျှော်လင့်ချက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အဆင့်(၆) က အေဗီလာ၊ အဆင့်(၅) က ချဲလ်ဆီး၊ အဆင့်(၄) က နယူးကာဆယ်အသင်းတို့နဲ့ ရမှတ်တစ်မှတ်သာကွာဟနေတာကြောင့် အခုပွဲမှာနိုင်ပွဲရခဲ့ရင် ဥရောပဝင်ခွင့်ရဖို့ သေချာမှာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဧပြီလမှာကစားခဲ့တဲ့ မန်စီးတီးနဲ့ အက်ဖ်အေဖလားမှာရှုံးခဲ့ပြီးနောက်ပိုင်း အမှတ်ပေးပွဲ သုံးပွဲဆက် နိုင်ပွဲမရခဲ့တာကြောင့် လက်ရှိအချိန်မှာ ဥရောပဝင်ခွင့်အတွက် ရုန်းကန်နေရတာကို သတိပြုရမှာပါ။ လက်ရှိမှာ အသင်းတိုက်စစ်မှူး အေရွန်နီရီကလွဲရင် ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်ပေမဲ့ ခံစစ်ကစားပုံကျဆင်းလာမှုက အသင်းရဲ့ရလဒ်ကို ထိခိုက်စေတာကြောင့် အခုပွဲမှာ ခံစစ်ကစားပုံမပြင်နိုင်ရင်တော့ ချဲလ်ဆီးအသင်းကို ထိန်းချုပ်ကစားဖို့ မဖြစ်နိုင်ပါဘူး။

ချဲလ်ဆီးအသင်းအနေနဲ့ နည်းပြမာရက်စ်ကာလက်အောက်မှာ အဓိကကစားသမားတွေဒဏ်ရာရသွားချိန် ရလဒ်ပိုင်းကျဆင်းသွားတာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရမှသာချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ မျှော်လင့်ရမှာပါ။ ပရီးမီးယားလိဂ်ဟာ လာမဲ့ရာသီမှာချန်ပီယံလိဂ်ဝင်ခွင့် ငါးနေရာရရှိမှာဖြစ်ပေမဲ့ စပါးအသင်းကယူရိုပါလိဂ်ဖလားရခဲ့လို့ ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာရခဲ့တာကြောင့် ချဲလ်ဆီးအသင်းအနေနဲ့ အဆင့်(၄) နေရာနဲ့ အဆုံးသတ်မှသာ ချန်ပီယံလိဂ်ဝင်ခွင့်ရမှာဖြစ်ပါတယ်။ ချဲလ်ဆီးအသင်းဟာ ပွဲစဉ် (၃၇) အပြီးမှာ ရမှတ် ၆၆ မှတ်ရခဲ့ပေမဲ့ နယူးကာဆယ်အသင်းနဲ့ရမှတ်တူ၊ ဂိုးကွာခြားနေတာကြောင့် အဆင့်(၅) နေရာမှာ ရောက်ရှိနေလို့ အခုပွဲစဉ်မှာ နော်တင်ဟမ်အသင်းကိုအနိုင်ရမှ ဖြစ်မှာပါ။

လက်ရှိမှာတော့ တိုက်စစ်မှူးဂျက်ဆန်၊ အန်ကူကူ၊ ဂူယူ၊ ကေးလ်မန်း၊ ဖိုဖန်နာတို့ကလွဲရင် ကျန်ကစားသမားအားလုံး ပါဝင်နိုင်မှာဖြစ်လို့ နော်တင်ဟမ်လို ခံစစ်ပိုင်းကျဆင်းနေတဲ့ အသင်းကိုဖိအားပေးနိုင်မှာ သေချာတာကြောင့် ချဲလ်ဆီးအသင်းကိုပဲရွေးရမှာပါ။

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | |
|---|---|---|---|
| နော်တင်ဟမ် | ၀ - ၂ | မန်စီးတီး |
| နော်တင်ဟမ် | ၀ - ၂ | ဘရန့်ဖို့ဒ် |
| ပဲလေ့စ် | ၁ - ၁ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၂ - ၂ | လက်စတာ |
| ဝက်စ်ဟမ်း | ၁ - ၂ | နော်တင်ဟမ် |

**ချဲလ်ဆီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဒီဂျာဂါးဒန်း | ၁ - ၄ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၃ - ၁ | နော်တင်ဟမ် |
| ချဲလ်ဆီး | ၁ - ၀ | ဒီဂျာဂါးဒန်း |
| နယူးကာဆယ် | ၂ - ၀ | ချဲလ်ဆီး |
| ချဲလ်ဆီး | ၁ - ၀ | မန်ယူ |

## ဖီအိုရင်တီးနားအသင်းရလဒ်ကောင်းမှာပါ

စီးရီးအေရာသီပိတ်ပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ အူဒီးနီးစ် အသင်းနဲ့ ဖီအိုရင်တီးနားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ ဖီအိုရင်တီးနားကအိမ်ကွင်းမှာ အူဒီးနီးစ် အသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ စီးရီးအေပွဲစဉ် (၃၇) အပြီးမှာ အူဒီးနီးစ်ဟာရမှတ် ၄၄ မှတ်ထိ ရခဲ့တာကြောင့် အဆင့်(၁၂) မှာ ရပ်တည်နိုင်ခဲ့ပြီးတန်းဆင်းဇုန်က လွတ်မြောက်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီအိမ်ကွင်း ၁၈ ပွဲမှာ ရှစ်ပွဲထိရှုံးခဲ့ပြီးရမှတ် ၂၄ မှတ် ရခဲ့တာကြောင့် အိမ်ကွင်းဆိုးရွားတဲ့အသင်းတွေထဲမှာပါနေတာ ဖြစ်ပါတယ်။ နည်းပြရန်ဂျာအိခ်ကတော့ နောက်တန်းလေးယောက်ထား အသုံးပြုချိန်မှာ ရလဒ်တွေကောင်းခဲ့တာဖြစ်ပေမဲ့ အဓိက ကစားသမား တချို့ ဒဏ်ရာရပြီးနောက်ပိုင်း အမှတ်ပေးပွဲ ၁၀ ပွဲဆက်မှာ ကက်ဂလီယာရီတစ်သင်းကိုသာ အနိုင်ရခဲ့ပြီးခံစစ်ပိုင်းကလဲ ပွဲတိုင်းပေးဂိုးရှိခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာလဲ သူဗင်၊ လိုရစ်၊ ကာမာရာတို့လိုကစားသမားတွေ အပါအဝင် ကစားသမားရှစ်ဦးထိဒဏ်ရာရနေတာကြောင့် ရမှတ်လိုအပ်နေတဲ့ ဖီအိုရင်တီးနားအသင်းကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့ မဖြစ်နိုင်ပါဘူး။

ဖီအိုရင်တီးနားအသင်းဟာအခုရာသီမှာဒီဂီယာ၊ ဂိုဆန်၊ ဂတ်မန်ဆန်၊ ဇန်နီအိုလို၊ ဖာဂျီအိုလီတို့လို ကစားသမားကောင်းတွေဖြည့်တင်းနိုင်ခဲ့တာကြောင့် ရလဒ်ပိုင်းတိုးတက်လာတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့ အသင်းဟာ ကွန်ဖရင့်လိဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်ထိရောက်ခဲ့ပြီး ဘက်တစ်အသင်းကို အချိန်ပိုသွင်းဂိုးနဲ့ ရှုံးခဲ့လို့ ပြိုင်ပွဲကထွက်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိပွဲစဉ် (၃၇) အပြီးမှာတော့ ၁၈ ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ၁၁ ပွဲရှုံးနဲ့ ရမှတ် ၆၂ မှတ်ရခဲ့တာကြောင့် အဆင့်(၇) မှာ ရပ်တည်နေပြီး ဥရောပဝင်ခွင့် မျှော်လင့်ချက်ရှိနေတာကိုတွေ့ရမှာပါ။ ဒ့ါပြင် အဆင့်(၆) က လာဇီယိုနဲ့ ရမှတ် သုံးမှတ်ကွာနေတာကြောင့် အခုပွဲကိုအနိုင်ရခဲ့ရင် ဥရောပဝင်ခွင့်ရဖို့ သေချာပါတယ်။ အခုပွဲမှာလဲ ဂတ်မန်ဆန်ကလွဲရင် အဓိကကစားသမားတွေအားလုံး ပါဝင်ကစားမယ်ဆိုရင် အိမ်ကွင်း ကစားပုံအားနည်းချက်ရှိတဲ့ အူဒီးနီးစ်ကိုပွဲချိန်ပြည့် ထိန်းချုပ်နိုင်မှာပါ။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ ဘိုလော့နာကိုအနိုင်ရခဲ့တဲ့ပွဲကခြေစွမ်း အတိုင်းကစားနိုင်မယ်ဆိုရင်တော့ အူဒီးနီးစ်အသင်းကိုနိုင်ပွဲရဖို့ မခက်တာကြောင့် အခုပွဲမှာဖီအိုရင်တီးနားအသင်းပဲ ရလဒ်ကောင်းမှာပါ။

**အူဒီးနီးစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| တိုရီနို | ၂ - ၀ | အူဒီးနီးစ် |
| အူဒီးနီးစ် | ၀ - ၀ | ဘိုလော့နာ |
| ကက်ဂလီယာရီ | ၁ - ၂ | အူဒီးနီးစ် |
| အူဒီးနီးစ် | ၁ - ၂ | မွန်ဇာ |
| ဂျူဗင်တပ် | ၂ - ၀ | အူဒီးနီးစ် |

**ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဘက်တစ် | ၂ - ၁ | ဖီအိုရင်တီးနား |
| ရိုးမား | ၁ - ၀ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၂ - ၂ | ဘက်တစ် |
| ဗီနီဇီယာ | ၂ - ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၃ - ၂ | ဘိုလော့နာ |

## အမ်ပိုလီအသင်းနဲ့ လက်တွဲရမှာပါ

စီးရီးအေနောက်ဆုံးပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ အမ်ပိုလီနဲ့ ဗီရိုနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အမ်ပိုလီအသင်းဟာ ၂၀၂၁ ခုနှစ်မှာ စီးရီးအေကိုတန်းတက်ပြီး နောက်ပိုင်းတန်းမဆင်းရတော့ဘဲ စီးရီးအေမှာကစားခွင့်ရနေတာကို တွေ့ရမှာပါ။ အခုရာသီမှာတော့ အသင်းကအဓိက ကစားသမားတွေကိုသာ ဆက်လက် ထိန်းသိမ်းပြီးကစားသမားသစ်ခေါ်ယူနိုင်ခြင်းမရှိလို့ ခြေစွမ်းပိုင်း တည်ငြိမ်မှုမရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိပွဲစဉ်(၃၇)အပြီးမှာတော့ ခြောက်ပွဲနိုင်၊ ၁၃ ပွဲသရေ၊ ၁၈ ပွဲရှုံးရလဒ်နဲ့ အဆင့်(၁၈) ရောက်နေပြီး တန်းဆင်းဇုန်အန္တရာယ်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ အဆင့်(၁၇) က လက်ချီနဲ့ ရမှတ်တူနေသလို အဆင့်(၁၆) က ပါးမားနဲ့ကလဲရမှတ် နှစ်မှတ်သာကွာဟနေတာကြောင့် အခုပွဲကိုအနိုင်ရခဲ့ရင် တန်းဆင်းဇုန်က လွတ်မှာသေချာပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းလေးပွဲမှာ လာဇီယိုအသင်းကိုသာရှုံးခဲ့ပြီး ပါးမားကိုနှစ်ဂိုး တစ်ဂိုး၊ ဗီနီဇီယာကိုနှစ်ဂိုးစီသရေ၊ ကက်ဂလီယာရီကိုဂိုးမရှိသရေထွက် ပေါ်ခဲ့တာကြောင့် ဗီရိုနာကိုတော့ ဖိအားပေးနိုင်မှာသေချာပါတယ်။

ဗီရိုနာအသင်းဟာစီးရီးအေပွဲစဉ် (၃၇) အပြီးမှာ ကိုးပွဲနိုင်၊ ခုနစ်ပွဲ သရေ၊ ၂၁ ပွဲရှုံးခဲ့တာကြောင့် ရမှတ် ၃၄ မှတ်နဲ့ အဆင့်(၁၅) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းကလဲ ၂၀၁၉ ခုနှစ်က စီးရီးအေကို ရောက်ရှိပြီးနောက်ပိုင်း တန်းမဆင်းရတော့တာကို တွေ့ရမှာပါ။ ဗီရိုနာဟာကစားသမားကောင်းတွေ ပေါ်ထွက်ခဲ့ပေမဲ့ ဘဏ္ဍာရေးလိုအပ်ချက်ကြောင့် ရောင်းချခဲ့လို့ အသင်းအနေနဲ့ ရလဒ်ပိုင်း တည်ငြိမ်မှုမရှိဘူးလို့ ဆိုရမှာပါ။ အခုနှစ်မှာတော့ ကစားသမားကောင်းတွေ ဖြည့်တင်းနိုင်မှုမရှိခဲ့လို့ အသင်းကြီးတွေနဲ့ ပွဲမှာ ပေးဂိုးတွေများခဲ့ပြီး ခြေရည်တူအသင်းတွေကိုတောင် နိုင်ပွဲရဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ သူတို့အသင်းကလဲ ရမှတ် ၃၄ မှတ် ရထားပေမဲ့ ဇယားအောက်က အသင်းတွေအားလုံးနိုင်ပွဲရပြီး အခုပွဲကိုရှုံးခဲ့မယ်ဆိုရင်တော့ တန်းဆင်းရနိုင်တဲ့ အခြေအနေရှိတာကို တွေ့ရမှာပါ။ အခုရာသီအဝေးကွင်း ၁၈ ပွဲအပြီးမှာတော့ ရမှတ် ၁၇ မှတ်သာ ရခဲ့သလို ခံစစ်ကပေးဂိုး ၂၉ ဂိုးထိရှိခဲ့တာကိုကြည့်ရင် အဝေးကွင်းခြေစွမ်းပိုင်း ဆိုးရွားတာကိုသတိပြုရမှာပါ။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ အမ်ပိုလီက လေးဂိုးတစ်ဂိုးနိုင်ပွဲရခဲ့သလို လက်ရှိမှာလဲ အိမ်ကွင်းကစားအားကောင်းနေတာကြောင့် ဗီရိုနာလိုအဝေးကွင်း ခြေစွမ်းပိုင်း အားနည်းတဲ့ အသင်းကိုပွဲချိန်ပြည့် ဖိအားပေးကစားနိုင်မှာဖြစ်လို့ အိမ်ရှင်အမ်ပိုလီအသင်းနဲ့ပဲ လက်တွဲရမှာပါ။


**အမ်ပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ဘိုလော့နာ | ၂ - ၁ | အမ်ပိုလီ |
| ဖီအိုရင်တီးနား | ၂ - ၁ | အမ်ပိုလီ |
| အမ်ပိုလီ | ၀ - ၁ | လာဇီယို |
| အမ်ပိုလီ | ၂ - ၁ | ပါးမား |
| မွန်ဇာ | ၁ - ၃ | အမ်ပိုလီ |

**ဗီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | |
|---|---|---|
| ရိုးမား | ၁ - ၀ | ဗီရိုနာ |
| ဗီရိုနာ | ၀ - ၂ | ကက်ဂလီယာရီ |
| အင်တာမီလန် | ၁ - ၀ | ဗီရိုနာ |
| ဗီရိုနာ | ၁ - ၁ | လက်ချီ |
| ဗီရိုနာ | ၁ - ၁ | ကိုမို |




## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **တကောင်း**ရပ်ကွက်၊ အကွက်အမှတ်(၉/၂၅)၊ အကွက်အမည် **တကောင်း**ကွင်း၊ ဦးပိုင်အမှတ် (၇-ခ)၊ ဧရိယာ(၀.၀၂၅)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၇-ဃ)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၇-စ)
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၇-င)
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်အေးအေးကြည်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ ဇွန်လ(၂၁)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပန်းဘဲတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် **ဆင်များရှင်**ကွင်း၊ ဦးပိုင်အမှတ်(၂၈/ခ-၂)၊ ဧရိယာ(၀.၅၆၂)ဧကရှိသည့်အနက်မှ ဧရိယာ(၀.၀၃၇)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - လမ်း
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်-၂၈/ခ-၂ ကျန်မြေ
(ဂ) တောင်လားသော် - လမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၂၈/ခ-၂ ကျန်မြေ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးဝင်းဆွေဦး + ဒေါ်အေးအေးမြင့်**တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ ဇွန်လ(၂၁)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**




## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-မြို့မကျောင်းမှ Grade-4 တန်းတွင် ပညာသင်ကြားနေသော မောင်လွှမ်းပိုင်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းနိုင်စိုးနှင့် ဒေါ်သန်းသန်းအေးဖြစ်ပါကြောင်း။

**ဦးဝင်းနိုင်စိုး(၉/ကဆန(နိုင်)၁၈၃၁၉၇)**
**ဒေါ်သန်းသန်းအေး(၉/ကဆန(နိုင်)၀၅၇၀၇၀)**

## အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ခွန်တောင်းကြီးကျေးရွာ၊ အထကခွဲ Grade-7 တွင် ပညာသင်ကြားမည့် (ဘ) ဦးကျော်သီဟ၏ သမီး မနွေယမုံသင်းအား မယမုံသင်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မယမုံသင်း**

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ လက်ပံချိုင့်ကျေးရွာနေ အလက(ခန်လူး) နဝမတန်းတွင် ပညာသင်ကြားနေသော မခင်နှင်းထွေး၏ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်ဖြစ်ပါကြောင်း။

**ဦးမျိုးမြင့်(၉/စကတ(နိုင်)၀၄၀၉၉၉)**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကန်တော်ရပ်နေ ဒေါ်ဒူရ်ကာဒေဝီ (ဘ) ဦးဒါလ်ဗဟာဒူး၏ ချက်တရီ(၉/မကန(နိုင်)၁၉၉၆၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-248243) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၆၅၀၀၀၁၆၆၅**

## ပျောက်ဆုံးကြောင်း

အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်နေ ဦးအဂ္ဂညာဏ (ဘ) ဦးကျော့ (၉/အမရ(သ)၀၀၁၈၅၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-781030) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **၀၉-၄၄၆၂၇၃၃၇၆**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်)အဖွဲ့လိုက်ရဲ့လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေကနေ ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်း ဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်းဆောင်ရွက်ကြဖို့ လိုပါတယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ကျရောက်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း ၉ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အထူးကုသမှုစင်တာတို့၌ ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှုအားပေး



နေပြည်တော် မေ ၂၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အထူးကုသမှုစင်တာတို့၌ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စာမျက်နှာ ၁၉ ကော်လံ ၁ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

